# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၄ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့်ကျော် (၂) ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (9-11-2022) ၊ အတွဲ (၃၁) ၊ အမှတ် (၁၉၃)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# (၁၆)ကြိမ်မြောက် ပြင်ဦးလွင်မြို့ တန်ဆောင်တိုင်ပွဲတော်အောင်ပွဲအခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပ




(၁၆)ကြိမ်မြောက် ပြင်ဦးလွင်မြို့ တန်ဆောင်တိုင်ပွဲတော် အောင်ပွဲအခမ်းအနားကျင်းပစဉ်။

**မန္တလေး နိုဝင်ဘာ ၈**

၂၀၂၂ ခုနှစ် (၁၆) ကြိမ်မြောက် ပြင်ဦးလွင်မြို့ တန်ဆောင်တိုင်ပွဲတော် အောင်ပွဲအခမ်းအနားကို ၁၃၈၄ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက် ၂၀၂၂ ခုနှစ် ယနေ့ညနေပိုင်းတွင် ပြင်ဦးလွင်မြို့ ဓမ္မရတီကုန်းမြေပေါ်တွင် တည်ထားကိုးကွယ်လျက်ရှိသော မဟာအံ့ထူးကံ့သာဆုတောင်းပြည့်ဘုရားကြီး (ပြည်ချစ်ဘုရား)အနီးရှိ မီးပုံးပျံကွင်းအတွင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကိုးအလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ တပ်မတော်အရာရှိကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြင်ဦးလွင်ခရိုင်၊ မြို့နယ်အခြေခံပညာကျောင်းများမှ ဆရာ၊ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊မီးပုံးပျံပညာရှင်များ၊ဖိတ်ကြားထားသူများ၊ ဒေသခံပြည်သူများနှင့် ရပ်နီးရပ်ဝေးမှ ခရီးသွားဧည့်သည်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံကျော်အနုပညာရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ ကျောင်းသား၊ ကျောင်းသူလေးများက "ပြင်ဦးလွင်မီးပုံးပျံပွဲတော်" သီချင်းဖြင့် "ပြင်ဦးလွင်မှ ကြိုဆိုပါ၏" စာတန်းဖြင့် သရုပ်ဖော်ဖျော်ဖြေကပြတင်ဆက်ပြီး အောင်ပွဲအထိမ်းအမှတ်အဖြစ် ပွဲတော်ကျင်းပရေးဦးစီးကော်မတီမှ လွှတ်တင်မည့်မီးပုံးပျံကို နာယကကြီးများ၊ ဦးစီးကော်မတီများ၊ လုပ်ငန်းကော်မတီများမှ မီးစာထွန်းညှိ၍ မီးပုံးပျံလွှတ်တင်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပွဲတော်အောင်မြင်ခြင်းအထိမ်းအမှတ် အမှာစကားပြောကြားသည်။ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက မီးပုံးပျံပြိုင်ပွဲနှင့် အားကစားပွဲများတွင် ဆုရရှိသူများကို ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြပြီး အောင်ပွဲအထိမ်းအမှတ်အဖြစ် မီးရှူးမီးပန်းများ ပစ်ဖောက်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ(၁၆)ကြိမ်မြောက် ပြင်ဦးလွင်တန်ဆောင်တိုင်ပွဲတော်ကို နိုဝင်ဘာ ၄ ရက်မှ ယနေ့ထိ ကျင်းပခဲ့ရာ ပွဲတော်ကာလ၌ မဟာအံ့ထူးကံ့သာဘုရားအား

**စာမျက်နှာ ၁၇ ကော်လံ ၄ ☞**




ရတနာပုံ

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၉ ရက်

အယ်ဒီတာ့အာဘော်

# လူ့ဘောင်အဖွဲ့အစည်းအကျိုးပြုရေး ရှေးရှုဆောင်ရွက်

သတ္တဝါအားလုံးထဲတွင် လူသည် အသိဉာဏ်အရှိဆုံးသတ္တဝါဖြစ်သည်။ ထို့ပြင် လူသည် တစ်ဦးတစ်ယောက်တည်း သီးခြားရပ်တည်၍မရပေ။ မိမိပတ်ဝန်းကျင်မှအစပြု၍ အဖွဲ့အစည်းတစ်ရပ်ထိ တွေ့ထိဆက်ဆံရသည်။ အတူလက်တွဲအလုပ်လုပ်ရသည်။ ထို့အတွက် ကြုံတွေ့လာရသည့် ပြဿနာကိစ္စရပ်တိုင်း ညှိနှိုင်းအဖြေရှာဆောင်ရွက်ကြရသည်မှာ နေ့စဉ်ကိစ္စရပ်တစ်ခုပင်ဖြစ်လေသည်။

လူသားတစ်ဦးဖြစ်လာသည့်အတွက် သူတစ်ပါးအပေါ် ငဲ့ညှာမှု၊ စာနာထောက်ထားမှုစသည့် ကိုယ်ချင်းစာတရား ထားရှိရမည်ဖြစ်သကဲ့သို့ သူတစ်ပါး၏ ကောင်းကျိုးလိုလားခြင်း၊ ဘေးရန်ကင်းပအောင် ဆောင်ရွက်ပေးခြင်း စသည့်မေတ္တာတရားလည်း ထားရှိကြရမည်ဖြစ်သည်။ ကိုယ်ချင်းစာတရား၊ မေတ္တာတရားတို့ကို ကာယကံမြောက်၊ ဝစီကံမြောက်၊ မနောကံမြောက် ဆောင်ရွက်နိုင်ကြမည်ဆိုပါက ဤလူ့ဘောင်သည် အစဉ်ကောင်းကျိုးဖြစ်ထွန်းပြီး ငြိမ်းချမ်းနေမည်သာဖြစ်သည်။

လက်ရှိတွင် **NUG**၊ **CRPH** နှင့် **PDF** အမည်ခံ အကြမ်းဖက်အဖွဲ့အစည်းတို့၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် ပြည်သူအများ အေးချမ်းစွာမနေကြရပေ။ အထူးသဖြင့် ပညာရေး၊ ကျန်းမာရေးတို့ဖြင့် ဆက်နွယ်သော အဆောက်အအုံများဖျက်ဆီးခြင်း၊ ဝန်ထမ်းများကို သတ်ဖြတ်နေခြင်းသည် အကြံပက်စက် ဆန့်ကောလောက်မှ ဇောက်မနက်သည့်လုပ်ရပ်မျိုးဖြစ်သည်။ စာသင်ကျောင်းများ မီးရှို့ဖျက်ဆီးခြင်းသည် နိုင်ငံတော်အတွက် အားထားရမည့် လူငယ်များအတွက် အကြီးမားဆုံး အဟန့်အတားဖြစ်စေသည်။

နိုင်ငံသားတစ်ဦးသည် မိမိမှီတင်းနေထိုင်သော နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးကို ဆောင်ရွက်ရမည်မှာ သမိုင်းပေးတာဝန်တစ်ရပ်ပင်ဖြစ်သည်။ သမိုင်းပေးတာဝန်တစ်ရပ်ကိုကျေပွန်အောင် မဆောင်ရွက်နိုင်ပါက ခွင့်လွှတ်နားလည်မှုပေးနိုင်သော်လည်း နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ အကျိုးကို ပျက်စီးအောင်ဆောင်ရွက်ခြင်း၊ အကြမ်းဖက်မှုများလုပ်ဆောင်ခြင်းကိုမူ မည်သည့်လူ့ဘောင်အဖွဲ့အစည်းကမျှ ခွင့်လွှတ်ပေးနိုင်မည်မဟုတ်ပေ။ မိမိနိုင်ငံနှင့်မိမိလူမျိုးအပေါ် သစ္စာဖောက်သူအဖြစ်သာ ရှုမြင်ခံရမည်ဖြစ်သည်။

လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်၏ ကောင်းကျိုးကိုဆောင်ရွက်ရာတွင် သတိပြုရမည့်အချက်မှာ သတင်းတု၊ သတင်းမှားများအပေါ် မယုံကြည်ကြရန်နှင့် သွေးထိုးမြှောက်ပင့်လှုံ့ဆော်မှုတို့ကို ဆင်ခြင်တုံတရားလက်ကိုင်ထား၍ အသိတရားဖြင့်ရှုမြင်ရန်လိုအပ်သည်။ "ငါနှင့်မတူ ငါ့ရန်သူ"ဟူ၍ သဘောထားသေးသိမ်မှု အတွေးအမြင်ကို စွန့်လွှတ်ပြီး "ငါနှင့်မတူ ညှိနှိုင်းယူမည်"ဟူသော အတွေးအမြင်ကောင်းသောစိတ်ထားကို လက်ကိုင်ပြုသင့်ပေသည်။

သို့ဖြစ်ရာ ဤလူ့ဘောင်သာယာရေး၊ ဤလူ့ဘောင်အေးချမ်းရေး၊ ဤလူ့ဘောင်ဖွံ့ဖြိုးရေးတို့ကို လူသားကသာ ဆောင်ရွက်နိုင်ပေသည်။ ထို့အတူပင် ဤလူ့ဘောင်အဖွဲ့အစည်း ပျက်စီးစေရာကို လုပ်ဆောင်နိုင်သည်မှာလည်း လူသားပင်ဖြစ်သည်။ ထို့ကြောင့် လူ့ဘောင်အဖွဲ့အစည်း၏ကောင်းကျိုးကို ရှေးရှုဆောင်ရွက်သူကို အစဉ်ကမ်းလှမ်းကြိုဆိုရမည်ဖြစ်ပြီး လူ့ဘောင်အဖွဲ့အစည်းဖျက်ဆီးသူကို အရေးယူဆောင်ရွက်နိုင်ရန် ဆန့်ကျင်ရှုတ်ချ ဝိုင်းဝန်းဖော်ထုတ်ကြရမည်ဖြစ်ပါကြောင်း ရေးသားအပ်ပေသည်။

# မန္တလေးဆိပ်ကမ်းမှ ကသာ၊ ထီးချိုင့်နှင့် အခြားမြို့များသို့ ရှပ်ပြေးအမြန်ရေယာဉ်များဖြင့် ဆန်တင်ပို့မှု များပြားလျက်ရှိ



**မန္တလေး နိုဝင်ဘာ ၈**

မန္တလေး ဆိပ်ကမ်းမှ ကသာ၊ ထီးချိုင့်နှင့် အခြားမြို့များသို့ ရှပ်ပြေး အမြန်ရေယာဉ်များဖြင့် ဆန်တင်ပို့မှု များပြားလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍ သိရသည်။

ယခုအခါ မန္တလေးဆိပ်ကမ်းမှ ဆန်၊ ကြက်သွန်၊ ဆီ၊ ဆား၊ ငရုတ်၊ ငါးပိ၊ ငါးခြောက်အပါအဝင် အဝတ်အထည်၊ အခြားလူသုံးကုန်နှင့် အလှကုန်ပစ္စည်းများကို ရန်ကုန်၊ သပိတ်ကျင်း၊ ရွှေကူ၊ ကသာ၊ ထီးချိုင့်၊ ဗန်းမော်၊ မြစ်ကြီးနား စသည့်မြို့များသို့ တင်ပို့လျက်ရှိကြောင်း၊ ယခုအခါ မန္တလေးဆိပ်ကမ်းမှ ရှပ်ပြေးအမြန်ရေယာဉ်များဖြင့် ဆန်တင်ပို့မှု များပြားလာကြောင်း သိရသည်။

"အခု မန္တလေးဆိပ်ကမ်းကနေ အခြားမြို့တွေကို တင်ပို့တဲ့အထဲမှာ ကုန်ခြောက်နဲ့ အခြားစားသောက်ကုန်တွေတင်ပို့မှု ပြန်များလာတယ်။ ကျန်တဲ့အဝတ်အထည်တွေ၊ အလှကုန်နဲ့ လူသုံးကုန်ပစ္စည်းတွေက ပုံမှန်အနေအထားမှာရှိတယ်။ အခုက ကုန်စည်တင်ပို့တဲ့အခါ ကုန်တင်သင်္ဘောကြီးတွေ သွားလာနေတာတော့ရှိတယ်။ အခုနောက်ပိုင်းတော့ ကုန်တင်သင်္ဘောတွေထက် ရှပ်ပြေးအမြန်ရေယာဉ်တွေနဲ့ ကုန်စည်တင်ပို့မှုက တော်တော်လေးအားကောင်းလာတယ်"ဟု ဦးဝင်းမောင်က ပြောပြသည်။

မန္တလေးဆိပ်ကမ်းမှ ကသာ၊ ထီးချိုင့်၊ ဗန်းမော် စသည့်မြို့များသို့ အောက်တိုဘာလ နောက်ဆုံးပတ်က ဆန်တင်ပို့သည့် ရှပ်ပြေးအမြန်ရေယာဉ်မှာ တစ်ရက်လျှင် အစီးရေ ၂၀ ကျော်သာရှိခဲ့သော်လည်း ယနေ့မှစ၍ ဆန်တင်ပို့သည့် ရှပ်ပြေးအမြန်ရေယာဉ်အစီးရေ ၆၀ ကျော်ထိ ရှိလာကြောင်း သိရသည်။

မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ကသာ၊ ထီးချိုင့်နှင့် ဗန်းမော် စသည့်မြို့များသို့ ကုန်ပစ္စည်းများ တင်ပို့သည့် ကုန်တင်သင်္ဘော အစီးရေစုစုပေါင်း ၄၀၀ ကျော်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ သိရသည်။

(၁၈၄)

# မန္တလေးတိုင်းဒေသကြီး မြို့နယ် ၁၅ မြို့နယ်ရှိ တောင်သူများကို ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေကျပ်သိန်း ၉၀၀ ကျော်ထုတ်ချေးပေးပြီးဖြစ်

**မန္တလေး နိုဝင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲက ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီအတွက် မြို့နယ် ၁၅ မြို့နယ်ရှိ တောင်သူများကို စိုက်ပျိုးစရိတ်ချေးငွေကျပ်သိန်း ၉၀၀ ကျော်ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း အဆိုပါဘဏ်ခွဲမှ တိုင်းဒေသကြီးမန်နေဂျာ ဦးစိုးကိုကိုဝင်းက ပြောပြ၍ သိရသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲက မြို့နယ် ၁၅ မြို့နယ်ရှိ ဆောင်းသီးနှံ စပါးနှင့် အခြားသီးနှံစုစုပေါင်း စိုက်ဧက ၁၄၀၀၀ ကျော်အတွက် ငွေကျပ်သိန်း ၂၃၀၀၀ ကျော်ကို အောက်တိုဘာလမှစ၍ ထုတ်ချေးပေးလျက်ရှိရာ ယနေ့ထိ စိုက်ဧက ၉၃၇ ဧက အတွက် ချေးငွေကျပ်သိန်း ၉၀၀ ကျော်ကို ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း သိရသည်။

"ဘဏ်က တောင်သူတွေ အကျိုးစီးပွားအတွက် ချေးပေးနေတာပါ။ စိုက်ပျိုးတောင်သူတွေကို နှစ်စဉ် မိုး၊ ဆောင်း၊ မိုးကြို ချေးငွေ ချေးပေးဖို့လျာထားပြီး စပါးအတွက် တစ်ဧကကို ငွေကျပ် ၁၅၀၀၀၀ နဲ့ အခြားသီးနှံတွေကိုတော့ တစ်ဧကကို ငွေကျပ် ၁၀၀၀၀၀ နှုန်းနဲ့ ထုတ်ချေးပါတယ်။ အတိုးနှုန်းကလဲ ငါးရာနှုန်းဖြစ်ပြီး သက်သာတဲ့နှုန်းထားပါ။ ချေးပေးတဲ့အခါ တောင်သူတွေရဲ့ ပုံစံ(၇) အာမခံနဲ့ ဘဏ်မှာချေးပြီး ဘဏ်မှာဆပ်စနစ်ဖြစ်ပါတယ်။ စိုက်ချိန်ပျိုးချိန်မှာ တောင်သူတွေ အဆင်ပြေအောင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကနေ ထုတ်ချေးပေးနေတာပါ။ အခု ဆောင်းသီးနှံ ချေးငွေကိုတော့ နောက်နှစ် စက်တင်ဘာလမှာ ပြန်ဆပ်ရမှာပါ"ဟု ဦးစိုးကိုကိုဝင်းက ပြောပြသည်။

အဆိုပါ ဆောင်းသီးနှံ စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးပေးသည့် မြို့နယ် ၁၅ မြို့နယ်မှာ ချမ်းအေးသာစံမြို့နယ်၊ အမရပူရမြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ မိတ္ထီလာမြို့နယ်၊ မတ္တရာမြို့နယ်၊ စဉ့်ကူးမြို့နယ်၊ စဉ့်ကိုင်မြို့နယ်၊ တံတားဦးမြို့နယ်၊ မြစ်သားမြို့နယ်၊ သာစည်မြို့နယ်၊ မြင်းခြံမြို့နယ်၊ နွားထိုးကြီးမြို့နယ်၊ ငါန်းဇွန်မြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်တို့ဖြစ်ကြောင်း သိရသည်။ (၁၈၅)

# မန္တလေးဈေးကွက်အတွင်း နယ်စုံမှဝင်ရောက်လာသည့် မြေပဲလုံးဆန်များ ဈေးကောင်းရရှိ

**မန္တလေး နိုဝင်ဘာ ၈**

မန္တလေး ဈေးကွက်အတွင်း နယ်စုံမှ ဝင်ရောက်လာသည့် မြေပဲလုံးဆန်များ အရောင်းအဝယ်သွက်ပြီး ဈေးကောင်းရရှိနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြ၍ သိရသည်။

ယခုအခါ မန္တလေးဈေးကွက်အတွင်းသို့ မြင်းမူ၊ မြောင်၊ ကျောက်ပန်းတောင်း၊ မကွေး စသည့်ဒေသများမှထွက်ရှိသည့် မြေပဲလုံးဆန်များ ဝင်ရောက်လာကြောင်း၊ အဆိုပါ မြေပဲလုံးဆန်များသည် ယခင်နှစ်မြေပဲပေါ်ချိန်က တစ်ပိဿာလျှင် ငွေကျပ် ၃၃၀၀ ရှိခဲ့သော်လည်း ယခုနှစ် မြေပဲပေါ်ချိန်တွင် မြေပဲလုံးဆန်တစ်ပိဿာလျှင် ငွေကျပ် ၅၄၀၀ ဈေးရရှိနေပြီး အရောင်းအဝယ်များသွက်ကာ ဈေးကောင်းရရှိနေကြောင်း သိရသည်။

"အခုအချိန်က အညာဒေသတွေမှာ မိုးနှောင်းမြေပဲပေါ်တဲ့အချိန်ဖြစ်လို့ မန္တလေးဈေးကွက်ကို ဝင်ရောက်နေပါတယ်။ ရှမ်းပြည်နယ်ဘက်က မြေပဲလုံးဆန်တွေလဲ ဝင်ရောက်နေပါတယ်။ ဒီအချိန်က တောင်သူတွေ မြေပဲနုတ်သိမ်းတဲ့ရာသီဖြစ်ပါတယ်။ နယ်စုံဒေသက မြေပဲတွေက မန္တလေးဈေးကွက်ကို အလုံးအရင်းနဲ့ ဝင်ရောက်နေပါတယ်။ အရောင်းအဝယ်တွေလဲ သွက်လက်နေပါတယ်။ ထွက်သမျှမြေပဲလုံးဆန်တွေကို တရုတ်နိုင်ငံက ဝယ်ယူမှုတွေရှိနေပါတယ်"ဟု စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြသည်။

အဆိုပါ မြေပဲသီးနှံများကို မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အဓိကသီးနှံအဖြစ် အားထားစိုက်ပျိုးကြပြီး အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်လည်း အနည်းငယ် စိုက်ပျိုးကြကြောင်း ၎င်းက ပြောပြ၍ သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ရွှေဘုန်းပွင့်ဘုရားကြီး စာကြည့်ပိဋကတ်တိုက်နှင့် ယဉ်ကျေးမှုပြတိုက်




ကမ္ဘာ့အမွေအနှစ်ဒေသတစ်ခုဖြစ်သည့် သရေခေတ္တရာပျူမြို့ဟောင်းတည်ရှိသည့် ပြည်မြို့သည် မြန်မာ့သမိုင်းတွင် ထင်ရှားသောမြို့တစ်မြို့ဖြစ်ကာ ပျူယဉ်ကျေးမှု အထောက်အထားများစွာကျန်ရှိနေသည့် ဒေသဖြစ်သည်။ ပြည်မြို့သို့ ပြည်တွင်း၊ ပြည်ပမှရောက်ရှိလာကြသူများသည် သရေခေတ္တရာမြို့ဟောင်းရှိ သီရိခေတ္တရာပြတိုက်နှင့် ပြည်မြို့လမ်းမတော်ရှိ ရွှေဘုန်းပွင့်ဘုရားကြီး စာကြည့်ပိဋကတ်တိုက်နှင့်ယဉ်ကျေးမှုပြတိုက်သို့သွားရောက်လေ့လာလေ့ရှိကြသည်။ အထူးသဖြင့် ဧရာဝတီမြစ်ကြောင်းအတိုင်း ပုဂံသို့ရေယာဉ်ဖြင့်သွားကြသည့် ပြည်ပခရီးသွားများသည် ပြည်မြို့တွင် သဘော်ရပ်နားစဉ် ညေ့လမ်းညွှန်များနှင့်အတူ ၎င်းပြတိုက်များသို့ သွားရောက်ကြမြဲဖြစ်သည်။

**မြန်မာ့သမိုင်းထဲက ပြည်မြို့**

ပြည်မြို့သည် ဧရာဝတီမြစ်၏ အချက်အချာကျသောနေရာတွင်တည်ရှိနေသဖြင့် နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေးတို့တွင် အရေးပါသည့် နေရာတစ်နေရာဖြစ်လာခဲ့သည်။

ပြည်မြို့၏အစဦး သရေခေတ္တရာတွင် ပျူယဉ်ကျေးမှုထွန်းကားခဲ့ကာ ပြည်မြို့ကို ခရစ်နှစ် ၆၀၄ ခုနှစ်တွင် ပုဂံဘုရင်နရသီဟပတေ့ (တရုတ်ပြေးမင်း)က တည်ထောင်ခဲ့သည်။ သက္ကရာဇ် ၁၇၄၃ ခုနှစ်တွင် ဟံသာဝတီဘုရင်က ပြည်မြို့ကို သိမ်းပိုက်ခဲ့သော်လည်း ၁၇၅၄ ခုနှစ်တွင် အလောင်းမင်းတရားက ပြန်လည်သိမ်းယူခဲ့သည်။ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲအပြီး အောက်မြန်မာနိုင်ငံကို စွန့်လွှတ်ခဲ့ရသည့် ၁၈၂၆ ခုနှစ် မတိုင်မီထိ ပြည်မြို့ကို မြန်မာတို့ကအုပ်ချုပ်ခဲ့ပြီး အင်္ဂလိပ်လက်ထက်၌ ပြည်မြို့ကို Prome အမည်ဖြင့် ပဲခူးတိုင်းအတွင်း ထည့်သွင်းခဲ့သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် ပြည်မြို့ဟု ပြန်လည်သုံးစွဲကာ ၁၉၇၆ ခုနှစ် ဩဂုတ် ၆ ရက်တွင် ပြည်ခရိုင်ကိုဖွဲ့စည်းခဲ့သည်။ ၁၉၉၉ ခုနှစ်တွင် ပဲခူးတိုင်းကို ပဲခူးတိုင်း(အရှေ့ပိုင်း)နှင့် ပဲခူးတိုင်း(အနောက်ပိုင်း)ဟု ပြင်ဆင်ဖွဲ့စည်းခဲ့စဉ်က ပြည်မြို့သည် ပဲခူးတိုင်း(အနောက်ပိုင်း)၏ မြို့တော်ဖြစ်ခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် ပဲခူးတိုင်း(အရှေ့ပိုင်း)နှင့်(အနောက်ပိုင်း)ကို ပေါင်းစည်းခဲ့ပြီးနောက် ပြည်မြို့တွင် ခရိုင်ရုံးများစိုက်ခဲ့သည်။

လက်ရှိ ပြည်မြို့နယ်သည် ၃၀၄ ဒသမ ၄၁ စတုရန်းမိုင်ကျယ်ဝန်းလျက် အရှေ့ဘက်တွင် ပေါက်ခေါင်းမြို့နယ်၊ အနောက်ဘက်တွင် ဧရာဝတီမြစ်၊ တောင်ဘက်တွင် ရွှေတောင်မြို့နယ်၊ မြောက်ဘက်တွင် အောင်လံမြို့နယ်တို့နှင့်ထိစပ်နေသည်။ ပင်လယ်ရေမျက်နှာပြင်အထက် ၁၀၃ ပေမြင့်သည့် ပြည်မြို့နယ်အတွင်း၌ ဧရာဝတီမြစ်သည် မြောက်မှတောင်သို့ ၁၃ မိုင်ဖြတ်သန်းစီးဆင်းနေသည်။ ပြည်မြို့သည် ဧရာဝတီမြစ်ဘေးတွင်တည်ရှိသဖြင့် ရေကြီးနစ်မြုပ်မှုအန္တရာယ်စိုးရိမ်ရသည်။ ၁၉၇၄ ခုနှစ်တွင် ပြည်မြို့ ရေနစ်မြုပ်ခဲ့သည်။ ထိုနှစ်တွင် ပြည်မြို့၏ ဧရာဝတီမြစ်စိုးရိမ်ရေမှတ်သည် စင်တီမီတာ ၂၉၀၀ ဖြစ်သည်။

၂၀၂၀ ပြည့်နှစ် စက်တင်ဘာလကုန်တွင် လူဦးရေ ၂၂၇၈၅၇ ဦးနေထိုင်သည့် ပြည်မြို့နယ်ကို မြို့နှစ်မြို့(ပြည်နှင့် ပေါင်းတလည်)၊ ရပ်ကွက် ၁၄ ခု၊ ကျေးရွာအုပ်စု ၅၅ အုပ်စု၊ ကျေးရွာ ၂၅၉ ရွာဖြင့် ဖွဲ့စည်းထားသည်။ ပြည်မြို့နယ်သည် စီးပွားရေးအချက်အချာကျကာ ကုန်းလမ်း၊ ရေလမ်း၊ မီးရထားလမ်းတို့ဖြင့် မြန်မာနိုင်ငံ နေရာဒေသအသီးသီးသို့ လွယ်ကူစွာသွားရောက်နိုင်ပြီး ဒေသ၏အဓိကထွက်ကုန်ဖြစ်သည့် ဆန်စပါးကို မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးသို့ အများဆုံးတင်ပို့ရောင်းချသည်။

ပြည်ထဲရေးဝန်ကြီးဌာန၏ မှတ်တမ်းအရ ပြည်မြို့နယ်အတွင်း၌ ဘုရား၊ စေတီ၊ ပုထိုးပေါင်း ၁၉၀ ရှိသည့်အနက် သရေခေတ္တရာမြို့ဟောင်းရှိ ဘောဘောကြီး၊ ဘုရားကြီး၊ ဘုရားမာ၊ ပြည်မြို့ရှိ ရွှေဆံတော်၊ ဆယ်ထပ်ကြီး၊ ရတနာထီးဖြူ၊ ရွှေဘုန်းပွင့်နှင့် ပေါင်းတလည်မြို့ရှိ ပေါင်းတလည်စေတီတို့သည် အထူးထင်ရှားကြသည်။ ၎င်းမှတ်တမ်းတွင် ပြည်မြို့နယ်ရှိ သမိုင်းဝင်အဆောက်အအုံ ၁၅ ခုကို ဖော်ပြထားသည်။

**ရွှေဘုန်းပွင့်ပြတိုက်သမိုင်းနောက်ခံ**

ပြည်မြို့ ရွှေဘုန်းပွင့်ဘုရားကြီး စာကြည့်ပိဋကတ်တိုက်နှင့်ယဉ်ကျေးမှုပြတိုက်သည် လမ်းမတော်လမ်းပေါ်ရှိ ရွှေဘုန်းပွင့်စေတီတော်၏ အင်္ဂါထောင့်တွင် တည်ရှိသည်။

၎င်းစာကြည့်ပိဋကတ်တိုက်နှင့် ယဉ်ကျေးမှုပြတိုက်အသင်း အဆောက်အအုံကို လက်ရှိနေရာတွင် ပြည်မြို့မှပွဲစားကြီး ဦးသာနှင့် ဒေါ်ဆိုင်တို့က ခရစ်နှစ် ၁၉၃၁ ခုနှစ်တွင် ဆောက်လုပ်လှူဒါန်းခဲ့သည်။ အဆောက်အအုံဆောက်လုပ်ပြီးနောက် ပိဋကတ်စာပေနှင့် အခြားစာအုပ်စာတမ်းများ ထားရှိသဖြင့် ရွှေဘုန်းပွင့်ပိဋကတ်တိုက်ဟု အမည်ပေးခဲ့သည်။ ရွှေဘုန်းပွင့်ပိဋကတ်တိုက်သည် ဒုတိယကမ္ဘာစစ်အတွင်း၌ စစ်ဘေးစစ်ဒဏ်ကြောင့် မီးလောင်ပျက်စီးခဲ့သဖြင့် မြန်မာသက္ကရာဇ် ၁၃၀၈ ခုနှစ်တွင် ပြည်မြို့ဇာတိ စာရေးဆရာဒဂုန်ရွှေမျှား၏ သားဖြစ်သူ ဦးလှဖေက ပြင်ဆင်ခဲ့သည်။ သို့သော် ၎င်းအဆောက်အအုံသည်လည်း မြန်မာသက္ကရာဇ် ၁၃၁၁ ခုနှစ်တွင် လောင်ကျွမ်းခဲ့သည့် ပြည်မြို့မီးဘေးတွင်ပါဝင်သွားခဲ့သည်။

မြန်မာသက္ကရာဇ် ၁၃၁၂ ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ ရက်(၁၉၅၀ ပြည့်နှစ် နိုဝင်ဘာ ၁၃ ရက်)တွင် ရွှေဘုန်းပွင့်ဘုရားဂေါပကအဖွဲ့နှင့် ဦးကြိုင်တို့ဦးဆောင်လျက် လူငယ်များစာဖတ်အသင်းကို ဖွဲ့စည်းခဲ့ရာ ဂေါပကအဖွဲ့က ငွေကျပ် ၁၀၀၀ မတည်ပေးခဲ့သည်။ ၎င်းအသင်းကို ရွှေဘုန်းပွင့်စေတီဂေါပကအဖွဲ့ကပေးထားသည့် အခန်းငယ်တွင် ဖျာလေးချပ်၊ ဗီရိုတစ်လုံးဖြင့် စတင်ခဲ့သည်။

၁၉၅၈ ခုနှစ်တွင် သမိုင်းပါမောက္ခ ဂျီအိပ်ချ်လုစ်နှင့်အဖွဲ့သည် သရေခေတ္တရာသို့ လာရောက်ခဲ့ကြရာ ဦးကြိုင်လည်း လိုက်ပါသွားခဲ့သည်။ ဂျီအိပ်ချ်လုစ်က သရေခေတ္တရာ၏သက်တမ်းကို မြန်မာ့သမိုင်းတွင်ပါရှိသည့် သက်တမ်းအောက် နှစ် ၁၀၀၀ လျော့ရန် ပြောဆိုမှုကို လက်မခံနိုင်သဖြင့် စာဖတ်အသင်းသည် မြေပေါ်၊မြေအောက် အထောက်အထားများရရှိနိုင်ရန် သရေခေတ္တရာသို့ ကွင်းဆင်းလေ့လာမှုများကို ပြုလုပ်ခဲ့ကာ သရေခေတ္တရာမှရရှိခဲ့သည့်ပစ္စည်းများကို အများပြည်သူများအားပြသရန် စီစဉ်ချိန်တွင် မြို့ခံတချို့က မိမိတို့တွင်ရှိထားသည့် ရှေးဟောင်းပစ္စည်းများကို လှူဒါန်းခဲ့ကြသည်။

**❖ ပြည်မြို့ ရွှေဘုန်းပွင့်ဘုရားကြီး စာကြည့်ပိဋကတ်တိုက်နှင့်ယဉ်ကျေးမှုပြတိုက်သည် လမ်းမတော်လမ်းပေါ်ရှိ ရွှေဘုန်းပွင့်စေတီတော်၏ အင်္ဂါထောင့်တွင် တည်ရှိသည်။ ၎င်းစာကြည့်ပိဋကတ်တိုက်နှင့် ယဉ်ကျေးမှုပြတိုက်အသင်းအဆောက်အအုံကို လက်ရှိနေရာတွင် ပြည်မြို့မှပွဲစားကြီး ဦးသာနှင့် ဒေါ်ဆိုင်တို့က ခရစ်နှစ် ၁၉၃၁ ခုနှစ်တွင် ဆောက်လုပ်လှူဒါန်းခဲ့သည်။ အဆောက်အအုံဆောက်လုပ်ပြီးနောက် ပိဋကတ်စာပေနှင့် အခြားစာအုပ်စာတမ်းများထားရှိသဖြင့် ရွှေဘုန်းပွင့်ပိဋကတ်တိုက်ဟု အမည်ပေးခဲ့သည်။ ❖**

၎င်းတို့ကို ပြတိုက်ဖွင့်လှစ်ပြသရန် အလျား ၅၉ ပေ၊ အနံ ၃၅ ပေနှင့် အမြင့် ၁၂ ပေရှိသည့် အဆောက်အအုံကို ဦးလှဖေနှင့် ဒေါ်တင်ညွန့်တို့ မတည်သောငွေကျပ် ၁၀၀၀၀ နှင့် အများပြည်သူများ စုပေါင်းလှူဒါန်းငွေများဖြင့် တည်ဆောက်ခဲ့ရာ ငွေကျပ် ၄၅၀၀၀ ကုန်ကျခဲ့သည်။ စာဖတ်အသင်းကို ရွှေဘုန်းပွင့်ဘုရားကြီး စာကြည့်ပိဋကတ်တိုက်နှင့် ယဉ်ကျေးမှုပြတိုက်အသင်းဟု အမည်ပြောင်းခဲ့ကာ ပြတိုက်အဆောက်အအုံကို ၁၉၆၂ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင် ဖွင့်လှစ်ခဲ့သည်။

အသင်းတည်ထောင်ခဲ့စဉ်က ပြည်မြို့ပေါ်တွင် အလှူခံပုံးဖြင့် အလှူငွေ စုဆောင်းသကဲ့သို့ စာအုပ်စာတမ်းများကိုလည်း အလှူခံခဲ့သည်။ အသင်းရန်ပုံငွေတိုးပွားစေရန် ရန်ကုန်မြို့မှ ရုပ်ရှင်မင်းသား၊ မင်းသမီးများကို ဖိတ်ခေါ်၍ စကားရည်လုပွဲများ ကျင်းပခြင်း၊ ဇာတ်ရုံဆောက်ကာ ဇာတ်ပွဲများ ငှားရမ်းခြင်း၊ စားပွဲ၊ ကုလားထိုင်ပရိဘောဂများ ငှားရမ်းခြင်း၊ နိဗ္ဗာန်ယာဉ် လက်တွန်းလှည်း ငှားရမ်းခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ နိဗ္ဗာန်လှည်းတွန်းရန် ဝန်ထမ်းတစ်ဦးခန့်ထားသော်လည်း တစ်ခါတစ်ရံ၌ ဝန်ထမ်းမလာသဖြင့် အသင်းလူကြီးများကိုယ်တိုင် နာရေးလှည်းကို တွန်းပေးရခြင်းများရှိခဲ့ကြောင်း အသင်းအတွင်းရေးမှူး ဦးဇင်သိန်းက ရှင်းပြခဲ့သည်။

**ပြည်ထောင်စုငွေပေလွှာ**

ရွှေဘုန်းပွင့်ဘုရားကြီးစာကြည့်ပိဋကတ်တိုက်နှင့် ယဉ်ကျေးမှုပြတိုက်တွင် ထင်ရှားသော စာရေးဆရာကြီး ဦးရေ ၅၀ ၏ လက်ရေးမူများ၊ ရဟန်းရှင်လူ စာဆို ၁၃ ဦး၏ ပုံတူပန်းချီကားများနှင့် သရေခေတ္တရာမှ စုဆောင်းရရှိထားသည့်ပစ္စည်းများကို ပြသထားရာ ဆင်းတုတော်များ၊ အုတ်ခွက်ဘုရားများ၊ ဒင်္ဂါးများ၊ အရိုးအိုးများ၊ ပျူစာပါအုတ်ချပ်များ အစရှိသည့် ပျူယဉ်ကျေးမှုအထောက်အထား ရုပ်ဝတ္ထုပစ္စည်းများနှင့် ပေစာများ၊ ပုရပိုက်များ၊ ဆင်စွယ်ကမ္မဝါစာများကိုပြသထားသည်။ ၎င်းတို့အနက် ပြည်ထောင်စုငွေပေလွှာဟု အမည်ပေးထားသည့် ငွေပြားထုပ်များသည် အထူးစိတ်ဝင်စားဖွယ်ဖြစ်သည်။

ထေရဝါဒဗုဒ္ဓဘာသာသည် ပုဂံခေတ်၊ အနော်ရထာမင်းလက်ထက်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ကြောင်း ရာဇဝင်ကျမ်းများတွင် ရေးသားခဲ့ကြသော်လည်း ပျူခေတ်ကတည်းက မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာ ကိုးကွယ်မှုရှိခဲ့ကြောင်း အထောက်အထားအဖြစ် သရေခေတ္တရာမှ ရွှေပေလွှာများကို တွေ့ရှိခဲ့သည်။

ဗုဒ္ဓဘာသာ ပိဋကသုံးပုံကောက်နုတ်ချက်များကို ပျူဘာသာဖြင့် ရေးသားထားသည့် ရွှေပေချပ် ၂၀ ကို ၁၉၂၆ ခုနှစ်က သရေခေတ္တရာပျူမြို့ဟောင်း၊ မှော်ဇာရှိ ဦးခင်ဘကုန်းပိုင်ဆိုင်သည့် ယာကွက်အတွင်းရှိ ဌာပနာတိုက်မှရရှိခဲ့ကာ ၎င်းတို့သည် ခင်ဘကုန်းရွှေပေလွှာများဟု ထင်ရှားခဲ့သည်။

ခင်ဘကုန်းသည် သရေခေတ္တရာပျူမြို့ဟောင်းနန်းတော်ရာ၏ အရှေ့တောင်ဘက်၊ ကုလားကန်ကျေးရွာမှ အနောက်တောင်ဘက်သို့ ပေ ၂၀၀ အကွာ၊ သာယာဝတီတံခါးပေါက်အနီး မြို့ရိုးအတွင်း၌ တည်ရှိသည်။ ကျောက်စာဝန် မစ္စတာဒူရွိုင်ဇယ်နှင့်အဖွဲ့သည် သရေခေတ္တရာမြို့ဟောင်းကို ၁၉၂၆-၁၉၂၇ ခုနှစ်တွင် တူးဖော်ခဲ့စဉ် ကုန်းအလယ်ရှိ ဌာပနာတိုက်မှ ရွှေပေလွှာအချပ် ၂၀ နှင့်အတူ အဒေီခြောက်ရာစုလက်ရာ ဌာပနာတိုက်ဖုံး သဲကျောက်ပြားအကောင်းနှစ်ချပ်၊ သုံးပိုင်းကျိုးနေသော ကျောက်ပြားတစ်ချပ်၊ ဗောဓိပလ္လင်ပုံစံငွေခေါင်းပွကြုတ်အပိုင်းတစ်ခုနှင့် ရွှေ၊ ငွေ၊ ကြေးဗုဒ္ဓဆင်းတုတော်များကို ရရှိခဲ့သည်။

ခင်ဘကုန်းရွှေပေလွှာများတွင် ရေးသားထားသည့် စာများသည် ပိဋကတ်တော်ကောက်နုတ်ချက်များဖြစ်ကာ အိန္ဒိယနိုင်ငံ ရှေးဟောင်းသုတေသနဌာနနှစ်ချုပ် အစီရင်ခံစာ(၁၉၂၆-၁၉၂၇)တွင်ဖော်ပြခဲ့သည်။

ခင်ဘကုန်းရွှေပေလွှာတစ်ချပ်စီသည် အလျား ၆ ဒသမ ၅ လက်မ၊ အနံ ၁ ဒသမ ၂၅ လက်မရှိကာ ရွှေပေလွှာအချပ် ၂၀ ကို တစ်ချပ်စီထပ်၍ အပေါ်နှင့်အောက်မှ အရွယ်တူရွှေပေလွှာနှစ်ချပ်ညှပ်ကာ ရွှေကြိုးဖြင့်စည်းထားသည်။ အပေါ်အောက်ညှပ်ထားသည့် ရွှေပေလွှာနှစ်ချပ်အပါအဝင် ရွှေပြား၂၂ ချပ်၏ အလေးချိန်သည် ၂၃ ကျပ်၊ ၁၄ ပဲနှင့် နှစ်ရွေးဖြစ်သည်။


ပျူခေတ်ဗုဒ္ဓဘာသာဆိုင်ရာ အထောက်အထားတစ်ရပ်ဖြစ်သည့် ခင်ဘကုန်းရွှေပေလွှာတွင် ရေးထိုးထားသည့်စာများကို ပျူအက္ခရာဖြင့် အချပ် ၂၀၊ မြန်မာအက္ခရာဖြင့် အချပ် ၂၀၊ ကရင်အက္ခရာဖြင့် အချပ် ၂၀၊ ရှမ်းအက္ခရာဖြင့် ၃၄ ချပ်၊ မွန်အက္ခရာဖြင့် အချပ် ၄၀ နှင့် မြန်မာစကားပြေ ပြန်ဆိုထားသည့် အချပ် ၄၀ ကို ငွေပြားများပေါ်တွင် ရေးထိုးခဲ့သည်။ ၎င်းငွေပေ ၁၇၄ ချပ်ကို ပြည်ထောင်စုငွေပေလွှာများဟု အမည်ပေးလျက် ရွှေဘုန်းပွင့်ဘုရားကြီးစာကြည့်ပိဋကတ်တိုက်နှင့် ယဉ်ကျေးမှုပြတိုက်တွင် ပြသထားသည်။ ၎င်းတို့ကို မြန်မာသက္ကရာဇ် ၁၃၃၃ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့(ခရစ်နှစ် ၁၉၇၁ ခုနှစ် နိုဝင်ဘာ ၂ ရက်)တွင် ရွှေဘုန်းပွင့်ပိဋကတ်တော်စင်မြင့်သို့ အခမ်းအနားဖြင့် တင်ထားပူဇော်ခဲ့သည်။

**သမိုင်းဝင်အမြောက်နှစ်လက်**

ရွှေဘုန်းပွင့်ဘုရားကြီးစာကြည့်ပိဋကတ်တိုက်နှင့် ယဉ်ကျေးမှုပြတိုက် အဝင်လှေကားတစ်ဖက်တစ်ချက်၌ သံအမြောက်နှစ်လက်ကို မြင်တွေ့ကြရသည်။ ၎င်းအမြောက်နှစ်လက်အနက် တောင်ဘက်မှ အမြောက်ကို စစ်ကြိုခေတ်က အင်္ဂလိပ်အရေးပိုင်နေထိုင်ခဲ့သည့် ခြံဝင်းအတွင်းမှရရှိခဲ့ကာ မြောက်ဘက်မှ အမြောက်ကို ဧရာဝတီမြစ်အတွင်းမှ ဆယ်ယူရရှိခဲ့သည်။

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချိုအိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကို ပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# ရှမ်းပြည်နယ် ရှေ့ဘိုခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၂၈၃၇၆ ဧက စိုက်ပျိုးမည်

**ရွှေဘို နိုဝင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၂၈၃၇၆ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ဖူးစားပြောင်း ၄၅၇၃ ဧက၊ ခင်ဦးမြို့နယ်တွင် ဖူးစားပြောင်း ၄၃၄၃ ဧက၊ ဝက်လက်မြို့နယ်တွင် ဖူးစားပြောင်း ဧက ၁၉၄၆၀ စုစုပေါင်း ၂၈၃၇၆ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းကာလ ရွှေဘိုခရိုင်မှာ ဖူးစားပြောင်းဧက ၂၀၀၀၀ ကျော်စိုက်ဖို့ လျာထားပါတယ်။ ဒီနှစ်မိုးကာလကလဲ ဖူးစားပြောင်း လျာထားချက်ထက် ကျော်လွန်ပြီး စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှု မရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်နေပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက ရွှေဘိုခရိုင်တွင် အစေ့ထုတ်ပြောင်း ၄၄၆၆ ဧကနှင့် ဖူးစားပြောင်း ဧက ၁၁၂၄၀ စိုက်ပျိုးရန် လျာထားခဲ့ရာ အစေ့ထုတ်ပြောင်း ဧက ၃၈၄၀ နှင့် ဖူးစားပြောင်း ၁၁၄၃၂ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)



ယခုနှစ် မိုးရာသီက ဖူးစားပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

➤ **စာမျက်နှာ ၄ မှအဆက်**

ချုံနွယ်များဖြင့် ပိတ်နေခဲ့သည့် အရေးပိုင်ခြံဝင်းအတွင်းမှ အမြောက်သည် မြေကြီးထဲသို့မြုပ်နေခဲ့ပြီး မြေပေါ်သို့ တစ်စွန်းတစ်စထွက်နေသည့် သံတုံးကြီးတစ်ခုအဖြစ်ရှိနေခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် ၎င်းသံတုံးကြီးကို လူတစ်ဦးက တူးဖော်ရာမှ အမြောက်ကြီးပေါ်ထွက်လာခဲ့သဖြင့် ပိဋကတ်တိုက်သို့လှည်းဖြင့် သယ်ယူ၍ ပြတိုက်အဝ၌ထားရှိခဲ့သည်။

၁၉၆၃ ခုနှစ်တွင် လူတစ်ဦးက ပိဋကတ်တိုက်သို့ ဓနုဖြူကျော်ထွန်းရေးသားပြီး ၁၂၃၄ ခုနှစ်ကထုတ်ဝေခဲ့သည့် ပဏ္ဍိကဏ္ဍာဒီပနီစာအုပ်ကို ပိဋကတ်တိုက်သို့လာရောက်လှူဒါန်းခဲ့သည်။ ၎င်းစာအုပ်၌ ၁၈၅၂ ခုနှစ် ဇူလိုင် ၉ ရက်တွင် အင်္ဂလိပ်များ ပြည်မြို့သို့ မီးသင်္ဘောများဖြင့်ရောက်ရှိလာပြီး မြို့ကိုသိမ်းယူ၍ မြန်မာပိုင်အမြောက် ၂၂ လက်ကို ဖျက်ဆီးကာ ဧရာဝတီမြစ်အတွင်းသို့ပစ်ချခဲ့ကြောင်း ရေးသားထားသဖြင့် ပြတိုက်လူကြီးများက အထူးစိတ်ဝင်စားကာ အမြောက်များကိုရှာဖွေရန် စီစဉ်ဆောင်ရွက်ခဲ့ကြသည်။

ပြည်မြို့ ဧရာဝတီမြစ်ကမ်းချောက်နေရာတွင် ခက်ခဲစွာရှာဖွေခဲ့ပြီးနောက် ရရှိခဲ့သည့်အမြောက်ကြီးကို ပြတိုက်သို့သယ်ယူခဲ့ပြီး အဝင်လှေကားမြောက်ဘက်တွင် နေရာချထားခဲ့သည်။

၁၈၅၂ ခုနှစ် မေလတွင် မဟာဗန္ဓုလ၏သား သုံးဆယ်ဝန်ကြီးမောင်မောင်ကြီးသည် သာယာဝတီတွင်တပ်စွဲနေပြီး ပြည်မြို့ ဧရာဝတီမြစ်ကမ်းတွင် အမြောက်နှစ်လက်ဖြင့် တပ်ခွဲတစ်ခုထားရှိကာ အင်္ဂလိပ်တို့ရေကြောင်းမှချီလာလျှင် တိုက်ခိုက်နိုင်ရန် ပြင်ဆင်ခဲ့သည်။ ဇူလိုင် ၉ ရက်တွင် ပြည်မြို့သို့ အင်္ဂလိပ်တပ်များချီလာချိန်တွင် မြန်မာတပ်ခွဲသည် အမြောက်နှစ်လက်ကိုစွန့်ကာ ဆုတ်ခွာခဲ့ရပြီးနောက် အင်္ဂလိပ်တို့က ပြည်မြို့ကိုသိမ်းယူ၍ မြန်မာအမြောက် ၂၂ လက်ကို ဖျက်ဆီးပြီး ဧရာဝတီမြစ်အတွင်းသို့ ပစ်ချခဲ့သည်။ ၎င်းအမြောက်များအနက် ပြန်လည်ရရှိခဲ့သည့် အမြောက်တစ်လက်နှင့် အရေးပိုင်ခြံအတွင်းမှ ရရှိခဲ့သည့်အမြောက်ကို ရွှေဘုန်းပွင့်ဘုရားကြီးစာကြည့်ပိဋကတ်တိုက်နှင့် ယဉ်ကျေးမှုပြတိုက်တွင်ပြသထားရာ သမိုင်းဝင်ပစ္စည်းများအဖြစ် လေ့လာနိုင်ကြသည်။

ရွှေဘုန်းပွင့်ဘုရားကြီးစာကြည့်ပိဋကတ်တိုက်နှင့် ယဉ်ကျေးမှုပြတိုက်တွင် စာကြည့်တိုက်ဖွင့်လှစ်၍ စာအုပ် ၈၁၁၈ အုပ်ကို ထားရှိသည်။ နေ့စဉ်သတင်းစာနှစ်စောင်၊ အပတ်စဉ်ဂျာနယ် ၁၇ စောင်နှင့်လစဉ်ထုတ်မဂ္ဂဇင်းများကိုထားရှိပြီး နေ့စဉ်စာဖတ်သူဦးရေ ၁၀၀ ခန့်ရှိသည်။

ပြတိုက်တွင် ကျောက်ခေတ်မှစ၍ ခေတ်အဆက်ဆက် ရှေးဟောင်းပစ္စည်း ၁၆၅ မျိုး၊ အရေအတွက် ၆၂၉ ခုကို ပြသထားပြီး သုတေသနပြုလုပ်သူများကို လိုအပ်သောအထောက်အထားများ ကူညီပေးလျက်ရှိရာ မဟာဘွဲ့စာတမ်းရှင်ဦးရေ ၃၀ နှင့် ပါရဂူဘွဲ့စာတမ်းရှင် နှစ်ဦးကို ကူညီပံ့ပိုးပေးနိုင်ခဲ့ပေသည်။

**ကိုးကား**

- **ပြည်မြို့နယ် ဒေသဆိုင်ရာ အချက်အလက်များ(ပြည်ထဲရေးဝန်ကြီးဌာန)**
- **ရွှေဘုန်းပွင့် စာကြည့်တိုက်နှင့်ပြတိုက် ငွေရတုမဂ္ဂဇင်း(၁၉၇၉)**
- **ဦးစင်သိန်းနှင့် တွေ့ဆုံမေးမြန်းမှုများ**

**မောင်သာ(ရှေးဟောင်းသုတေသန)**

# ငြိမ်းချမ်းရေးပြု

\- ရွှမ်းနုစို အလှအား
မြသားသို့ ပမာပင်၊
ရနံ့ဂုဏ် သင်းပျံ့ပျံ့
ရှင်းသန့်ဝန်းကျင်၊
လူအများ ရှုပါလျှင်
နုစွာညဉ် ရင်ခွင်နန်း၊
ရေးဖွဲ့မကုန် သူ့ဂုဏ်ဒြပ်
မြင့်မြတ်တဲ့ပန်း။


\- အားပျက်သူ ဘဝင်နွမ်းတို့
ရှင်လန်းဖို့ အစဉ်ပေးဝေ၊
အလိုရှိရာ အသုံးပြု
ပြုံးမှုထွေထွေ၊
မရှိမဖြစ် များလူတွေ
အားကူစေ အာဟာရပေါင်း၊
ရေးဖွဲ့မကုန် ငြိမ့်လွှမ်းတဲ့
စိမ့်စမ်းရေကောင်း။

\- အများလူ အတုယူကြောင်းနှင့်
ပြုမူကိန်းအောင်း စိတ္တကို၊
ဗြဟ္မစိုရ် ဂုဏ်အင်ကြီး
ကောင်းကျိုးထိုထို၊
စမ်းကဲ့သို့ အေးစေလို
ဘေးတွေဆို ဘယ်မပေး၊
တန်ဖိုးဂုဏ် ရနံ့လွှမ်း
ပန်းကဲ့သို့မွှေး။

\- များပြည်သူ ဘဝလေး
လှဖို့အရေး တို့တည်ထောင်၊
မင်းသူငါ လက်ချင်းယှက်
ထမ်းရွက်စွမ်းဆောင်၊
လှပဖွံ့ဖြိုး မြန်ပြည်အရောင်
သဏ္ဌာန်ညီအောင် တို့ရှေးရှု၊
တိုင်းသားတွေနဲ့
ရိုင်းပင်းအားစေ ရင်မှာကိန်း
ငြိမ်းချမ်းရေးပြု။ ။

**ငြိမ်းချမ်းအောင်(နှောင်ကြီး)**

**ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်**



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

## နိုင်ငံတကာ သတင်းများ

# ဘိုးအင်း-၇၇၇ ကုန်တင်လေယာဉ်ငါးစင်းကို ယူအေအီးအခြေစိုက် အမ်းမရိတ်စ်လေကြောင်းလိုင်း ဝယ်ယူမည်




**ဒုဘိုင်း နိုဝင်ဘာ ၈**

အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)အခြေစိုက်အမ်းမရိတ်စ် လေကြောင်းလိုင်းသည် စုစုပေါင်း တန်ဖိုးအမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံထိရှိသော ဘိုးအင်း-၇၇၇ အမျိုးအစား ကုန်တင်လေယာဉ် ငါးစင်းဝယ်ယူမည်ဖြစ်ကြောင်း အေပီ သတင်းဌာနက ဖော်ပြခဲ့သည်။

အမ်းမရိတ်စ် လေကြောင်းလိုင်းသည် အဆိုပါဘိုးအင်း-၇၇၇ ကုန်တင်လေယာဉ်သစ် ငါးစင်းဖြင့် ကုန်စည်များပို့သန်းပို့ဆောင်နိုင်စွမ်းကို ချဲ့ထွင်ရန် စီစဉ်ထားသည်။

ကုန်တင်လေယာဉ် အုပ်စုကို အင်အားတိုးချဲ့ရေးအတွက် အမေရိကန်ဒေါ်လာ တစ်ဘီလီယံထိ ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း ရှေ့ယခင်ကပင် ကြေညာထားပြီးဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် အမ်းမရိတ် လေကြောင်းလိုင်းသည် ကုန်စည်ပို့သန်းပို့ဆောင်ရေးလုပ်ငန်းကဏ္ဍအတွက် ဘိုးအင်း-၇၇၇ ကုန်တင်လေယာဉ် ၁၁စင်းကို အသုံးပြုလျက်ရှိသည်။

အမ်းမရိတ်စ်လေကြောင်းကုမ္ပဏီသည် လက်ရှိအချိန်တွင် အဲဘတ်စ် အေ-၃၈၀ လေယာဉ် ၁၁၈ စင်း၊ ဘိုးအင်း-၇၇၇လေယာဉ် ၁၃၄ စင်း ပိုင်ဆိုင်ထားသည်။

အမ်းမရိတ်စ်လေကြောင်းလိုင်းက ဘိုးအင်း-၇၇၇ ကုန်တင်လေယာဉ် သစ်ငါးစင်း ထပ်မံဝယ်ယူမည့် အစီအစဉ်ကို အမေရိကန်နိုင်ငံအခြေစိုက် ဘိုးအင်းလေကြောင်းစက်မှုကုမ္ပဏီကလည်း အတည်ပြုထားကြောင်း သိရသည်။ KKO

# အထွေထွေရွေးကောက်ပွဲ အနိုင်ရလဒ်အတွက် နေတန်ယာဟုကို ဂျိုးဘိုင်ဒင် ဂုဏ်ပြုစကားပြောကြား

**ဂျေရုဆလင် နိုဝင်ဘာ ၈**

အစ္စရေးအထွေထွေရွေးကောက်ပွဲအနိုင်ရလဒ်အတွက် အစ္စရေးဝန်ကြီးချုပ်ဟောင်း နေတန်ယာဟုကို အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က နိုဝင်ဘာ ၇ ရက်တွင် ဂုဏ်ပြုစကားပြောကြားခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

သမ္မတဂျိုးဘိုင်ဒင်သည် နိုဝင်ဘာ ၇ ရက်တွင် အစ္စရေးဝန်ကြီးချုပ်ဟောင်း ဘင်ဂျမင်နေတန်ယာဟုထံ ဖုန်းခေါ်ဆို၍ အထွေထွေရွေးကောက်ပွဲအနိုင်ရလဒ်အတွက် ဂုဏ်ပြုစကားပြောကြားခဲ့ကြောင်း အိမ်ဖြူတော်က သတင်းထုတ်ပြန်ထားသည်။

အစ္စရေးအစိုးရအဖွဲ့သစ်ဖွဲ့စည်းမှုကို အမေရိကန်နိုင်ငံအနေဖြင့် စောင့်ကြည့်နေမည် ဖြစ်ကြောင်း အစ္စရေး ဝန်ကြီးချုပ်ဟောင်းနှင့် ဖုန်းခေါ်ဆိုဆွေးနွေးစဉ် သမ္မတ ဂျိုးဘိုင်ဒင်က ပြောကြားခဲ့သည်။

ဝန်ကြီးချုပ်ဟောင်းနေတန်ယာဟု ဖွဲ့စည်းမည့် အစိုးရအဖွဲ့သစ်တွင် ဘာသာရေးအခြေခံ ပါတီများနှင့် လက်ယာစွန်းပါတီများ ပါဝင်နိုင်ကြောင်း လေ့လာသူများက သုံးသပ်ထားသည်။

အစ္စရေးနိုင်ငံသည် နိုဝင်ဘာ ၁ ရက် လေးနှစ်တာကာလအတွင်း ပဉ္စမမြောက်အထွေထွေရွေးကောက်ပွဲကို ကျင်းပခဲ့ရာ နေတန်ယာဟု၏ လီကွတ်ပါတီနှင့် မိတ်ဖက်ပါတီများ ကလွှတ်တော်အမတ်နေရာအများစု ရရှိခဲ့ကြောင်း သိရသည်။

ရွေးကောက်ပွဲရလဒ်အရ အစိုးရအဖွဲ့ဖွဲ့စည်းရေးတာဝန်ကိုအစ္စရေးသမ္မတက နေတန်ယာဟုထံ တရားဝင်ပေးအပ်ရမည်ဖြစ်ပြီး အစိုးရအဖွဲ့သစ် ဖွဲ့စည်းရေးလုပ်ငန်းမှာ ရက်သတ္တအနည်းငယ် ကြာမြင့်ဖွယ်ရှိကြောင်း သိရသည်။ KKO



# ရုရှားသို့ အမြောက်ကျည်ပို့ဆောင်ပေးမှုစွပ်စွဲချက် မြောက်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာန ငြင်းပယ်

**ပြုံယမ်း နိုဝင်ဘာ ၈**

ရုရှားနိုင်ငံအတွက် အမြောက်ကျည်များ ပေးပို့ဖြည့်ဆည်းပေးနေသည်ဆိုသော အမေရိကန်အစိုးရတာဝန်ရှိသူများ၏ စွပ်စွဲချက်ကို မြောက်ကိုရီးယားနိုင်ငံက ယနေ့တွင် ပယ်ချခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

မိမိတို့အနေဖြင့် ရုရှားနိုင်ငံနှင့် လက်နက်အရောင်းအဝယ် မလုပ်ခဲ့ဖူးသလို နောင်တွင်လည်း လုပ်ရန်အစီအစဉ်မရှိကြောင်း မြောက်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနက ယနေ့တွင်နိုင်ငံပိုင်ကေစီအင်န်အေ သတင်းဌာနမှတစ်ဆင့် သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် အမေရိကန်အစိုးရတာဝန်ရှိသူများ၏ စွပ်စွဲချက်သည် နိုင်ငံတကာအလယ်၌ မြောက်ကိုရီးယား၏ပုံရိပ်ကို ဖျက်ဆီးရေးအတွက် ရည်ရွယ်ထားသော စွပ်စွဲချက်ဖြစ်ကြောင်း မြောက်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနက ဝေဖန်ထားသည်။

ယူကရိန်း စစ်ရေးပဋိပက္ခ၌ ရုရှားနိုင်ငံကို ကူညီသည့်အနေဖြင့် အရေအတွက် များပြားသော အမြောက်ကျည်များကို ရုရှားနိုင်ငံသို့ပေးပို့နေမှုနှင့်ပတ်သက်၍ သတင်းအချက်အလက်များရရှိထားကြောင်း အမေရိကန်အစိုးရအမျိုးသားလုံခြုံရေးကောင်စီ ပြောရေးဆိုခွင့်ရှိသူ ဂျွန်ကာဘီက ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း ပြောကြားထားသည်။

မြောက်ကိုရီးယား နိုင်ငံသည် ယူကရိန်းပြဿနာ၌ ရုရှားနိုင်ငံဘက်မှ ထောက်ခံအားပေးနေသော နိုင်ငံဖြစ်သည်။

ထို့ပြင် ယူကရိန်းနယ်မြေများအား ရုရှားအချုပ်အခြာအောက် ထည့်သွင်းမှုကို ထောက်ခံသည်ဟု ကြေညာထားသည့်နိုင်ငံလည်းဖြစ်ကြောင်း သိရသည်။

KKO

# ၂၀၂၄ သမ္မတရွေးကောက်ပွဲနှင့်ပတ်သက်၍ သတင်းထူးကြေညာမည်ဟု ဒေါ်နယ်ထရန့်ပြောကြား

**နယူးယောက် နိုဝင်ဘာ ၈**

ရီပတ်ဘလီကန်သမ္မတဟောင်း ဒေါ်နယ်ထရန့်သည် ၂၀၂၄ ခုနှစ် အမေရိကန်သမ္မတ ရွေးကောက်ပွဲနှင့်ပတ်သက်၍ သတင်းထူးတစ်ရပ်ကို လာမည့်ရက်သတ္တပတ်အတွင်း ကြေညာဖွယ်ရှိကြောင်း ရိုက်တာသတင်းဌာနက နိုဝင်ဘာ ၇ ရက်တွင် ဖော်ပြခဲ့သည်။

မိမိအနေဖြင့် လာမည့်နိုဝင်ဘာ ၁၅ ရက်တွင် ဖလော်ရီဒါပြည်နယ် ပမ်းဘိချ်မြို့မာအာလာဂိုအပန်းဖြေစခန်း၌ သတင်းထူးတစ်ခုကြေညာမည်ဖြစ်ကြောင်း အိုဟိုင်းယိုးပြည်နယ် နိုင်ငံရေးဟောပြောပွဲတစ်ပွဲ၌ ဒေါ်နယ်ထရန့်က ပြောကြားခဲ့သည်။

သို့သော် မည်သို့သောကြေညာချက်မျိုးဖြစ်နိုင်သည်ကို သမ္မတဟောင်းဒေါ်နယ်ထရန့်က ထုတ်ဖော်ပြောကြားခြင်းမရှိခဲ့ဘဲ အလွန်အရေးကြီးသော လွှတ်တော်ရွေးကောက်ပွဲအတွင်း ပြည်သူများအာရုံမပျံ့လွင့်စေလိုကြောင်း ပြောကြားခဲ့သည်။

သမ္မတသက်တမ်း နှစ်ပတ်လည်လွှတ်တော် ရွေးကောက်ပွဲများကို ယနေ့တွင်ကျင်းပရန် စီစဉ်ထားရာ ယင်းရွေးကောက်ပွဲများ၌ ရီပတ်ဘလီကန်ပါတီအနိုင်ရဖွယ်ရှိသည်။

သမ္မတသက်တမ်း နှစ်ပတ်လည်ရွေးကောက်ပွဲတွင် ရီပတ်ဘလီကန်တို့အနေဖြင့် အထက်လွှတ်တော်နှင့် အောက်လွှတ်တော် နှစ်ရပ်စလုံးထိန်းချုပ်ပိုင်ခွင့်ကို ရယူနိုင်ဖွယ်ရှိကြောင်း လေ့လာသူများက သုံးသပ်ထားသည်။

အဆိုပါ ရွေးကောက်ပွဲများ၌ ရီပတ်ဘလီကန်ပါတီအနိုင်ရခဲ့ပါက ၂၀၂၄ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် အလားအလာ အလွန်များသည်ဟု ဒေါ်နယ်ထရန့်က ပြောကြားထားပြီးဖြစ်ကြောင်း သိရသည်။ KKO

# သီရိဝိဇယလေကြောင်းလိုင်းလေယာဉ်ပျက်ကျမှု နောက်ဆုံးအစီရင်ခံစာ အင်ဒိုနီးရှားထုတ်ပြန်မည်

**ဂျကာတာ နိုဝင်ဘာ ၈**




၂၀၂၁ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် သီရိဝိဇယလေကြောင်းလိုင်း ခရီးသည်တင်လေယာဉ် ပျက်ကျမှုနှင့်ပတ်သက်၍ နောက်ဆုံးအစီရင်ခံစာကို အင်ဒိုနီးရှားတာဝန်ရှိသူများက ယခုရက်သတ္တပတ်အတွင်း ထုတ်ပြန်မည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

သီရိဝိဇယ လေကြောင်းလိုင်းပိုင် ခရီးသည်တင်လေယာဉ်တစ်စီးသည် ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် ပျက်ကျခဲ့ရာ လိုက်ပါသွားသူ ၆၂ ဦး သေဆုံးခဲ့ရသည်။

အဆိုပါလေယာဉ် ပျက်ကျမှုသည်အင်ဒိုနီးရှားနိုင်ငံ၌ ခြောက်လကာလအတွင်း တတိယအကြိမ်မြောက်အဖြစ် ဖြစ်ပွားခဲ့သော လေယာဉ်ပျက်ကျမှုဖြစ်ရာ အင်ဒိုနီးရှားနိုင်ငံ၏ လေကြောင်းလုံခြုံရေးစည်းမျဉ်းများမှာ မေးခွန်းထုတ်ဖွယ်ဖြစ်ခဲ့ရသည်။


သီရိဝိဇယ လေကြောင်းလိုင်း လေယာဉ်ပျက်ကျမှု စုံစမ်းစစ်ဆေးမှုလုပ်ငန်းစဉ်နောက်ဆုံးအစီရင်ခံစာကိုနိုဝင်ဘာ ၁၀ ရက်တွင် ထုတ်ပြန်မည်ဖြစ်ကြောင်း အင်ဒိုနီးရှားတာဝန်ရှိသူများက ပြောကြားခဲ့သည်။

နိုင်ငံတကာ စံနှုန်းများအရ အင်ဒိုနီးရှား စုံစမ်းစစ်ဆေးရေးအဖွဲ့အနေဖြင့် လေယာဉ်ပျက်ကျမှုနောက်ဆုံးအစီရင်ခံစာကို လေယာဉ်ပျက်ကျခဲ့ချိန် ၂၀၂၁ ခုနှစ်ဇန်နဝါရီ ၉ ရက်မှစ၍ တစ်နှစ်အတွင်း ထုတ်ပြန်ပေးရမည်ဖြစ်သည်။

သို့သော် ကိုဗစ်-၁၉ ရောဂါကပ်ဘေးကာလ စုံစမ်းစစ်ဆေးမှုလုပ်ငန်းစဉ် အကန့်အသတ်များကြောင့် သီရိဝိဇယလေကြောင်းလိုင်း လေယာဉ်ပျက်ကျမှုနောက်ဆုံး အစီရင်ခံစာကို ယခုရက်သတ္တပတ်အတွင်း ထုတ်ပြန်ရန် စီစဉ်ထားရခြင်းဖြစ်သည်ဟု အင်ဒိုနီးရှားတာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။ KKO

# SCIENCE AND TECHNOLOGY

## နော့သ်ရော့ဂရူးမင်းကုမ္ပဏီ၏ ဆိုက်ဂနက်စ်အာကာသကုန်တင်ယာဉ်က နေစွမ်းအင်ပြားတစ်ချပ်တည်းဖြင့်သာ နိုင်ငံတကာအာကာသစခန်းဆီသို့ ပျံသန်းနေ



**ဝါရှင်တန် နိုဝင်ဘာ ၈**

နော့သ်ရော့ဂရူးမင်းအာကာသနည်းပညာကုမ္ပဏီ၏ ဆိုက်ဂနက်စ်အာကာသကုန်တင်ယာဉ်သည် နေစွမ်းအင်ပြားတစ်ချပ်တည်းဖြင့်သာ နိုင်ငံတကာ အာကာသစခန်းဆီသို့ ပျံသန်းနေရကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၇ ရက်က ရေးသားတင်ပြထားသည်။

နော့သ်ရော့ဂရူးမင်း ကုမ္ပဏီသည် ဆိုက်ဂနက်စ် အာကာသကုန်တင်ယာဉ်ကို နိုဝင်ဘာ ၇ ရက်က အန်းတားရက်စ် ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီးနောက် ဆိုက်ဂနက်စ် အာကာသကုန်တင်ယာဉ်သည် အန်းတားရက်စ်ဒုံးပျံမှ အောင်မြင်စွာ ခွာထွက်နိုင်ခဲ့သော်လည်း နေစွမ်းအင်ပြားနှစ်ချပ်အနက် တစ်ချပ်ကိုသာဖြန့်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် နော့သ်ရော့ဂရူးမင်းကုမ္ပဏီ ကျွမ်းကျင်သူများသည် ကျန်နေစွမ်းအင်ပြားတစ်ခုကို ဖြန့်ထုတ်ပေးနိုင်ရေးအတွက် ကြိုးစားလျက်ရှိကြောင်း သိရသည်။

သို့ရာတွင် အဆိုပါနေစွမ်းအင်ပြားကို မဖြန့်ထုတ်နိုင်ခဲ့လျှင်ပင် ရည်မှန်းထားသည့်အတိုင်း နိုဝင်ဘာ ၉ ရက်တွင် နိုင်ငံတကာအာကာသစခန်းနှင့်ချိတ်ဆက်ရေးအတွက် ဆိုက်ဂနက်အာကာသကုန်တင်ယာဉ်၌ စွမ်းအင်ပမာဏ လုံလုံလောက်လောက် ရှိနေနိုင်ကြောင်း နော့သ်ရော့ဂရူးမင်းကုမ္ပဏီ တာဝန်ရှိသူများက ပြောကြားသည်။

ဆိုက်ဂနက်စ် အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းရှိ အာကာသယာဉ်မှူးများအတွက် စားနပ်ရိက္ခာပစ္စည်းများ၊ သိပ္ပံပညာစမ်းသပ်ရေးပစ္စည်းများအပါအဝင် ကုန်ပစ္စည်း ၄ ဒသမ ၁ တန် သယ်ဆောင်ထားကြောင်း သိရသည်။

KKO


## ကျောက်သားဂြိုဟ်များဖြင့်ဖွဲ့စည်းထားသော နေစနစ်တစ်ခု၏ရှေးအကျဆုံးကြယ်သေရုပ်ကြွင်းကို တွေ့ရှိ

**လန်ဒန် နိုဝင်ဘာ ၈**

ကျောက်သားဂြိုဟ်များဖြင့်ဖွဲ့စည်းထားသော နေစနစ်တစ်ခု၏ ရှေးအကျဆုံးကြယ်သေရုပ်ကြွင်းကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၇ ရက်က ရေးသားတင်ပြထားသည်။

အဆိုပါ နေစနစ်အကြွင်းအကျန် ကြယ်သေရုပ်ကြွင်းကို ကမ္ဘာဂြိုဟ်နှင့်အလင်းနှစ် ၉၀ ခန့်အကွာတွင် ဗြိတိန်နိုင်ငံ ဝေါဝိစ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ဂိုင်ယာဂြိုဟ်တု၏ အကူအညီဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

WDJ2147-4035 ဟူ၍ အမည်ပေးထားသော အဆိုပါ ကြယ်သေရုပ်ကြွင်းသည် လွန်ခဲ့သောနှစ်ပေါင်း ၁၁ ဘီလီယံခန့်က ပေါ်ထွက်လာခဲ့သော ကြယ်တစ်စင်း၏ ရုပ်ကြွင်းဖြစ်ကြောင်း သိရသည်။



အဆိုပါ ကြယ်သေရုပ်ကြွင်းကို လေ့လာခြင်းဖြင့် စကြဝဠာ၏သက်တမ်း နှစ်ပေါင်း သုံးဘီလီယံအကြာတွင်ပေါ်ထွက်ခဲ့သော ရှေးဦး နေစနစ်တစ်ခု၏သဘာဝကို နားလည်လာနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

WDJ2147-4035 ကြယ်သေရုပ်ကြွင်းသည် ကြယ်အဖြစ် စတင်ပေါ်ထွက်ခဲ့စဉ်က နေထက်ဒြပ်ထုအားဖြင့် ပိုကြီးမားသော်လည်း သက်တမ်းကုန်ချိန်တွင် ကြယ်ပေါက်ကွဲမှုဖြစ်နိုင်လောက်သည်ထိ ဒြပ်ထုမကြီးမားကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

အဆိုပါကြယ်သည် စတင်ပေါ်ထွက်လာပြီး နှစ်ပေါင်း ၅၀၀၀၀၀ မျှအကြာတွင်ဟိုက်ဒရိုဂျင် လောင်စာကုန်ခန်းခဲ့ပြီးနောက် သက်တမ်းကုန်ကြယ်တစ်စင်းအဖြစ် ပြောင်းလဲသွားခဲ့ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

KKO

## နစ်ကိုးအပူပိုင်းမုန်တိုင်းကြောင့် အင်တဲလ်ဆက် ဆက်သွယ်ရေးဂြိုဟ်တုနှစ်စင်း လွှတ်တင်မည့်အစီအစဉ်ကို Space-X ကုမ္ပဏီ ရွှေ့ဆိုင်း

**ဝါရှင်တန် နိုဝင်ဘာ ၈**

နစ်ကိုးအမည်ရှိ အပူပိုင်းမုန်တိုင်းကြောင့် အင်တဲလ်ဆက် ဆက်သွယ်ရေးကုမ္ပဏီအတွက် ဂြိုဟ်တုနှစ်စင်း လွှတ်တင်မည့်အစီအစဉ်ကို Space-X ကုမ္ပဏီက ကာလရွှေ့ဆိုင်းခဲ့ရကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၇ ရက်က ရေးသားတင်ပြထားသည်။

Space-X ကုမ္ပဏီသည် မူလက ဂလက်ဆီ ၃၁ နှင့် ဂလက်ဆီ ၃၂ အမည်ရှိ အင်တဲလ်ဆက်ဂြိုဟ်တုသစ်များကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ရန် စီစဉ်ထားသည်။

သို့ရာတွင် အသစ်ပေါ်ထွက်လာသည့် နစ်ကိုးမုန်တိုင်းသည် အတ္တလန္တိတ်သမုဒ္ဒရာအတွင်း အင်အားစုစည်းနေပြီး ဖလော်ရီဒါကမ်းရိုးတန်းဆီသို့ ဦးတည်ရွေ့လျားလာမှုကြောင့် အဆိုပါဂြိုဟ်တုများလွှတ်တင်ရေးအစီအစဉ်ကို နိုဝင်ဘာ ၁၂ ရက်ထိ Space-X ကုမ္ပဏီက နောက်ဆုတ်ခဲ့ရသည်။

နစ်ကိုးမုန်တိုင်းကြောင့် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)သည်လည်း အားတီးမစ်-၁ မစ်ရှင် လွှတ်တင်ရေးအစီအစဉ်ကို ပြန်လည်ချိန်ဆနေရကြောင်း သိရသည်။

နာဆာအဖွဲ့သည် အားတီးမစ်- ၁ မစ်ရှင်အရ SLS ဒုံးပျံနှင့်အိုရီယွန်အာကာသယာဉ်တို့ကို နိုဝင်ဘာ ၁၄ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

နစ်ကိုး မုန်တိုင်းကြောင့် အဆိုပါဒုံးပျံနှင့် အာကာသယာဉ်ကို အာကာသယာဉ် တပ်ဆင်ရေးရုံဆီသို့ ပြန်လည်ပို့ဆောင်ရန် နာဆာအဖွဲ့က စီစဉ်ထားခြင်း ရှိ၊ မရှိ မသိရသေးကြောင်း သိရသည်။

KKO

# HEALTH

## ကိုဗစ်လက္ခဏာများ ရေရှည်ခံစားရနိုင်ခြေကို Paxlovid ဆေးက လျှော့ချပေးနိုင်

**နယူးယောက် နိုဝင်ဘာ ၈**

ဗိုင်းရပ်စ်တိုက်ဖျက်ရေးဆေးတစ်မျိုးဖြစ်သည့် Paxlovid ဆေးသည် ကိုဗစ်လက္ခဏာများ ရေရှည်ဆက်ခံစားရနိုင်ခြေကို ၂၅ ရာခိုင်နှုန်းလျှော့ချပေးနိုင်ကြောင်း သုတေသန ပညာရှင်များ၏ အဆိုကို ကိုးကား၍ Health Day News ဆေးပညာ သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၇ ရက်က ရေးသားတင်ပြထားသည်။

Nivmatretvir နှင့် Ritonavir ခေါ် ဗိုင်းရပ်စ်တိုက်ဖျက်ရေးဆေးတစ်မျိုးကို ပေါင်းစပ်ထားသည့် Paxlovid သည် ကိုဗစ်ရောဂါလူနာများ ဆေးရုံတက်ရောက်ရနိုင်ခြေ၊ ရောဂါကြောင့် သေဆုံးရနိုင်ခြေတို့ကို လျှော့ချပေးသောဆေးဖြစ်ကြောင်း သိရသည်။

သို့ရာတွင် Paxlovid ဆေးတွင် အထက်ပါအကျိုးကျေးဇူးများအပြင် ကိုဗစ်ရောဂါလက္ခဏာများ ရေရှည် ဆက်ခံစားရနိုင်ခြေကိုလည်း လျှော့ချပေးနိုင်သည့်အကျိုးကျေးဇူးမျိုး ပိုင်ဆိုင်ထားကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် ကိုဗစ်ရောဂါလူနာ ၅၆၀၀၀ တို့၏ ဆေးဝါးကုသမှုမှတ်တမ်းများကို လေ့လာခဲ့ကြပြီး လေ့လာချက်ရလဒ်များအရ Paxlovid ဆေးဖြင့် ကုသမှုခံယူခဲ့သော လူနာများ၌ ကိုဗစ်လက္ခဏာများ ရေရှည်ဆက်ခံစားရနိုင်ခြေ ပုံမှန်ထက် ၂၅ ရာခိုင်နှုန်းမျှ ပိုနည်းသည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Pfizer ကုမ္ပဏီကထုတ်လုပ်သည့် Paxlovid ဆေးသည် အသက် ၁၂ နှစ်နှင့်အထက် ကိုဗစ်ရောဂါလူနာများ သုံးစွဲနိုင်သောဆေးဖြစ်ကြောင်း သိရသည်။

KKO

## ဓာတုကုထုံးဖြင့် သက်သာလာသူ ကင်ဆာလူနာများ၌ တင်ပဆုံရိုးနှင့် ကျောရိုးကျိုးနိုင်ခြေပုံမှန်ထက်မြင့်မား

**နယူးယောက် နိုဝင်ဘာ ၈**

ရောဂါ သက်သာကောင်းမွန်လာသော အရွယ်ရောက်ကင်ဆာလူနာများ အထူးသဖြင့် ဓာတုကုထုံးဖြင့် ပြန်လည်သက်သာလာသော ကင်ဆာလူနာများ၌ တင်ပဆုံရိုးနှင့် ကျောရိုးကျိုးအက်နိုင်ခြေပုံမှန်ထက် မြင့်မားနေတတ်ကြောင်း သုတေသန ပညာရှင်များ၏ အဆိုကို ကိုးကား၍ Health Day News ဆေးပညာ သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၇ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန် သုတေသနပညာရှင်များသည် ကင်ဆာလူနာပေါင်း ၉၂၄၀၀ တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာဆန်းစစ်ခဲ့ကြသည်။

လေ့လာချက် ရလဒ်များအရ ပြီးခဲ့သည့် ငါးနှစ်အတွင်း ကင်ဆာရောဂါ စစ်ဆေးတွေ့ရှိပြီးနောက် ပြန်လည် သက်သာကောင်းမွန်လာသူများသည် ကင်ဆာရောဂါမရှိဖူးသူများနှင့် နှိုင်းယှဉ်ပါက တင်ပဆုံရိုးနှင့် ကျောရိုးကျိုးအက်နိုင်ခြေပိုများကြောင်း သိရသည်။

အထူးသဖြင့် ကင်ဆာလူနာချင်းတူလျှင်ပင် ဓာတုကုထုံးခံယူပြီးနောက် ရောဂါသက်သာလာသူများတွင် တင်ပဆုံရိုးနှင့်ကျောရိုးကျိုးအက်နိုင်ခြေမှာ ပို၍ပင်မြင့်မားနေနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် ဓာတုကုထုံးဖြင့် ရောဂါသက်သာလာသူ လူနာများအနေဖြင့် ကိုယ်ကာယလေ့ကျင့်ခန်းများ ပြုလုပ်ခြင်းဖြင့် အရိုးများကျိုးအက်နိုင်ခြေ မြင့်မားမှုကို လျှော့ချ ပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

KKO



## နိုင်ငံတကာ အားကစားသတင်းများ

# International Series Morocco
# ချန်ပီယံဆု ဂျန်းဝက်တန်နာနွန် ဆွတ်ခူး

**ရာဘတ် နိုဝင်ဘာ ၈**

မော်ရိုကိုနိုင်ငံတွင် ကျင်းပခဲ့သည့် International Series Morocco ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ထိုင်းဂေါက်သီးရိုက် ကစားသမား ဂျန်းဝက်တန်နာနွန်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၂ ချက်လျှော့ရိုက်ကာ ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည်ဟု Gulf News သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ကနေဒါဂေါက်သီးရိုက်ကစားသမား ရစ်ချက်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၁ချက်လျှော့ရိုက်ကာ အမှတ်ပေးဇယားဒုတိယနေရာတွင် ရပ်တည်ခဲ့ပြီး စပိန်ဂေါက်သီးရိုက်ကစားသမား ဒေးဗစ်ပက်က သတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်လျှော့ရိုက်ကာ အမှတ်ပေးဇယားတတိယနေရာတွင် ရပ်တည်နိုင်ခဲ့ပြီး ဂျန်းဝက်တန်နာနွန်က ဆုကြေးအဖြစ် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်းထိ ခံစားခွင့်ရရှိခဲ့သည်။

ဂျန်းဝက်တန်နာနွန်က "သုံးနှစ်လောက် ရလဒ်ကောင်းရဖို့ရုန်းကန်ခဲ့ရသလို အောင်မြင်မှုတွေနဲ့လဲဝေးကွာခဲ့ရတာတွေကနေရုန်းထွက်ပြီး ချန်ပီယံဆုကိုဆွတ်ခူးနိုင်ခဲ့တာကျွန်တော့်အတွက်တော့ ဘာနဲ့မှ မတူတဲ့ပျော်ရွှင်မှုကိုခံစားရပါတယ်။ ပုံစံကောင်းတွေပြန်ရခဲ့တယ်ဆိုပေမဲ့ အမှားအယွင်းတွေတော့ရှိနေဆဲပါပဲ။ကျင်းနံပါတ် ၁၁နဲ့ ကျင်း နံပါတ် ၁၅ မှာ Bogey ဖြစ်သွားလို့ ဖိအားဝင်ခဲ့ပေမဲ့ သုံးကျင်းစလုံးမှာ ရလဒ်ကောင်းခဲ့ပြီး ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL



## စပိန်လာလီဂါပွဲစဉ် (၁၄) ပွဲကြိုသုံးသပ်ချက်

**STA**

**ရီးရဲလ်မက်ဒရစ် Vs ကာဒီဇက်**

**ကစားမည့်ရက်/အချိန် ၁၁-၁၁-၂၀၂၂ (နံနက် ၀၃း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ကာဒီဇက် ၁ - ၁ ရီးရဲလ်မက်ဒရစ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

**ရီးရဲလ်မက်ဒရစ် - အိမ်(သရေ) အိမ်(နိုင်) ဝေး(ရှုံး)**

**ကာဒီဇက် - ဝေး(ရှုံး) အိမ်(နိုင်) ဝေး(သရေ)**

လိဂ်နှစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးခဲ့ပြီး အမှတ်ပေးအဆင့်(၂)နေရာကို ရောက်ခဲ့တဲ့ ရီးရဲလ်မက်ဒရစ်အသင်းက အခုပွဲစဉ်ကိုတော့နိုင်ပွဲရရှိအောင် ပြင်ဆင်လာမှာပါ။လက်ရှိ ကာဒီဇက်အသင်းရဲ့ အဝေးကွင်းခြေစွမ်းပိုင်းကလဲ ဆိုးရွားနေလို့ ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ရီးရဲလ်မက်ဒရစ်အသင်းရဲ့အနိုင်ရလဒ်က သေချာနေပါတယ်။

**အင်တာနက်ခန့်မှန်း - ရီးရဲလ်မက်ဒရစ် ၃ - ၀ ကာဒီဇက်**

## အားကစားသတင်း အတိုအထွာများ

- ဥပဒေချိုးဖောက်မှုနှင့် အကြမ်းဖက်မှုတို့တွင် ပါဝင်ခဲ့သည့် အာဂျင်တီးနားဘောလုံးပရိသတ်ဦးရေ ၆၀၀၀ ခန့်ကို ကာတာကမ္ဘာ့ဖလားဝင်ရောက်ကြည့်ရှုခွင့်ပြုမည်မဟုတ်ဟု အာဂျင်တီးနားအစိုးရက ထုတ်ပြန်ခဲ့သည်။
- ပခုံးဒဏ်ရာမှ ပြန်လည်ကောင်းမွန်နေသည့် မန်စီးတီးကစားသမား ကယ်ဗင်ဖီးလစ်က အင်္ဂလန်အသင်း၏လူစာရင်းတွင် ရွေးချယ်ခံရရန် မျှော်လင့်ထားကြောင်း သိရသည်။
- မန်ယူအသင်းက နွေရာသီအပြောင်းအရွှေ့တွင် ဘယ်လင်ဟမ်ကိုခေါ်ယူရန်အတွက် ယူရိုသန်း ၁၅၀ ထိ သုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။ ML

# ဘောလုံးသမိုင်းတစ်လျှောက် စတာလင်ပေါင် တစ်ဘီလီယံတန်ကြေးရှိသည့် ကစားသမားအစုအဖွဲ့ပိုင်ဆိုင်ထားသည့် ပထမဆုံးအသင်းအဖြစ် မန်စီးတီးမှတ်တမ်းဝင်



**မန်ချက်စတာ နိုဝင်ဘာ ၈**

ဘောလုံးသမိုင်း တစ်လျှောက် စတာလင်ပေါင် တစ်ဘီလီယံ ဈေးကွက်တန်ကြေးရှိသည့် ကစားသမားအစုအဖွဲ့ကိုပိုင်ဆိုင်ထားသည့် ပထမဆုံးအသင်းအဖြစ် မန်စီးတီးအသင်းက မှတ်တမ်းဝင်ခဲ့သည်ဟု Transfer Market.com က ယနေ့တွင် ဖော်ပြခဲ့သည်။

မန်စီးတီးအသင်းသည် ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်က နည်းပြ ဂွါဒီယိုလာကို ခန့်အပ်ခဲ့ပြီးနောက် ကစားသမားအပြောင်းအရွှေ့ကာလများ၌ အသင်းပိုင်ရှင်များက နည်းပြဂွါဒီယိုလာခေါ်ယူလိုသည့် ကစားသမားများအတွက် ငွေကြေးများစွာ ရင်းနှီးမြှုပ်နှံခေါ်ယူကာ အသင်းကို ဥရောပထိပ်တန်းအသင်းတစ်သင်းဖြစ်အောင် တည်ဆောက်ခဲ့သည်။

မန်စီးတီးအသင်းသည် နည်းပြဂွါဒီယိုလာကို ခန့်အပ်ခဲ့ပြီး ငွေကြေးများစွာရင်းနှီး၍ ထိပ်တန်းအသင်းတစ်သင်းအဖြစ်တည်ဆောက်ခဲ့ပြီးနောက် နောက်ဆုံးငါးနှစ်အတွင်း ပရီးမီးယားလိဂ်ချန်ပီယံဆုကို လေးကြိမ်ထိ ဆွတ်ခူးနိုင်ခဲ့သည်။

မန်စီးတီးအသင်းသည် ပြီးခဲ့သည့် အပြောင်းအရွှေ့ကာလတွင်လည်း ဟာလန်းနှင့် ကယ်ဗင်ဖီးလစ်အစရှိသည့် ထိပ်တန်းကစားသမားများကိုခေါ်ယူခဲ့ပြီးနောက် ဂျီဆပ်နှင့် ဇက်ချန်ကိုတို့ကို ပြန်လည်ရောင်းချခဲ့ခြင်းဖြစ်သည်။

လက်ရှိမန်စီးတီးအသင်းကစားသမားများ၏ စုစုပေါင်းတန်ကြေးမှာ စတာလင်ပေါင် ၁ ဒသမ ၀၇၆ ဘီလီယံထိရှိနေပြီး စတာလင်ပေါင်တစ်ဘီလီယံနှင့်အထက် ပြည့်ခဲ့သည့် ကစားသမားအစုအဖွဲ့ပိုင်ဆိုင်ထားသည့်ပထမဆုံးအဖြစ်မှတ်တမ်းဝင်ခဲ့ပြီး မန်စီးတီးအသင်းအနေဖြင့် အဆိုပါ ကစားသမားများအတွက် တစ်နှစ်လုပ်ခစတာလင်ပေါင် ၃၅၄ သန်းထိအသုံးပြုနေရသည်။

ဘောလုံးသမိုင်း တစ်လျှောက်တွင် လက်ရှိအချိန်ထိ စတာလင်ပေါင် တစ်ဘီလီယံပြည့်မြောက်သည့် ကလပ်အသင်းတစ်သင်းမျှမရှိခဲ့ဘဲယခုအခါမှသာ မန်စီးတီးအသင်းက စတာလင်ပေါင် တစ်ဘီလီယံတန်ကြေးရှိ ကစားသမားအစုအဖွဲ့ပိုင်ဆိုင်ထားသည့် အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ STA

# ဂိုးသမား နူဘယ်ကို အငှားထပ်မံစေလွှတ်ရန် ဘိုင်ယန်မြူးနစ်အသင်း စီစဉ်

**ဘာလင် နိုဝင်ဘာ ၈**

ဘိုင်ယန်မြူးနစ် အသင်း အားကစားဒါရိုက်တာ ဆာလီဟာမီဇစ်က မိုနာကိုအသင်းသို့ အငှားစာချုပ်ဖြင့် စေလွှတ်ထားသည့် ဂိုးသမား နူဘယ်ကို ဘောလုံးရာသီကုန်ဆုံးချိန်တွင် အသင်းသို့ပြန်လည်ခေါ်ယူရန် ပြင်ဆင်နေသော်လည်း ကစားသမားက အသင်းနှင့်ပူးပေါင်းရန်ဆန္ဒမရှိသောကြောင့် ထပ်မံအငှားချထားရန် စီစဉ်လျက်ရှိကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၅ နှစ်ရှိ ဂိုးသမား နူဘယ်သည် မိုနာကိုအသင်းတွင် လက်စွမ်းပြ ကစားနေသော်လည်း ၎င်းအနေဖြင့် မိုနာကိုအသင်းနှင့် အငှားစာချုပ် ကုန်ဆုံးမည်ဖြစ်၍ ဆာလီဟာမီဇစ်က စာချုပ်ကုန်ဆုံးပါက အသင်းနှင့် ပြန်လည်ပူးပေါင်းရန်ဆွေးနွေးခဲ့ရာ ၎င်းက ပွဲထွက်ခွင့်အတွက် ဂိုးသမားနူအာနှင့်ယှဉ်ပြိုင်ရမည်မဟုတ်ဘဲ ဒုတိယဂိုးသမားအဖြစ်သာ ပါဝင်ရမည်ဖြစ်သောကြောင့် အသင်းနှင့် ပူးပေါင်းမှုကိုငြင်းပယ်ခဲ့သည်။

ဘိုင်ယန်မြူးနစ် အသင်းနှင့် ၂၀၂၅ ခုနှစ်တွင် စာချုပ်ကုန်ဆုံးမည့် ဂိုးသမားနူဘယ်ကို အားကစားဒါရိုက်တာက အနာဂတ်တွင် နူအာ၏နေရာတွင် အစားထိုးနိုင်ရန်အတွက် စာချုပ်သက်တမ်းတိုးရန်ကြိုးပမ်းနေသော်လည်း နူဘယ်က စာချုပ်သစ်ချုပ်ဆိုရန် ဆန္ဒမရှိတော့ဘဲအသင်းမှ ထွက်ခွာရန်တောင်းဆိုခဲ့သည်။

သို့သော် အားကစားဒါရိုက်တာ ဆာလီဟာမီဇစ်က နူဘယ်ကို အသင်း၏ အနာဂတ်စီမံကိန်းတွင် ထည့်သွင်းထားသောကြောင့် အသင်းမှထွက်ခွာခွင့်ပြုမည်မဟုတ်ကြောင်း ပြောကြားခဲ့ပြီး ဘောလုံးရာသီကုန်ဆုံးပါက ကစားသမား၏ဆန္ဒအတိုင်း အသင်းသို့ ပြန်လည်ခေါ်ယူမည် မဟုတ်ဘဲ မိုနာကိုအသင်းတွင် ဆက်လက် အငှားချထားရန် သို့မဟုတ် အခြားကလပ်အသင်းတစ်ခုခုသို့ အငှားထပ်မံစေလွှတ်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ ML



# Fenway Sports Group က လီဗာပူးအသင်းကို စတာလင်ပေါင် လေးဘီလီယံဖြင့် အရောင်းစာရင်းတင်သွင်း

**လန်ဒန် နိုဝင်ဘာ ၈**

အမေရိကန်အခြေစိုက်ထိပ်တန်းကုမ္ပဏီဖြစ်သည့် Fenway Sports Group က လီဗာပူးအသင်းကို ပြန်လည်ရောင်းချရန်အတွက် အရောင်းစာရင်း တင်သွင်းခဲ့သည်ဟု The Athletic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

Fenway Sports Group က လီဗာပူးအသင်းကို ပြီးခဲ့သည့် ၂၀၁၀ ပြည့်နှစ်က တန်ကြေးစတာလင်ပေါင် သန်း ၃၀၀ ဖြင့်ဝယ်ယူခဲ့ခြင်းဖြစ်ပြီး လီဗာပူးအသင်းကို ၎င်းတို့ပိုင်ဆိုင်ခဲ့သည့် ၁၂ နှစ်တာကာလအတွင်း ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ခဲ့ပြီး အောင်မြင်မှုများစွာရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။

Fenway Sports Group က လီဗာပူးအသင်းကို ဝယ်ယူခဲ့စဉ်က စတာလင်ပေါင် သန်း ၃၀၀ သာရှိခဲ့သော်လည်း ၎င်းတို့ပိုင်ဆိုင်ခဲ့ပြီးနောက် အသင်းကို ရင်းနှီးမြှုပ်နှံမှုများစွာပြုလုပ်၍ အောင်မြင်မှုများရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည့်အတွက် လက်ရှိ လီဗာပူးအသင်း၏ ဈေးကွက်တန်ကြေးမှာ စတာလင်ပေါင် ၃ ဒသမ ၃ ဘီလီယံတန်ကြေးရှိနေပြီး Fenway Sports Groupက လီဗာပူးအသင်းကို စတာလင်ပေါင် လေးဘီလီယံဖြင့် ရောင်းချရန် ဆုံးဖြတ်ထားခြင်းဖြစ်သည်။

ယခုနှစ်အတွင်း အမည်မဖော်ပြခဲ့သည့် အာရပ်သန်းကြွယ်သူဌေးတစ်ဦးက လီဗာပူးအသင်းကို Fenway Sports Group ထံမှ စတာလင်ပေါင် ၂ ဒသမ ၅ ဘီလီယံဖြင့် ဝယ်ယူရန် ကမ်းလှမ်းမှုပြုလုပ်ခဲ့သော်လည်း ငြင်းဆိုခဲ့ပြီးအနည်းဆုံး စတာလင်ပေါင် လေးဘီလီယံထိ အလိုရှိနေကြောင်း သိရသည်။STA

# ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ဒိန်းမတ်အသင်းက ကစားသမားစာရင်းထုတ်ပြန်

**ကိုပင်ဟောင် နိုဝင်ဘာ ၈**

ဒိန်းမတ်အသင်းက ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် အပြီးသတ် ကစားသမားစာရင်းကို ထုတ်ပြန်ကြေညာခဲ့ရာ မန်ယူအသင်းနှင့် အကောင်းဆုံးခြေစွမ်းပြသလျက်ရှိနေသည့် ကွင်းလယ်ကစားသမား အဲရစ်ဆင်လည်း ပါဝင်လာခဲ့သည်ဟု ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။



ယခုလအတွင်း ကာတာနိုင်ငံ၌ ကျင်းပမည့် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်အသင်းများအနေဖြင့် ယခုရက်ပိုင်းအတွင်း အပြီးသတ် ကစားသမားစာရင်းကို အသီးသီး အတည်ပြုထုတ်ပြန်ကြမည်ဖြစ်ပြီး လက်ရှိတွင် ဘရာဇီးအသင်းနှင့် ဂျပန်အသင်းတို့ပြီးလျှင် ဒိန်းမတ်အသင်းက တတိယမြောက် ကစားသမားစာရင်းထုတ်ပြန်ခဲ့သည့်အသင်းဖြစ်လာခဲ့သည်။

နည်းပြ ကက်စ်ပါကရွေးချယ်ခဲ့သည့် ဒိန်းမတ်အသင်း၏ ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်မည့် အပြီးသတ်ကစားသမားစာရင်းမှ ဂိုးသမားနေရာတွင် ရှမိုက်ကယ်၊ ရှွန်နောင်း၊ အိုလီဗာ၊ ခံစစ်ကစားသမားနေရာတွင် ခါဂျာ၊ လာဆင်၊ ရောဘက်စတော့၊ ခရစ်စတန်ဆန်၊ ရက်မက်၊ အလက်ဇန်းဒါးဘက်၊ နယ်ဆင်၊ ကွင်းလယ်ကစားသမားနေရာတွင် ဒန်နီရယ်ဝက်စ်၊ အဲရစ်ဆင်၊ ဒီလန်နီ၊ဟော့ဂျက်၊ဖီးလစ်ဘလင်း၊ဂျန်ဆန်၊ ဂျီအာကွင်၊ အိုလီဆန်၊ တိုက်စစ်ကစားသမားနေရာတွင် ဘရိုက်ဝိုက်၊ အန်းဒရက်၊ ဒေါ့ဘက်ချ်၊ ဒီရီယာ၊ ဒမ်းစတက်နှင့် ဟော့လန်တို့ပါဝင်ခဲ့ကြသည်။

ဒိန်းမတ်အသင်းသည် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စု(D)တွင် လက်ရှိချန်ပီယံ ပြင်သစ်အသင်း၊ သြစတြေးလျအသင်း၊ တူနီးရှားအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး အုပ်စုပွဲစဉ်များအဖြစ် လာမည့် နိုဝင်ဘာ ၂၂ ရက်တွင် တူနီးရှားအသင်း၊ နိုဝင်ဘာ ၂၆ ရက်တွင် ပြင်သစ်အသင်းနှင့် နိုဝင်ဘာ ၃၀ ရက်တွင် သြစတြေးလျအသင်းတို့နှင့် ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

STA

# ဂက်စ်ပိုကို မန်ယူအသင်းထံရောင်းချရန် ဆွေးနွေးနေဟု ပီအက်စ်ဗွီအသင်း ကြေညာ

**မန်ချက်စတာ နိုဝင်ဘာ ၈**

ပီအက်စ်ဗွီအသင်းက ၎င်းတို့အသင်းမှ လူငယ်တိုက်စစ်ကစားသမား ဂက်စ်ပိုကို မန်ယူအသင်းထံရောင်းချရန်အတွက် နှစ်ဖက်အသင်းတာဝန်ရှိသူတို့ ဆွေးနွေးမှုများပြုလုပ်လျက်ရှိနေသည်ဟု ကြေညာခဲ့ကြောင်း The Telegraph က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၃နှစ်သာရှိသေးသည့် ဂက်စ်ပိုသည် ယခုနှစ်ဘောလုံးရာသီတွင် ပီအက်စ်ဗွီအသင်းခေါင်းဆောင်အဖြစ် တာဝန်ယူထားသူဖြစ်ပြီး အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသလျက်ရှိကာ လိဂ်ပွဲစဉ် ၁၃ ပွဲကစားပြီး ကိုးဂိုးသွင်းယူနိုင်ခဲ့သကဲ့သို့ ဂိုးဖန်တီးမှု ၁၂ ကြိမ်ထိ ပြုလုပ်နိုင်ခဲ့သောကြောင့် လာမည့် ဇန်နဝါရီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ထိပ်တန်းအသင်းကြီးများ၏ စောင့်ကြည့်ခြင်းခံနေရသူဖြစ်သည်။

မန်ယူအသင်းက ဂက်စ်ပိုကို ပြီးခဲ့သည့် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလကတည်းက ခေါ်ယူရန်နီးစပ်ခဲ့ဖူးပြီး အေဂျက်အသင်းမှ အန်တိုနီကို ခေါ်ယူခဲ့သည့်အတွက် ဂက်စ်ပိုကို ခေါ်ယူမည့်အစီအစဉ်ကို လက်လျှော့ခဲ့ရသော်လည်း လာမည့် ဇန်နဝါရီကစားသမားအပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန် ဒုတိယအကြိမ်ထပ်မံကြိုးပမ်းနေခြင်းဖြစ်သည်။

လက်ရှိတွင် မန်ယူအသင်းက ဇန်နဝါရီ ကစားသမားအပြောင်းအရွှေ့ကာလတွင် နည်းပြတန်ဟတ်အတွက် ပြောင်းရွှေ့ကြေးအသုံးစရိတ်အဖြစ် စတာလင်ပေါင် သန်း ၁၀၀ ခန့်ထိ ခွင့်ပြုပေးထားသဖြင့် ဂက်စ်ပိုသည် ဦးစားပေးခေါ်ယူမည့် ကစားသမားဖြစ်လာနိုင်ကြောင်း သိရသည်။

STA



# ဘရာဇီးအသင်းတွင်ရွေးချယ်ခံရသည့် ဒန်နီအဲလ်ဗက် ကမ္ဘာ့ဖလားတွင် အသက်အကြီးဆုံးပြိုင်ပွဲဝင်ကစားသမားဖြစ်လာ

**ရီယိုဒီဂျနေးရိုး နိုဝင်ဘာ ၈**

ဘရာဇီးအသင်းက ထုတ်ပြန်ခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲဝင်မည့် ကစားသမား ၂၆ ဦးစာရင်းတွင် ဝါရင့်ခံစစ်ကစားသမား ဒန်နီအဲလ်ဗက်ပါဝင်လာပြီး ဘရာဇီးဘောလုံးသမိုင်းတွင် အသက်အကြီးဆုံးပြိုင်ပွဲဝင်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်ဟု Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။



ယခင်က ဘရာဇီးအသင်းနှင့်အတူ ကမ္ဘာ့ဖလားတွင်ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ဒယ်မာဆန်းတို့စ်သည် အသက် ၃၇ နှစ်ဖြင့် အသက်အကြီးဆုံးကစားသမားအဖြစ်ရပ်တည်ခဲ့နေသော်လည်း ယခုအခါ ဒန်နီအဲလ်ဗက်က အသက် ၃၉ နှစ်ဖြင့် ဘရာဇီးဘောလုံးသမိုင်းတွင် ကမ္ဘာ့ဖလားယှဉ်ပြိုင်ကစားရသည့် အသက်အကြီးဆုံး ကစားသမားအဖြစ်မှတ်တမ်းဝင်ခဲ့သည်။

ဘရာဇီးအသင်း ကစားသမားစာရင်းတွင် လီဗာပူးအသင်းတိုက်စစ်မှူး ဖာမင်နို ချန်လှပ်ခံခဲ့ရသော်လည်း အာဆင်နယ်နှင့်အတူ ခြေစွမ်းပြသလျက်ရှိနေသည့်လူငယ်ကစားသမား မာတင်နယ်လီပါဝင်လာခဲ့သည်။

ဘရာဇီးအသင်း ကစားသမားစာရင်းမှ ဂိုးသမားနေရာတွင် အယ်လစ်ဆန်၊ အန်ဒါဆန်၊ ဝီဘာတန်၊ ခံစစ်ကစားသမားနေရာတွင် ဆန်ဒရို၊တဲလ်လက်စ်၊ဘရီမာ၊ဒန်နီအဲလ်ဗက်၊ ဒန်နီလို၊ မီလီတာအို၊ မာကွင်ဟို၊ သီယာဂိုဆေးဗား၊ ကွင်းလယ်ကစားသမားနေရာတွင် ဂီမာရေ့စ်၊ ကက်စမဲရိုး၊ ရီဘာရို၊ ဖာဘင်ဟို၊ ဖရက်ဒ်၊ လူးကပ်ပါကွီတာ၊ တိုက်စစ်ကစားသမားနေရာတွင် အန်တိုနီ၊ ဂျီးဆပ်စ်၊ မာတင်နယ်လီ၊ နေမာ၊ ပက်ထရို၊ ရာဖင်ဟာ၊ ရစ်ချာလီဆန်၊ ရိုဒရီဂိုနှင့်ဗင်နီစီးယက်စ်တို့ ပါဝင်ခဲ့ကြကြောင်း သိရသည်။

ML

# အီတလီစီးရီးအေ ပွဲစဉ် (၁၄) ပွဲကြိုသုံးသပ်ချက်များ

ML

**ဗီရိုနာ Vs ဂျူဗင်တပ်**

**ကစားမည့်ရက်/အချိန် ၁၀-၁၁-၂၀၂၂ (ည ၁၂း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဂျူဗင်တပ် ၂ - ၀ ဗီရိုနာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဗီရိုနာ** | - | **ဝေး(ရှုံး)** | **အိမ်(ရှုံး)** | **ဝေး(ရှုံး)** |
| **ဂျူဗင်တပ်** | - | **ဝေး(နိုင်)** | **အိမ်(ရှုံး)** | **အိမ်(နိုင်)** |

အမှတ်ပေးပွဲမှာ တစ်ပွဲသာအနိုင်ရရှိထားတဲ့ ဗီရိုနာအသင်းကတော့ အသင်းလိုက်ကစားပုံကျဆင်းနေပြီး ခံစစ်ပိုင်းကလဲ ပေးဂိုးများနေပါတယ်။ ဂျူဗင်တပ်အသင်းကတော့ အမှတ်ပေးချန်ပီယံဆုသာမျှော်လင့်ရမှာဖြစ်လို့ နိုင်ပွဲရှာဖွေမှာပါ။ ဒါကြောင့် ကစားသမားစုဖွဲ့မှုကောင်းနေတဲ့ ဂျူဗင်တပ်အသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း - ဗီရိုနာ ၀ - ၂ ဂျူဗင်တပ်**

**လာဇီယို Vs မွန်ဇာ**

**ကစားမည့်ရက်/အချိန် ၁၁-၁၁-၂၀၂၂ (နံနက် ၀၂း၁၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**မရှိ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **လာဇီယို** | - | **အိမ်(ရှုံး)** | **ဝေး(ရှုံး)** | **ဝေး(နိုင်)** |
| **မွန်ဇာ** | - | **ဝေး(ရှုံး)** | **အိမ်(ရှုံး)** | **အိမ်(နိုင်)** |

လာဇီယိုအသင်းဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာ ရိုးမားအသင်းကိုအနိုင်ရရှိထားတဲ့အပြင် အိမ်ကွင်းတိုက်စစ်ထက်မြက်တဲ့အသင်းဖြစ်တာကြောင့် အခုပွဲစဉ်ကို ဖိအားပေးလာမှာပါ။ မွန်ဇာအသင်းကတော့ကစားသမားစုဖွဲ့မှုအားနည်းတဲ့အပြင်ခြေစွမ်းပိုင်းလဲတည်ငြိမ်မှုမရှိလို့ အိမ်ရှင်အားသာချက်နဲ့တိုက်စစ်ပိုင်းထက်မြက်တဲ့ လာဇီယိုအသင်းပဲအနိုင်ရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း - လာဇီယို ၂ - ၁ မွန်ဇာ**

# ဂိုလို့ဗ်ကင်သည် မစ်ဒယ်ဝိတ်တန်း၌ ဆက်လက်ထိုးသတ်၍ ကြိုးဝိုင်းအတွင်း ပြန်လည်ဝင်ရောက်ရန် ပြင်ဆင်နေဟု နည်းပြဖြစ်သူပြောကြား

**အက်စ်တာနာ နိုဝင်ဘာ ၈**

IBF၊ IBO မစ်ဒယ်ဝိတ်တန်း ချန်ပီယံ ကာဇက်စတန်လက်ဝှေ့သမား ဂိုလို့ဗ်ကင်သည် WBA (Super)၊ WBC၊ IBF၊ WBO စူပါမစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ စိန်ခေါ်ပွဲအဖြစ် လက်ရှိချန်ပီယံ ကန်နဲလိုအယ်ဗာရက်ဇ်နှင့်စက်တင်ဘာ ၁၈ ရက်ကထိုးသတ်ခဲ့ရာ ဒိုင်အမှတ်ဖြင့် ရှုံးနိမ့်ခဲ့သည်ဟု Boxing News24 သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကန်နဲလို အယ်ဗာရက်ဇ်ကို သုံးကြိမ်မြောက်စိန်ခေါ်ပွဲ၌ ဒုတိယအကြိမ်ရှုံးနိမ့်ခဲ့ရပြီး လက်ဝှေ့လောကမှ ခေတ္တအနားယူခဲ့ရာမှ ယခုအခါ စိန်ခေါ်ပွဲပြန်လည်ထိုးသတ်ရန် ပြင်ဆင်လေ့ကျင့်မှုများပြုလုပ်နေပြီး ၎င်းအနေဖြင့် မစ်ဒယ်ဝိတ်တန်း၌သာ ထိုးသတ်သွားမည်ဖြစ်ကြောင်း နည်းပြ တွမ်လော့ဖာက ပြောကြားခဲ့သည်။

ဂိုလို့ဗ်ကင်သည် စူပါမစ်ဒယ်ဝိတ်တန်း၌ထိုးသတ်မည်မဟုတ်ဘဲ မစ်ဒယ်ဝိတ်တန်းလောကပြိုင်ဘက်ကင်းချန်ပီယံဘွဲ့ကိုပြန်လည်ရယူရန် ပစ်မှတ်ထားနေသည်ဟု တွမ်လော့ဖလာက ပြောကြားခဲ့သည်။

မစ်ဒယ်ဝိတ်တန်းစိန်ခေါ်ပွဲများ ပြန်လည်ထိုးသတ်ရန် ပြင်ဆင်လေ့ကျင့်နေပြီဖြစ်သော်လည်း ဂိုလို့ဗ်ကင်သည် ထိုးသတ်မည့် ပြိုင်ဘက်ကစားသမားကို ရွေးချယ်ရခြင်းမရှိသေးကြောင်း သိရသည်။

အသက် ၄၀ နှစ်အရွယ် ဂိုလို့ဗ်ကင်သည် မစ်ဒယ်ဝိတ်တန်းလောကတွင် ပြိုင်ဘက်ကင်းချန်ပီယံအဖြစ် ကာလရှည် ရပ်တည်နိုင်ခဲ့သော်လည်း ပြီးခဲ့သည့် စက်တင်ဘာလက စူပါမစ်ဒယ်ဝိတ်တန်းတွင် ကန်နဲလိုအယ်ဗာရက်ဇ်နှင့် ထိုးသတ်ခဲ့ရာတွင် စွမ်းဆောင်ရည်ပိုင်း သိသိသာသာကျဆင်းလာပြီဖြစ်သည်။

အသက်အရွယ်အရ ဂိုလို့ဗ်ကင်သည် ယခင်အတိုင်း ပြန်လည်ထိုးသတ်နိုင်ဖွယ် မရှိတော့သည့်အတွက် လက်ဝှေ့လောကမှ အနားယူသင့်ကြောင်း ပရိသတ်တချို့က တိုက်တွန်းမှုများပြုလုပ်နေသော်လည်း ၎င်းသည် မစ်ဒယ်ဝိတ်တန်းလောကကို ဆက်လက်စိုးမိုးထားနိုင်ရေး အပြင်းအထန်လေ့ကျင့်နေပြီး WBC မစ်ဒယ်ဝိတ်တန်းကမ္ဘာ့ချန်ပီယံ ဂျာမဲလ်ချာလိုကို စိန်ခေါ်သွားရန် ဆန္ဒရှိနေကြောင်း သိရသည်။

AZL

**ကမ္ဘာ့ကျန်းမာရေးလောကရှုခင်း**

# ဆေးလိပ်နှင့်ဆေးရွက်ကြီး၏ လူသိနည်းသော နောက်ကွယ်မှဆိုးရွားမှုများ



ဆေးလိပ်နှင့်ဆေးရွက်ကြီး၏ ကျန်းမာရေးအပေါ် ထိခိုက်စေမှုများကို အများသိကြ၊ ကြားဖူးကြသည်။ သို့သော် ဆေးလိပ်၊ ဆေးရွက်ကြီးကြောင့် စီးပွားရေးအရ မည်မျှဆုံးရှုံးမှုများ ဖြစ်နေသည်ဆိုသည်ကို အသိနည်းကြသည်။ ဆေးလိပ်ကိုမိဂ္ဂိုဝဲမှုကြောင့် ရောဂါတစ်ခုခုရလာပြီဆိုသည်နှင့် ကာယကံရှင်ပုဂ္ဂိုလ်သည် အလုပ်မလုပ်နိုင်တော့ပေ။ ဝင်ငွေထိခိုက်မှုကစလာပြီ။ ဆေးကုသမှု ကုန်ကျစရိတ်များဦးမည်ဖြစ်သည်။ ဆေးလိပ်နှင့်ဆက်နွယ်သည့်ရောဂါများကြောင့် ကုန်ထုတ်လုပ်မှုထိခိုက်ပြီး နစ်နာမှုအရပ်ရပ်သည် ကမ္ဘာတစ်လွှား တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ထရီလီယံ ရှိသည်ဟုဆိုသည်။

ဆေးရွက်ကြီးစိုက် တောင်သူတစ်ဦးထံမှ ဆေးလိပ်သောက်သုံးသူတစ်ဦးထိ ဆေးလိပ်ထုတ်လုပ်မှုလမ်းကြောင်းတစ်လျှောက် သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်နစ်နာမှုများ မည်မျှဖြစ်စေခဲ့သည်ကိုလည်း သိနားလည်သူနည်းပါးသည်။ ဆေးလိပ်၊ ဆေးရွက်ကြီး ထုတ်လုပ်မှုနှင့်အတူ ကမ္ဘာ့ရေအရင်းအမြစ်ပျက်သုဉ်းရမှုများရှိသည်။ ဆေးရွက်ကြီးစိုက်ခင်းများဖော်ထုတ်မှုကြောင့် သစ်တောပြုန်းတီးမှုများ ရှိလာနိုင်သည်။ တောမီးရှို့ ရှင်းလင်းမှုများကြောင့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ထုတ်လွှတ်မှုများလည်း ရှိလာနိုင်သည်။ တစ်နှစ်လျှင် ဆေးလိပ်နှင့် ဆေးရွက်ကြီးမိဂ္ဂိုဝဲသူ ခုနစ်သန်းကျော်ကို သေကြေပျက်စီးနေစေသည့် ဆေးရွက်ကြီးထုတ် လုပ်ငန်းကြီးတစ်ခုလုံးကို ရပ်တန့်သွားစေရန် ကြိုးပမ်းမှုများစွာ ရှိနေသည်။

ဆေးရွက်ကြီးစိုက်ခင်းများတွင် အလုပ်လုပ်နေကြသူများ၏ ၂၅ ရာခိုင်နှုန်းသည် နီကိုတင်းအဆိပ်ဓာတ်သင့်မှုနှင့် ကြုံတွေ့နေကြရသည်။ ဆေးလိပ်မသောက်တတ်သည့်တိုင်အောင် ဆေးရွက်ကြီးစိုက်ခင်းလုပ်သားတစ်ဦးသည် တစ်ရက်လျှင် စီးကရက်အလိပ် ၅၀ သောက်သုံးလျှင် ရရှိမည့်နီကိုတင်းပမာဏကို ရရှိနေသည်။ လုံလောက်သည့် အကာအကွယ်ဝတ်ဆင်ခြင်းမရှိဘဲ ဆေးရွက်ကြီးစိုက်ခင်းတွင် အလုပ်လုပ်မည်ဆိုပါက ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများတွင်ပါဝင်သည့် အန္တရာယ်ရှိသော ဓာတုပစ္စည်းများသာမက ဆေးရွက်ကြီးချေး (Tobacco dust) များနှင့်ပါ ထိတွေ့ကြရမည်ဖြစ်သည်။

လုပ်အားခဈေးပေါပေါနှင့် ရရှိနိုင်သည့်အတွက် ကလေးငယ်များကို ဆေးရွက်ကြီးစိုက်ခင်းများတွင် အများအပြား အလုပ်ပေးထားကြသည်လည်းရှိသည်။ ကလေးသူငယ်အလုပ်သမားများစွာကြောင့် ဆေးရွက်ကြီးကုမ္ပဏီများ အကျိုးများစွာဖြစ်ထွန်းနေကြသည်။ အသက်ငယ်ငယ်ရွယ်ရွယ်ဘဝတွင် နီကိုတင်း၊ ဆေးရွက်ကြီးချေးများနှင့် ထိတွေ့ကြရသည့်အတွက် နာတာရှည်ကျန်းမာရေးပြဿနာများစွာ ခံစားရရန် သေချာသည်။

တရုတ်နိုင်ငံတွင်ဆိုလျှင် ဆေးရွက်ကြီးရာသီရောက်ပြီဆိုသည်နှင့် စိုက်ခင်းထဲအလုပ်ဆင်းကြသော အမျိုးသမီးအလုပ်သမားများ၏အလုပ်ချိန်မှာ တစ်ရက်လျှင် ၁၆ နာရီခန့်ထိပင်ရှိသည်ဟုဆိုသည်။ အမျိုးသားများကဲ့သို့ လစာမပေးပေ။ အမျိုးသမီးတောင်သူများကို ဈေးပေါပေါနှင့်ခိုင်းကြသည်။ တရုတ်ဆေးရွက်ကြီးစိုက်ခင်းအလုပ်သမများ၏ ၄၀ ရာခိုင်နှုန်းက ဆေးရွက်ကြီးနှင့်ထိတွေ့ကိုင်တွယ်နေရသဖြင့် ဖြစ်လာနိုင်သည့် ကျန်းမာရေးဆိုးကျိုးများကို မသိရှိကြကြောင်း သုတေသနစစ်တမ်းများက ဆိုသည်။ သည်ထက်ဆိုးသည်က တန်ဇန်းနီးယားနှင့် ကင်ညာနိုင်ငံတို့မှ ဆေးရွက်ကြီးစိုက်တောင်သူ အမျိုးသမီးအလုပ်သမားများ၏ ၇၀ ရာခိုင်နှုန်းသည် ကိုယ်ဝန်ဆောင်ထားစဉ် အချိန်မှာပင် စိုက်ခင်း၌ အလုပ်ဆင်းမပျက်ကြကြောင်း သိရသည်။

လက်ရှိကာလတွင် အာဖရိကတိုက်နိုင်ငံများမှလွဲ၍ ကျန်ကမ္ဘာ့နိုင်ငံအသီးသီးရှိ အမျိုးသားများကြား ဆေးလိပ်သောက်သုံးမှုမှာ တစ်စတစ်စလျော့ကျလာလျက်ရှိသည်ဟု ဆိုသည်။ ကမ္ဘာတစ်လွှား အမျိုးသမီးများ ဆေးလိပ်သောက်သုံးမှုက အမျိုးသားများလောက်မများသော်လည်း ယခုနောက်ပိုင်းကာလများတွင် အမျိုးသမီးများကိုပစ်မှတ်ထား၍ ဆေးလိပ်ကုမ္ပဏီကြီးများက ဆွဲဆောင်လာကြသည်။ ဆေးလိပ်ကို အမျိုးသမီးထု၏ပြယုဂ်သင်္ကေတဖြစ်လာအောင်ထိ ကြော်ငြာနေကြသည်။ ကျား၊ မ တန်းတူအခွင့်အရေး တိုက်ပွဲဝင်ကြသည့်နေရာတွင် ဆေးလိပ်သောက်ပြခြင်းဖြင့် ကျား၊ မ အခွင့်အရေးတူသွားပြီဟူသည့် သဘောမျိုးဖြစ်အောင် အမျိုးသမီးများကို ဆေးလိပ်သောက်ရန် ဆွဲဆောင်နေကြသည်။

ဆေးလိပ်ကို နှုတ်ခမ်းနီတောင့်ပုံစံဖန်တီးသည်။ ဆေးလိပ်ဘူးများကို မိတ်ကပ်ဘူးနှင့်တူအောင် ပုံပြောင်းသည်။ ဆေးလိပ်ကို အမျိုးသမီးသုံး မရှိမဖြစ်ပစ္စည်းဖြစ်လာအောင် ပုံသွင်းယူနေသည်ဟု ထင်ရသည်။ ယနေ့ ဖွံ့ဖြိုးမှုနိမ့်ကျသည့် နိုင်ငံတချို့တွင် အမျိုးသမီးဆေးလိပ်သောက်သုံးမှုပိုများလာနေသည်။ ဆေးလိပ်ကိုရေရှည်သောက်သုံးသည့်အခါ နာတာရှည် အဆုတ်ပွရောဂါဖြစ်တတ်ကြောင်း အများသိကြသည်။ အချို့ဒေသများတွင် နာတာရှည်အဆုတ်ပွရောဂါဖြစ်ပွားနှုန်းက အမျိုးသား၊ အမျိုးသမီး အချိုးအစားအတူတူ ဖြစ်နေသည်။ အဓိပ္ပာယ်က အမျိုးသမီးများသည်အမျိုးသားများလောက် ဆေးလိပ်မသောက်သော်လည်း ဆေးလိပ်သောက်သည့် အမျိုးသမီးများတွင် အမျိုးသားများထက် နာတာရှည်အဆုတ်ပွရောဂါခံစားရရန် ပိုမိုလွယ်ကူကြောင်း အဖြေထွက်သည်။

ဆေးလိပ်သောက်သုံးမှုကြောင့် ဖြစ်ရသည့်ရောဂါများကို စောစီးစွာကြိုတင်သိရှိနိုင်ရန် သက်ဆိုင်ရာဒေသများအလိုက်၊ လူမျိုးစုများအလိုက် မိမိတို့ကိုယ်ပိုင် ဆေးလိပ်နောက်ဆက်တွဲဆိုးကျိုးများဆိုင်ရာ စစ်တမ်းများ ပြုစုထားရန်လိုအပ်သည်။ အဖြစ်များသည့် နောက်ဆက်တွဲဆိုးကျိုးများကိုသိမှသာ ရောဂါများကြိုတင်ရှာဖွေရန် လမ်းညွှန်ချက်များချမှတ်ပေးနိုင်မည်။

ဩစတြေးလျနှင့်ကနေဒါနိုင်ငံတို့တွင် မူလအစကတည်းက နေထိုင်ကြသည့် ဒေသခံတိုင်းရင်းသားလူမျိုးများရှိကြသည်။ အဆိုပါ ဒေသခံလူမျိုးများက နောက်မှရောက်လာသည့် မျက်နှာဖြူများထက် ဆေးလိပ်ကို ပိုခုံမင်ကြသည်။ ယခုအခါတွင် ဆေးလိပ်ကုမ္ပဏီကြီးများက အဆိုပါ ဒေသခံလူမျိုးများဆီ ဦးတည်ပြီး လျှပ်စစ်စီးကရက်ကဲ့သို့သော နည်းပညာမြင့် ပစ္စည်းများကို မိတ်ဆက်ပေးနေကြသည်။ ထရိုဂျင်မြင်းနည်းဗျူဟာဟုပင် ဆိုကြသည်။

ဆေးလိပ်ဆေးရွက်ကြီး စီးပွားရေးလုပ်ငန်းကြီး၏ နောက်ကွယ်မှ ကျန်းမာရေးထိခိုက်စေမှု အကျိုးဆက်များနှင့်သဘာဝပတ်ဝန်းကျင် ထိခိုက်မှုဆိုးကျိုးများကို သိနားလည်ရန် လိုသည်။ ဆေးလိပ်ကုမ္ပဏီကြီးများဘက်ကလည်း ဆေးရွက်ကြီးစိုက်ခင်းများတွင် ကလေးသူငယ်လုပ်သားခိုင်းစေမှုများကို ပပျောက်စေရန် ဝင်ရောက်ဆောင်ရွက်နေကြခြင်းရှိသည်။ သို့ပေမဲ့ သက်ဆိုင်ရာအစိုးရများ၏ ကြီးကြပ်မှု၊ တွန်းအားပေးမှုများလည်း မရှိမဖြစ်လိုအပ်နေပါသေးသည်။

ပြင်သစ်၊ စပိန်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့ရှိ ဆန်ဖရန်စစ္စကိုမြို့များတွင် ညစ်နွမ်းစေသူမှ ပြန်ပေးကြေးမူဝါဒ (Polluter Pays Principle) ကို ကျင့်သုံးနေကြသည်။ အဓိပ္ပာယ်မှာ သဘာဝပတ်ဝန်းကျင်ကို ညစ်နွမ်းစေသူ ဆေးလိပ်ကုမ္ပဏီများက တာဝန်ယူပြီး သဘာဝပတ်ဝန်းကျင်ကို ပြန်လည် သန့်ရှင်းစေရန်ဖြစ်သည်။ စီးကရက်စက်ရုံကြီးများကြောင့် ဖန်လုံအိမ်ဓာတ်ငွေ့များထွက်သည်။ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေမည့် ကာဗွန်များထွက်သည်။ အဆိုပါကာဗွန်များကို ပြန်လည် ရှင်းလင်းမည့်တာဝန်ကို ထုတ်လုပ်သည့်သူများကပင် တာဝန်ယူရမည်။ သည်အတွက် ကာဗွန်အခွန် (Carbon Tax) ကောက်ကြသည်။ ကလေးသူငယ်များကို အဝလွန်စေသည့် အစားအသောက်များအပေါ် သကြားခွန် (Sugar Tax) ကောက်သကဲ့သို့ လေထုထဲ ကာဗွန်များထုတ်လွှတ်နေသည့် ဆေးလိပ်စက်ရုံများကို ကာဗွန်ခွန်ကောက်ခံခြင်းဖြစ်သည်။ ယူကရိန်းနိုင်ငံတွင် ဆေးရွက်ကြီးထွက်ကုန်မှန်သမျှ အခွန်တိုးကောက်သည့်စီမံချက်ကို စတင်နေပြီဖြစ်သည်။ ဆေးရွက်ကြီးလုပ်ငန်းရှင်များ၏ အမြတ်ခွန်ကို ၁၂ ဆ မြှင့်လိုက်ခြင်းဖြင့် နေ့စဉ်ဆေးလိပ်သောက်သူ ၄၀ ရာခိုင်နှုန်းထိ ကျဆင်းသွားသည်ကို တွေ့ရသည်။

နယူးဇီလန်နိုင်ငံတွင်ဆိုလျှင် ဆေးလိပ်ကို တရားမဝင် ပစ္စည်းတစ်ခုနှယ် စာရင်းသွင်းရန်ပင် ကြိုးပမ်းနေကြသည်။ ဆေးလိပ်သောက်သုံးသည့် မျိုးဆက်ပြတ်သွားရန် တာစူနေသည်။ ဆေးလိပ်သောက်သုံးနိုင်သည့် အသက်အရွယ်ကိုလည်း တစ်နှစ်တစ်ကြိမ်တိုးပြီး သတ်မှတ်နေသည်။ ယူကေနိုင်ငံတွင်လည်း ၂၀၃၀ ပြည့်နှစ်အမီ ဆေးလိပ်ကင်းဝေးသည့် တိုင်းပြည်ဖြစ်ရန် ဆောင်ရွက်နေကြသည်။ ဝင်ငွေနိမ့်နှင့် ဝင်ငွေအလယ်အလတ်စားနိုင်ငံများတွင် ဆေးလိပ်ကုမ္ပဏီကြီးများ၏ မက်လုံးပေးစိန်ခေါ်မှုဒဏ်ကို ရင်ဆိုင်ခံစားနေရဆဲဖြစ်သည်။ ချမ်းသာသည့်နိုင်ငံများကဲ့သို့ ဆေးလိပ်ကုမ္ပဏီကို မာမာကျောကျော မဆက်ဆံနိုင်သည့် အခြေအနေဖြစ်သည်။ ထင်သာမြင်သာရှိသည့် မူဝါဒများချမှတ်ပြီးနည်းလမ်းများ ရှာဖွေဆောင်ရွက်နိုင်ပါမှ ဆေးလိပ်နှင့်ဆေးရွက်ကြီးထိန်းချုပ်မှုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ပါလိမ့်မည်။

ဆေးလိပ်၊ ဆေးရွက်ကြီး၏ အများသိရှိထားပြီးဘေးအန္တရာယ်များထက် လူသိနည်းပြီး ဖုံးကွယ်နေသည့် ဘေးထွက်ဆိုးကျိုးများက ပိုကြောက်ရန်ကောင်းသည်။ စီးကရက်ကိုသောက်သုံးသူမှ မဟုတ်။ ဆေးရွက်ကြီးစိုက်ခင်းများမှအစ၊ စီးကရက်စက်ရုံများအလယ် ဆေးလိပ်ငွေ့ကို ရှူရှိုက်မိသူများအဆုံး ဆေးရွက်ကြီးမှ စီးကရက်ဖြစ်စဉ်ကြီးတစ်လျှောက် ကြောက်မက်ဖွယ်ဆိုးကျိုးများဖြင့် ပြည့်နှက်နေသည်။ သဘာဝပတ်ဝန်းကျင်ညစ်နွမ်းမှု၊ ဆေးရွက်ကြီးတောင်သူများ၏ ကျန်းမာရေးနှင့်စီးကရက်ကုမ္ပဏီကြီးများ၏ ဦးတည်သိမ်းသွင်းခြင်းခံရသည့် အမျိုးသမီးထုနှင့် တိုင်းရင်းသားလူနည်းစုများကို ကယ်တင်နိုင်ရေးလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်နေပါကြောင်း တင်ပြလိုက်ရပါသည်။

**❖ ဆေးလိပ်ကို နှုတ်ခမ်းနီတောင့်ပုံစံဖန်တီးသည်။ ဆေးလိပ်ဘူးများကို မိတ်ကပ်ဘူးနှင့်တူအောင် ပုံပြောင်းသည်။ ဆေးလိပ်ကို အမျိုးသမီးသုံး မရှိမဖြစ်ပစ္စည်းဖြစ်လာအောင် ပုံသွင်းယူနေသည်ဟု ထင်ရသည်။ ယနေ့ဖွံ့ဖြိုးမှုနိမ့်ကျသည့် နိုင်ငံတချို့တွင် အမျိုးသမီးဆေးလိပ်သောက်သုံးမှု ပိုများလာနေသည်။ ဆေးလိပ်ကို ရေရှည်သောက်သုံးသည့်အခါ နာတာရှည် အဆုတ်ပွရောဂါဖြစ်တတ်ကြောင်း အများသိကြသည်။ အချို့ဒေသများတွင် နာတာရှည်အဆုတ်ပွရောဂါဖြစ်ပွားနှုန်းက အမျိုးသား၊ အမျိုးသမီး အချိုးအစားအတူတူဖြစ်နေသည်။ ❖**

**ကိုးကား:**

- **The hidden costs of big tobacco from Lancet Respiratory, July 2022**

**ဒေါက်တာလွှမ်းမိုးဟန်**

# ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ကျွန်းရွှေဝါပန်းချီပြခန်းတွင် ပန်းချီဆရာခုနစ်ဦး၏ IDEA အွန်လိုင်းပန်းချီပြပွဲ ပြသ



**ရန်ကုန် နိုဝင်ဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ ကျွန်းရွှေဝါပန်းချီပြခန်းတွင် ပန်းချီဆရာခုနစ်ဦး၏ IDEA အွန်လိုင်းပန်းချီပြပွဲ ပြသကြောင်း ပန်းချီဆရာ အောင်သက်ခိုင်က ပြောပြ၍ သိရသည်။

အဆိုပါ IDEA အွန်လိုင်းပန်းချီပြပွဲကို ယနေ့မှစ၍ နိုဝင်ဘာ ၁၈ ရက်ထိ ကျွန်းရွှေဝါပန်းချီပြခန်းတွင် နံနက် ၁၀ နာရီ မှ ညနေ ၄ နာရီ မိနစ် ၃၀ ထိပြသသွားမည်ဖြစ်သည့်အတွက် ပြခန်းသို့လည်း လာရောက်လေ့လာ ဝယ်ယူနိုင်ကြောင်း သိရသည်။

"ပြပွဲအမည်ကိုတော့ IDEA လို့အမည်ပေးထားပါတယ်။ ပြပွဲမှာ ကျွန်တော်အပါအဝင် မျက်နှာသစ်ပန်းချီဆရာ ခြောက်ယောက်ရဲ့ ပန်းချီကား ၃၅ ကားကို ပြသသွားမှာ ဖြစ်ပါတယ်။ ဒီပြပွဲမှာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)ကျောင်းဆင်းကျောင်းသား၊ ကျောင်းသူတွေရဲ့ ကျောင်းဆင်း ၂၀ နှစ်ပြည့်အထိမ်းအမှတ်လဲဖြစ်ပါတယ်။ ရန်ကုန်မှာရှိနေတဲ့ ကျောင်းဆင်းတွေထဲက စုစည်းနိုင်သလောက် စုစည်းထားတာပါ"ဟု ပန်းချီဆရာအောင်သက်ခိုင်က ပြောပြသည်။

အဆိုပါ အွန်လိုင်းပန်းချီပြပွဲတွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) ကျောင်းဆင်း ကျောင်းသား၊ ကျောင်းသူများဖြစ်ကြသည့် ပန်းချီအောင်သက်ခိုင်၊ ပန်းချီခင်မြင့်ခိုင်၊ ပန်းချီ ဝင်းမင်းသန်း၊ ပန်းချီလှမျိုးအိန္ဒြာ၊ ပန်းချီကိုကိုဦးနှင့် ပန်းချီဥမ္မာသိန်းမြင့်တို့၏ ရေဆေး၊ ဆီဆေးအပါအဝင် လက်ရာစုံဖြင့် ဖန်တီးထားသည့် ပန်းချီကားများပါဝင်ကြောင်း သိရသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏အရွယ်အစားများမှာ (၃၆×၂၄) လက်မ၊ (၂၄×၂၄)လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည့် အရွယ်အစားအစုံပန်းချီကားများပါဝင်ပြီး ပန်းချီကားဈေးနှုန်းမှာ ငွေကျပ်တစ်သိန်းမှ ငါးသိန်းထိရှိကြောင်း သိရသည်။ ASH

# ပိုလ်တထောင်ကျိုက်ဒေးအပ်စေတီတော်ရှိ နန်းဦးရုပ်ပွားတော်မြတ်အား သရုပ်ဆောင် ခန့်စည်သူ မိသားစုက မသိုးရွှေကြာသင်္ကန်း ကပ်လှူ

**ရန်ကုန် နိုဝင်ဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် ဗိုလ်တထောင်ကျိုက်ဒေးအပ်စေတီတော်ရှိ နန်းဦးရုပ်ပွားတော်မြတ်အား သရုပ်ဆောင် ခန့်စည်သူမိသားစုက မသိုးရွှေကြာသင်္ကန်းတော်ကို နိုဝင်ဘာ ၇ ရက် နံနက် ၄ နာရီ မိနစ် ၃၀ က ကပ်လှူခဲ့ကြောင်း သိရသည်။

သရုပ်ဆောင် ခန့်စည်သူမိသားစုသည် နှစ်စဉ်အလှူအဖြစ် ဗိုလ်တထောင်ကျိုက်ဒေးအပ်စေတီတော် မသိုးရွှေကြာသင်္ကန်းကပ်လှူခဲ့ခြင်းဖြစ်ပြီး ယခုနှစ်တွင် ဝဏ္ဏပဘာ ရက်ကန်းစင်ဖြင့် ရက်လုပ်သော မသိုးရွှေကြာသင်္ကန်းကို ကပ်လှူခြင်းဖြစ်ကြောင်း သိရသည်။

"ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ကြီးရဲ့ နန်းဦးရုပ်ပွားတော်မြတ်ကြီးမှာ ဒီနှစ်ဆိုရင် အကြိမ် (၂၀) မြောက်အနေနဲ့ မသိုးရွှေကြာသင်္ကန်းကပ်လှူခဲ့ပါတယ်။ ဝဏ္ဏပဘာရက်ကန်းစင်ရဲ့ ပင်မအလှူရှင်အနေနဲ့ လှူဒါန်းခဲ့တာဖြစ်ပါတယ်။ အဲဒီရက်ကန်းစင်က ရက်လုပ်တဲ့ မသိုးရွှေကြာသင်္ကန်းကို ကပ်လှူခဲ့တာဖြစ်ပါတယ်"ဟု သရုပ်ဆောင် ခန့်စည်သူက ပြောပြသည်။



သရုပ်ဆောင် ခန့်စည်သူနှင့် စေတနာရှင်၊ အလှူရှင်များသည် ပြီးခဲ့သည့် နိုဝင်ဘာ ၂ ရက်ကလည်း ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ဓမ္မဝိဟာရ ပထမကျော်စာသင်တိုက်နှင့် ဓမ္မရိပ်သာတွင် ကထိန်အလှူတော်နှင့် ဓမ္မဝိဟာရဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ကျောင်းသားဦးရေ ၂၀၀ တို့ကို နေ့လယ်စာ ထမင်း၊ ဟင်းများဖြင့် ကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

ASH

# ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ရပ်ကွက်တချို့တွင် သရုပ်ဆောင် ခိုင်နှင်းဝေနှင့် အလှူရှင်များက ငွေကျပ် ၁၀ သိန်း ပံ့သကူအလှူပြုလုပ်

**ရန်ကုန် နိုဝင်ဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ ရပ်ကွက်တချို့တွင် သရုပ်ဆောင် ခိုင်နှင်းဝေနှင့် အလှူရှင်များက တန်ဆောင်မုန်းလပြည့်နေ့ညတွင် ငွေကျပ် ၁၀ သိန်း ပံ့သကူအလှူပြုလုပ်ခဲ့ကြောင်း သိရသည်။

တန်ဆောင်မုန်းလပြည့်နေ့ညတွင် မြန်မာတို့၏ အလှူတစ်ခုဖြစ်သည့် ငွေကြေးနှင့် အခြားအသုံးအဆောင်ပစ္စည်းများကို ပံ့သကူအလှူအဖြစ် လှူဒါန်းလေ့ရှိရာ ယခုနှစ်တွင်လည်း ဒဂုံမြို့သစ်(တောင်ပိုင်း)ရှိ မြို့နယ်တချို့တွင် ငွေကျပ် ၁၀ သိန်းကို ၁၀ နေရာခွဲ၍ ပံ့သကူအလှူအဖြစ် လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

"နှစ်တိုင်းတော့ အသင်းတည်ရာ ကိုယ်နေတဲ့ဝန်းကျင် ရပ်ကွက်တွေမှာ ပံ့သကူပစ်လေ့ရှိပါတယ်။ ဒီနှစ်လဲ ငွေကျပ် ၁၀၀၀၀ ကို အိတ်လေးတွေနဲ့ထည့်ပြီးတော့ တစ်နေရာကို ငွေကျပ် ၁၀၀၀၀၀ နှုန်းနဲ့ ၁၀ နေရာမှာ ပံ့သကူအလှူလုပ်ပါတယ်။ ညနေ ၆ နာရီကစပြီး ပံ့သကူအလှူလုပ်ပါတယ်။ အားလုံး ငွေကျပ် ၁၀ သိန်းဖြစ်ပါတယ်။ ခုနစ်ရက်သားသမီးတွေရဲ့ အလှူပါပဲ"ဟု သရုပ်ဆောင် ခိုင်နှင်းဝေက ပြောပြသည်။

သရုပ်ဆောင် ခိုင်နှင်းဝေနှင့် စေတနာရှင်၊ အလှူရှင်များသည် လစဉ် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တချို့တွင် ဝင်ငွေနည်း အခက်အခဲရှိ မိသားစုများကို ငွေကြေး၊ ဆန်၊ ဆီ၊ စားသောက်ကုန်များ ပံ့ပိုးလျက်ရှိကြောင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်တွင် ခိုင်နှင်းဝေရင်သွေးလေးများဂေဟာကို ဖွင့်လှစ်ထားပြီး ရင်ခွင်ပိုက်အရွယ်မှ အသက်ငါးနှစ်ခန့်ထိ ကလေးငယ်များကို ပြုစုစောင့်ရှောက်နေကြောင်း သိရသည်။ ASH

# The Ballad of Songbirds & Snakes ဇာတ်ကား ရိုက်ကူးရေးပြီးဆုံး

**နယူးယောက် နိုဝင်ဘာ ၈**

The Hunger Games ဇာတ်ကားဖြစ်သည့် The Ballad of Songbirds & Snakes ဇာတ်ကား ရိုက်ကူးရေးလုပ်ငန်းများ တရားဝင် ပြီးဆုံးပြီဖြစ်ကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၇ ရက်တွင် ရေးသားတင်ပြထားသည်။

The Ballad of Songbirds & Snakes ဇာတ်ကား ရိုက်ကူးရေးလုပ်ငန်း ပြီးဆုံးမှုကို မင်းသမီး ရာချယ်ဇီဂလာက တွစ်တာစာမျက်နှာ၌ အတည်ပြုထားခြင်းဖြစ်သည်။

အဆိုပါဇာတ်ကားသည် The Hunger Games ဇာတ်ကားများ၏ဇာတ်အိမ်ကာလမတိုင်မီ အဖြစ်အပျက်များကို ပုံဖော်ရိုက်ကူးထားသောဇာတ်ကားဖြစ်သည်။

မင်းသမီး ရာချယ်ဇီဂလာအပြင် အခြားနာမည်ကျော် ဟောလိဝုဒ်သရုပ်ဆောင်အများအပြားပါဝင်သော အဆိုပါဇာတ်ကားကို ဒါရိုက်တာ ဖရန့်စစ်လောရင့်က တာဝန်ယူရိုက်ကူးပေးထားကြောင်း သိရသည်။

ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၇ ဘီလီယံထိရှိခဲ့သော မူလ The Hunger Games ဇာတ်ကား သုံးကားကိုလည်း ဒါရိုက်တာ ဖရန့်စစ်လောရင့်ကပင် ရိုက်ကူးပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KKO




# Halloween Ends၏ ကမ္ဘာတစ်ဝန်း ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၀၂ သန်းကျော်ရှိလာ

**နယူးယောက် နိုဝင်ဘာ ၈**

Halloween ဇာတ်ကားတွဲ၏ နောက်ဆုံးဇာတ်ကားဖြစ်သော Halloween Ends ဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁၀၂ သန်းကျော်ရှိလာပြီဖြစ်ကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၇ ရက်တွင် ရေးသားတင်ပြထားသည်။

Halloween Ends ဇာတ်ကားသည် နိုဝင်ဘာ ၆ ရက်ထိ ပြည်တွင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၆၃ ဒသမ ၄၅ သန်းနှင့် နိုင်ငံတကာဝင်ငွေ အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၄၆ သန်းထိရရှိထားရာ အဆိုပါဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၁၀၂ ဒသမ ၉၁ သန်းထိရရှိခဲ့ပြီဖြစ်သည်။

အဆိုပါ ဇာတ်ကားအတွက် ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီက သုံးစွဲခဲ့ရသည့် အသုံးစရိတ်စုစုပေါင်းမှာ အမေရိကန်ဒေါ်လာသန်း ၂၀ နှင့် ၃၀ ကြားတွင်ရှိသည်။

Halloween Ends ဇာတ်ကားကို ဒါရိုက်တာ ဒေးဗစ်ဂေါ်ဒန်ဂရင်းက ရိုက်ကူးပေးထားပြီး မင်းသမီး ဂျေမီလီကားတန်၊ မင်းသား ရှိဟန်ကမ်းဘဲနှင့် မင်းသမီး အန်ဒီမာတီချက်တို့ ဦးဆောင်ပါဝင်ထားကြောင်း သိရသည်။ KKO



# Myanmar earns US$6.49 billion in export of finished industrial goods from 1 April to 21 October 2022


A large worksite of a garment factory.

**Nay Pyi Taw November 8**

Export of finished industrial goods earned US$6.49 billion from 1 April to 21 October 2022 of the 2022-23 fiscal year, said director U Min Aung Aye of Trade Department under the Ministry of Commerce.

In this regard, the State owned industries pocketed US$2.12 billion from export of finished industrial goods and the private sector, US$4.37 billion.

"The export of finished industrial goods including CMP products earned US$6.49 billion during the period. In comparing the exportation incomes in same period of last fiscal year, this year earnings exceeded US$0.48 billion in the State owned sector and US$1.45 billion in the private sector," said U Min Aung Aye.

The products of finished industrial goods comprise CMP garment products, jewellery, natural gas, sugar and others. CMP stands the first export position, followed by natural gas but oil and oil product stand the first position of importation, followed by textile and threads.

ASH

# Iran International: TV channel says Iran threatened UK-based journalists

**Tehran November 8**

Two British-Iranian journalists for the UK-based Persian-language TV channel Iran International have been warned of a possible risk to their lives, a UK law enforcement source has confirmed.

Parent company Volant Media said the Metropolitan Police had notified the pair of a recent increase in "credible" threats from Iranian security forces.

It denounced the "escalation of a state-sponsored campaign to intimidate Iranian journalists working abroad".

Iranian authorities have not commented.

However, they announced sanctions against Iran International and BBC News Persian last month, accusing them of "incitement of riots" and "support of terrorism" over their coverage of the anti-government protests that have engulfed the country over the past two months.

The two UK-based channels are already banned from Iran, but a press freedom watchdog says they are among the main sources of news and information in a country where independent media and journalists are constantly persecuted. BBC

# Plan underway to gild the umbrella, the whole structure of Bu Pagoda in Bagan cultural area

**Bagan November 8**

A plan is underway to gild the umbrella and the whole structure of Bu Pagoda in old Bagan city of NyaungU Township in Mandalay Region, according to the pagoda board of trustees.

Bu Pagoda, a symbol in Bagan ancient cultural area, is an eminent one. It is located on the bank of Ayeyawady River.

Bu Pagoda was built by King Pyu Saw Htee who showed off his brilliant skills in fighing against the terrible enemies to Bagan city.

At present, the original works of Bu Pagoda cannot be seen but it was decorated by well-wishers in successive eras.

During the period from 1 November 2022 to 3 January 2023, the umbrella will be hoisted atop the pagoda, and the whole structure of the pagoda will be gilt.

The board will purchase 520 units of gold foils for gilding the structure of the pagoda. To do so, the board planned to allow the tender winner to collect the gold dusts from the pagoda and produce the gold foils. Hence, local businesspersons can take auction for collection of gold dust and production of gold foils.

Tender applications can be bought at the office of the pagoda board of trustees from 4 to 19 Novemer 2022, and these must be submitted at the board not later than 19 November 2022. Tender will be opened at 11 am on 19 November.

They can buy K10,000 per copy of tender application. For further information, dial 09-880140190, 09-890066996 and 09-43015175.

336

# Christchurch mass killer appeals against conviction and sentence


The attack on Muslim worshippers in Christchurch was the worst mass shooting in New Zealand's history.

**Wellington November 8**

The white supremacist who murdered 51 people at two mosques in New Zealand is appealing against his conviction.

Brenton Tarrant, 32, has filed an appeal against his case and sentence, court officials said. No hearing for the appeal has been set at this stage.

Tarrant was jailed to life without parole in 2020 for the murder and attempted murder of Muslim worshippers.

Prime Minister Jacinda Ardern said he was attempting to "revictimise people".

Asked about his appeal, Ms Ardern told reporters: "His is a name that shouldn't be repeated and I'm going to apply that same rule in commenting on his attempts to revictimise people. We should give him nothing."

Her government refuses to publicly name Tarrant to deprive him of any platform or notoriety.

Imam Gamal Fouda, a survivor of the attack at the Al Noor mosque in Christchurch, said he was "struggling to understand" a motive for Tarrant to appeal given "he himself pleaded guilty".

"I cannot help but think that this is another action from this terrorist to harm his victims again by keeping alive the memory of him and his terrorist actions," he told The New Zealand Herald newspaper.

BBC

# Yangon-Pyay special train launches maiden trip

**Yangon November 8**

A plan is underway to launch the Yangon-Pyay special train with new carriages as of 5 November 2022, said assistant manager U Kyaw Myo Lwin of Division-7 of Myanma Railways.

MR operates special trains on significant days for convenience of public travelling.

"Yangon-Pyay special train will start its trip on 5 November. According to the public demands, 5-up and 6-down air-bag trains are run three days a week," said U Kyaw Myo Lwin.

Myanma Railways runs Yangon-Pyay air-bag express train daily, Pyimyindine-Pyay mail train daily, Yangon-Mawlamyine air-bag express train daily, Yangon-Bago train daily, Pyinmana-Taungdwingyi mail train daily, Pathein-Kyangin mail train daily, Mandalay-PyinOoLwin train on Saturday, PyinOoLwin-Gokteik on Sunday, Thazi-Shwenyaung on Monday, Pyidawtha-Yegyanbyin air-bag express daily and Taunggyi-Banyin daily.


In order to transport passengers and commodities to destinations, MR decided to extend more trains depending on the passenger numbers and cargo transportation.

ASH



A special train seen at Yangon Railway Station.

# 42 local companies export over 163,000 tons of rice and broken rice in October



A warehouse filled with bags of rice.

**Nay Pyi Taw November 8**

A total of 42 local companies exported and sold more than 163,000 tons of rice and broken rice in October 2022, according to reports released by the Myanmar Rice Federation (MRF) on November 2.

In September 2022, 42 domestic companies exported rice and broken rice to foreign customer markets, including rice to 22 foreign customer markets and broken rice to 8 foreign customer markets.

In that way, 136,205.7 tons of rice and 26,983 tons of broken rice, totaling 163,188.7 tons of rice and broken rice were exported.

The rice and broken rice were exported and sold by maritime trade routes and border trade routes, and the total tons of rice and broken rice through sea trade routes were 121,699.7 tons and the total tons of rice and broken rice from border trade routes were 41,489 tons, totaling 163,188.7 tons of rice and broken rice.

China is a consumer market that buys both rice and broken rice. 336

# Relevant ministries, private organizations implement oil sufficiency

**Nay Pyi Taw November 8**

The Ministry of Industry stated that relevant ministries and private organizations are joining hands in extended cultivation of oil crops, sufficiency of cooking oil and upgrade of oil mills in the country.

Groundnut, sesame, sunflower, oil palm, horse gram and other edible oil crops are cultivated in the development, and groundnut oil and sesame oil are produced among them.

As such, the country imports some 800,000 tons of cooking oil per year. Now, plans are underway to extend cultivation of oil crops, ensure oil sufficiency and upgrade of oil mills.

The Ministry of Agriculture, Livestock and Irrigation is carrying out sufficiency of cooking oil and production of purified oil.

The Ministry of Cooperatives and Rural Development undertakes cultivation of oil crops by farmers, cooperative societies and farmer groups, production of crude oil and development of small scale oil mills.

The Ministry of Commerce is striving for operation of oil mills at full capacity, seeking of refining the oil and technical assistance.

The Ministry of Science and Technology is arranges setting of standards for cooking oil, laboratory assistance and technological measures for production of cooking oil.

The Ministry of Industry will provide assistance to local oil millers to operate modern oil mills with the advanced techniques.

Moreover, relevant departments and organizations are focusing on techniques for refining of cooking oil, loans for development measures, drawing the standards, FDA measures and market process. 336



A cooking oil factory in operation.

# Bago Region receives US$ 41.505 m worth of foreign investment in October

**Bago November 8**

Bago Region received US$ 41.505 million worth of foreign investment in October 2022, according to U Htut Aung Win, Deputy Director of Bago Region Government Office.

In October 2022, it is known that US$ 41.505 million more of foreign investment has been invested in two factories in Bago Region.

"During October, two factories have expanded their foreign investment and one factory ordered more products in the region. One factory has extended its construction period and another factory built new building. Bago Region has good opportunities for those who want to come and invest again such as rich in human resources, free from conflicts between employers and workers, large area of land, good transportation, encouraging the expansion of investment and stability," said U Htut Aung Win.

Foreign investment reached US$ 132.926 million in total and citizen investment reached 64,908.215 million kyats in total from February 1 to October 31, 2021 in Bago Region. ASH

# Importation at border trade to be allowed through banking system

**Nay Pyi Taw November 8**

The Ministry of Commerce on 31 October stated that importation process of border trade will be allowed in banking system.

In order to further improve abiding by the Financial Action Task Force-FATF report and ensure systematic payment in border trade process, the border trade will allow importation in banking system only.

In so doing, importation will be allowed to spend the incomes from exportation and remittance of salaries and waves of Myanmar workers from other countries.

The importers need to spend such incomes to pay the value of imported goods via banking system. Initially, such process will be implemented at Myanmar-Thai border.

In applying for the importation, companies need to submit credit advice issued by relevant banks and bank statement to the Trade Department.

The Trade Department needs to scrutinize the inflow of incomes for the companies and issues import licence withoy beyond the inventory of bank accounts.

In opening the import declaration for importation, it is necessary to submit the credit advice and bank statement to the Customs Department.

Such plan will be launched on 1 November 2022.

In so doing, the import licences are not inclusive of issuance before 31 October 2022. But, these liecence holders need to import the goods for completion before 30 November 2022. If not, the import licence will be nullified. In this regard, incomes from export and other incomes earned after 1 April 2022 must be spent.

The import companies may import goods or transfer its export income to ther companies to import the goods at Myanmar-Thai border. 336

# Myanmar exports finished wood products including decking used in ship hulls and floors

**Nay Pyi Taw, November 8**

Finished wood products, including decking used in ship hulls and floors, are being produced and sold to foreign markets, according to reports from the Ministry of Natural Resources and Environmental Conservation.

The ministry has been cooperating with relevant private entrepreneurs to further develop the private sector and provide foreign income.

According to these activities, the wood-based finished product factory of National Wood Industry Limited in the industrial zone of Dagon Myothit (East) in Yangon Region purchases and collects teak logs through a tender system, and uses modern machines to produce and sell finished wood products.

The teak logs procured through the tender system are cut into stages, and finished products are produced according to size and type.

In addition, side products are manufactured and sold as new finished products for export using advanced technology and modern equipment.

The National Wood Industry Limited is said to be providing wood-based finished products not only for foreign but also domestic needs. 336

# ရုရှားနျူကလီးယားရေငုပ်သင်္ဘောက Bulava ပဲ့ထိန်းဒုံးကျည်ကို အောင်မြင်စွာစမ်းသပ်ပစ်ခတ်နိုင်ခဲ့



အမေရိကန်နှင့် ရုရှားနျူကလီးယား ရေငုပ်သင်္ဘောများသည် နျူကလီးယားမတည်ငြိမ်မှုများတွင် ယူကရိန်းပဋိပက္ခ ရပ်တန့်သွားမည့်အရိပ်အယောင်မရှိသောကြောင့် မဟာဗျူဟာကျသောနေရာများတွင် တပ်ဖြန့်နေရာယူထားပြီးဖြစ်သည်။ထိုအတောအတွင်း ရုရှားနျူကလီးယားရေငုပ်သင်္ဘော Generalissimus Suvorov သည် နိုင်ငံတော်စမ်းသပ်မှု နောက်ဆုံးအဆင့်အဖြစ် Kura လေ့ကျင့်ရေးကွင်းတွင် ပင်လယ်ဖြူမှ Bulava ပဲ့ထိန်းဒုံးကျည်ကို နိုဝင်ဘာ ၃ ရက်တွင် အောင်မြင်စွာပစ်ခတ်နိုင်ခဲ့ကြောင်း ရုရှားနိုင်ငံကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

Borey-A ပရောဂျက်၏ နောက်ဆုံးပေါ် မဟာဗျူဟာမြောက် ဒုံးကျည်တင်ရေငုပ်သင်္ဘော Generalissimus Suvorov မှ တပ်ဖွဲ့ဝင်များသည် Bulava ပဲ့ထိန်းဒုံးကျည်ကို နိုင်ငံတော်စမ်းသပ်မှု၏ နောက်ဆုံးအဆင့်တစ်စိတ်တစ်ပိုင်းအဖြစ် အောင်မြင်စွာပစ်လွှတ်နိုင်ခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကမ်ချတ်ကာကျွန်းဆွယ်ရှိ Kura လေ့ကျင့်ရေးကွင်းတွင် ပင်လယ်ဖြူက နစ်မြုပ်နေသည့်အနေအထားမှ ဒုံးကျည်ပစ်ခတ်ခဲ့ကြောင်း၊ Bulava ပဲ့ထိန်းဒုံးကျည်၏ ပျံသန်းမှုကို ပုံမှန်အနေအထားတွင် ပြုလုပ်ခဲ့ကြောင်း၊ ရည်မှန်းချက်ထိန်းချုပ်မှုဆိုင်ရာ အတည်ပြုထားသည့်ဒေတာများအရ ဒုံးကျည်ထိပ်ဖူးများက Kura စက်ပစ်ကွင်း၏ သတ်မှတ်ထားသည့်ဧရိယာအတွင်းသို့ အောင်မြင်စွာရောက်ရှိခဲ့ကြောင်း ရုရှားနိုင်ငံကာကွယ်ရေးဝန်ကြီးဌာနက မှတ်ချက်ပြုခဲ့သည်။

Generalissimus Suvorov ဗျူဟာမြောက် ဒုံးကျည်တင်ရေငုပ်သင်္ဘောသည် Boei-A ပရောဂျက်၏ ဒုတိယမြောက် ရေငုပ်သင်္ဘောဖြစ်သည်။ ၎င်းကို Severodvinsk ရှိ Sevmash ထုတ်လုပ်မှုစက်ရုံတွင် တည်ဆောက်ခဲ့သည်။ အဆိုပါ ရေငုပ်သင်္ဘောသည် စတုတ္ထမျိုးဆက် နျူကလီးယားရေငုပ်သင်္ဘောဒုံးကျည်တင်သင်္ဘောအမျိုးအစားဖြစ်ပြီး ခေတ်မီဒုံးကျည်နှင့် တော်ပီဒိုလက်နက်များ၊ လမ်းကြောင်းညွှန်ပြမှု၊ ရေဒီယိုအင်ဂျင်နီယာနှင့် ဆိုနာစနစ်များ တပ်ဆင်ထားသည်။ လူပ်ရှားစက်ကစားနိုင်မှုမြင့်မားပြီး အသံပိုင်းဆိုင်ရာ ကိုယ်ပျောက်စွမ်းဆောင်ရည်ပါရှိသည်။

**ရုရှား-အမေရိကန်တင်းမာမှုများ**

အမေရိကန်ဦးဆောင်သော မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(NATO)နှင့် ရုရှားနိုင်ငံတို့သည် ၎င်းတို့၏ နှစ်စဉ်နျူကလီးယားစစ်ရေးလေ့ကျင့်မှုဖြစ်သည့် Steadfast Noon နှင့် GROM တို့ကို မကြာသေးမီက အသီးသီးလေ့ကျင့်မှုပြီးဆုံးခဲ့ကြသည်။

၎င်းတို့သည် အချိန်အခါအလိုက် ယှဉ်ပြိုင်မှုများရှိနေဆဲဖြစ်ပြီး နှစ်ဖက်စလုံးမှ စစ်ရေးလေ့ကျင့်မှုများကို ကောင်းစွာအသိပေးခြင်းအပြင် နျူကလီးယားရေငုပ်သင်္ဘောများ ဖြန့်ကြက်ချထားခြင်းသည် မတည်ငြိမ်သောအခြေအနေသို့ မှန်းဆမရနိုင်လောက်အောင် ထည့်သွင်းစဉ်းစားစရာများဖြစ်စေခဲ့ရသည်။

ထိုအတောအတွင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ယူကရိန်းတွင် နျူကလီးယားလက်နက်အသုံးပြုရန် မလိုအပ်ကြောင်း ရှင်းလင်းစွာပြောကြားခဲ့သော်လည်း အမေရိကန်ဘက်က သံသယရှိနေဆဲဖြစ်သည်။

ထို့ပြင် ယူကရိန်းသည် နျူကလီးယားဗုံးတစ်လုံးကို ပြင်ဆင်နေပြီး ရုရှားအပေါ် အဏုမြူဗုံးဖောက်ခွဲရေးလုပ်ဆောင်နေသလိုမျိုး ဖန်တီးပုံဖော်နေသည်ဟူသော ရုရှား၏ပြောဆိုချက်များကိုလည်း အမေရိကန်နိုင်ငံက ပယ်ချခဲ့သည်။ ပဋိပက္ခကို အရှိန်မြှင့်ရန် မော်စကို၏ အကြောင်းပြချက်အဖြစ် အမေရိကန်က ယုံကြည်နေသည်။ ရုရှားသည် နိုင်ငံပိုင်နက်နယ်မြေကို ခြိမ်းခြောက်လာမှသာ နျူကလီးယားလက်နက်များကို အသုံးပြုမည်ဟု ၎င်း၏နျူကလီးယားမူဝါဒကို ဆက်လက်ထိန်းသိမ်းထားသည်။

**အမေရိကန်နှင့် ရုရှားရေငုပ်သင်္ဘောများ အသီးသီး တပ်ဖြန့်ထားခြင်း**

အမေရိကန်နှင့် ရုရှားတို့သည် နျူကလီးယားစွမ်းအင်သုံး ပဲ့ထိန်းဒုံးကျည်ရေငုပ်သင်္ဘော(SSBN)ကို ယခုနှစ် နိုဝင်ဘာ ၁ ရက်မှ ၂ ရက်အတွင်း ဒေသတွင်းတင်းမာမှုများထပ်မံတိုးမြှင့်လာစေမည့် တပ်ဖြန့်မှုတစ်ခုကို ပြိုင်တူလုပ်ဆောင်ခဲ့ကြသည်။ ထို့ပြင် ရုရှားအာဏာပိုင်များသည် နိုဝင်ဘာ ၃ ရက်မှ ၅ ရက်ထိ Barents ပင်လယ်တွင် Notice to Airmen (NOTAM) လေကြောင်းသတိပေးချက်ကို ထုတ်ပြန်ခဲ့သည်။

အလားတူ အမေရိကန်ရေတပ်သည် စီစဉ်ထားသောဆိပ်ကမ်းလည်ပတ်မှုဖြင့် ၎င်း၏ Ohio-Class SSBN၊ USS Rhode Island ရေငုပ်သင်္ဘော Gibraltar ရေလက်ကြားတွင် ရောက်ရှိကြောင်း ကြေညာခဲ့သည်။ Rhode Island သည် စကော့တလန်ရှိ Faslane ရှိ ဘုရင်မင်းမြတ်၏ ရေတပ်အခြေစိုက်စခန်းမှထွက်ခွာခဲ့ပြီး ရုရှားကာကွယ်ရေး မှတ်ချက်ပေးသူများက ၁၂ ရက်ကြာခရီးဖြစ်သည်ဟု Telegram တွင် ရေးသားထားကြသည်။

အမေရိကန်ရေတပ်၏ ဥရောပစစ်ဆင်ရေးဧရိယာ၌ ဤခေတ္တရပ်နားခြင်းသည် အမေရိကန်နှင့် ဒေသတွင်းရှိ မဟာမိတ်တပ်ဖွဲ့များထံသို့ ယူဆောင်လာသော ပြောင်းလွယ်ပြင်လွယ်မှုနှင့် လိုက်လျောညီထွေရှိသော ရေငုပ်သင်္ဘောများကို ပြသလိုရင်းလည်းဖြစ်သည်ဟု အမေရိကန်နိုင်ငံရေတပ်၊ ဥရောပ-အမေရိကန်ရေတပ်အာဖရိကဌာနချုပ် Naval Forces Europe US Naval Forces Africa (NAVEUR-NAVAF) မှ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

NAVEUR-NAVAF သည် အမေရိကန်အမှတ် (၆) စစ်ရေယာဉ်စု၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ Boei A-class Suvorov SSBN မှ Bulava SLBM ပဲ့ထိန်းဒုံးကျည်ပစ်လွှတ်ခြင်းနှင့်ပတ်သက်၍ ထင်ကြေးများ မြင့်တက်လာခြင်းနှင့်အတူ နိုဝင်ဘာ ၃ ရက်မှ ၅ ရက်အတွင်းကြေညာထားသော NOTAM ၏နောက်တွင် ချက်ချင်းထွက်ပေါ်လာခဲ့ခြင်းလည်းဖြစ်သည်။ "လောလောဆယ် ပင်လယ်ထဲမှာရှိတယ်။ ကျွန်တော်တို့စောင့်ကြည့်နေတယ်"ဟု စစ်ဘက်ဆိုင်ရာဝါသနာရှင်တစ်ဦးက ပြောသည်။ ရုရှားနိုင်ငံ မြောက်ပိုင်း Severodvinsk မှ ထွက်ခွာသွားသည့် Generalissimo Suvorov ရေငုပ်သင်္ဘော၏ ဓာတ်ပုံကို အခြားပို့စ်တစ်ခုတွင် ပြသခဲ့သည်။

**ရေငုပ်သင်္ဘောများနှင့် ၎င်းတို့၏ နျူကလီးယားဒုံးကျည်များ**

အမေရိကန်ရေတပ်သည် Ohio-Class SSBNs ၁၄ စင်းကို ပိုင်ဆိုင်ထားပြီး တစ်စင်းချင်းစီသည် အနည်းဆုံး Trident D5 SLBM အစင်း ၂၀ သယ်ဆောင်နိုင်သည်ဟု သိရှိထားကြသည်။ Trident D5 SLBM ဒုံးကျည်တစ်ခုစီသည် နျူကလီးယားထိပ်ဖူး ၁၄ ခုကို သယ်ဆောင်နိုင်ပြီး အလိုအလျောက် ထိန်းကျောင်းနိုင်သော သို့မဟုတ် အမှီအခိုကင်းသော Re-Entry Vehicle (MIRV)ပုံစံဖြင့် သယ်ဆောင်သွားနိုင်သည်။

Trident D5s ဒုံးကျည်သည် အကွာအဝေး ၆၄၃၇ ကီလိုမီတာ(မိုင် ၄၀၀၀)ထိ တိုက်ခိုက်နိုင်စွမ်းရှိသည်။ ရေငုပ်သင်္ဘောများသည် အမေရိကန်နိုင်ငံ၏ အဓိကကျသော တုံ့ပြန်နိုင်မည့် နျူကလီယား တိုက်ခိုက်မှုချေးချယ်မှုတစ်ခုဖြစ်ပြီး ပိုင်ဆိုင်ထားသမျှ နျူကလီးယားစွမ်းအားစု ၇၀ ရာခိုင်နှုန်းကို ကိုယ်ပျောက်ရေငုပ်သင်္ဘောများနှင့် ကိုယ်ပျောက်ဗုံးကြဲလေယာဉ်များပေါ်တွင် တပ်ဖြန့်အသုံးပြုထားခြင်းဖြစ်သည်။

တန်ချိန် ၁၈၀၀၀ ခန့်အလေးချိန်ရှိသော Ohio Class အတန်းအစားသည် အမေရိကန်ရေတပ်တွင် အကြီးဆုံးရေငုပ်သင်္ဘောဖြစ်ပြီး ဆိုဗီယက်ခေတ်တိုင်ဖွန်းအတန်းအစားနှင့် Borei A-Class အတန်းအစားတို့နောက်တွင် ကမ္ဘာ့တတိယအကြီးဆုံးရေငုပ်သင်္ဘောလည်းဖြစ်သည်။ Ohio Classရေငုပ်သင်္ဘောသည် ပထဝီနိုင်ငံရေးတင်းမာမှုများအတွင်း စစ်ရေးနှင့်နျူကလီးယားအဆင်သင့်ဖြစ်မှုကို အချက်ပြသည့် မဟာဗျူဟာမြောက်အဟန့်အတားအဖြစ် ကင်းလှည့်ခုတ်မောင်းနေမှုများကို တာဝန်ထမ်းဆောင်လျက်ရှိသည်။

အခြားတစ်ဖက်တွင်မူ စတုတ္ထမျိုးဆက် ရုရှားနိုင်ငံ Project 955A Borei A-Class ၏ တစ်စိတ်တစ်ပိုင်းဖြစ်သော Suvorov ရေငုပ်သင်္ဘောကို ယခုနှစ် စက်တင်ဘာ ၁၃ ရက်တွင် စတင်ရေချနိုင်ခဲ့သည်။ ၎င်းတို့သည် ဆိုဗီယက်ခေတ် Delta III၊ Delta IV နှင့် Typhoon-Class ရေငုပ်သင်္ဘောများနေရာတွင် အစားထိုးအသုံးပြုရန် မျှော်လင့်ထားသည်။ ၎င်းတို့တွင် R-30 Bulava SLBM ရေငုပ်သင်္ဘောမှ ပစ်လွှတ်နိုင်သော ပဲ့ထိန်းဒုံးကျည် ၁၆ စင်းကို ဒေါင်လိုက် Silo များတွင် သယ်ဆောင်ကာ ၈၃၀၀ ကီလိုမီတာ (၅၁၅၇မိုင်)ထိ ရောက်ရှိပစ်ခတ်နိုင်ကြသည်။ Bulava ဒုံးကျည်တစ်စင်းစီတွင် နျူကလီးယားထိပ်ဖူးခြောက်ခုကို သယ်ဆောင်နိုင်သည်ဟုဆိုသည်။ Bulava ပဲ့ထိန်းဒုံးကျည်အား ပစ်ခတ်စမ်းသပ်မှုကို Suvorov လက်နက်စမ်းသပ်မှု၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်ဟု ယူဆနိုင်သည်။

**ပထဝီနိုင်ငံရေးနောက်ခံ**

Rhode Island ရေငုပ်သင်္ဘောတပ်ဖြန့်ချထားမှုသည် ယူကရိန်းနိုင်ငံ Sevastopol ပင်လယ်နက်ဆိပ်ကမ်းတွင် တင်းမာမှုများနောက်ပေါ်ထွက်လာခြင်းဖြစ်ပြီး ဝေဟင်နှင့်ရေပြင်မှ မောင်းသူမဲ့လေယာဉ်၊ ရေယာဉ်များစွာကိုအသုံးပြု၍ ယူကရိန်းနှင့် ယူနိုက်တက်ကင်းဒမ်တို့က အကြမ်းဖက်တိုက်ခိုက်ခဲ့သည်ဟု ရုရှားက ပြောကြားခဲ့သည်။

ရုရှားစစ်ဘက်လေ့လာသူများကလည်း RQ-4B Global Hawk မောင်းသူမဲ့လေယာဉ်ကို ပင်လယ်နက်တောင်ပိုင်းတွင် မြင်တွေ့ခဲ့ရပြီး အမေရိကန်နှင့် NATO တို့ တိုက်ခိုက်မှုကို ပူးပေါင်းကြံစည်ညှိနှိုင်းရာတွင်ပါဝင်နိုင်ကြောင်း ဖော်ပြခဲ့ကြသည်။ ထို့နောက် ရုရှားသည် ယူကရိန်း၊ ကုလသမဂ္ဂနှင့် တူရကီတို့ ချုပ်ဆိုထားသော လေးပွင့်ဆိုင် ကောက်ပဲသီးနှံတင်ပို့ရေးသဘောတူညီချက်မှ နုတ်ထွက်ကြောင်း ကြေညာခဲ့သည်။

ရုရှား၏ Suvorov ရေငုပ်သင်္ဘော တပ်ဖြန့်မှုနှင့်ပတ်သက်သည့်အစီရင်ခံစာများနှင့် နောက်ဆက်တွဲ NOTAM များကို အမေရိကန် Rhode Island ရေငုပ်သင်္ဘော၏ Gibraltar ရေလက်ကြားခရီးစဉ်သည် တုံ့ပြန်မှုတစ်ရပ်အဖြစ် မြင်တွေ့ရသည်။ Barents ပင်လယ်တွင် Suvorov ၏ ဖြန့်ကြက်ရောက်ရှိနေမှုကို တရားဝင်ကြေညာခြင်းမရှိသော်လည်း Bulava ပဲ့ထိန်းဒုံးကျည်စမ်းသပ်ပစ်လွှတ်ခဲ့သည်။ နျူကလီးယားအချက်ပြခြင်းစစ်ပွဲတွင် ရုရှားက အသာစီးအနေအထားရှိကြောင်း ဖော်ညွှန်းနေသလိုရှိသည်။ အမေရိကန်တို့၏ Rhode Island ရေငုပ်သင်္ဘောသည် ဥရောပပြည်မကြီးနှင့် နီးကပ်သောနေရာတွင် ဖြန့်ကြက်ထားခြင်းဖြစ်၍ SLBM ပဲ့ထိန်းဒုံးကျည်ကို ပစ်ခတ်မည်ဆိုပါက တင်းမာမှုများ ပိုမိုမြင့်မားလာမည်ဖြစ်ရာ တပ်စွဲထားသည့်နေရာအရစမ်းသပ်ပစ်ခတ်မည့်အနေအထားလည်းမရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**Russian Nuclear Submarine Successfully Test-Fires Bulava Ballistic Missile Amid Tensions With NATO**

**မျိုးခိုင်(ရေနံချောင်း)**

# ကျုံပျော်မြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပီလောပီနံဧက ၁၅၀၀၀ စိုက်ပျိုးမည်



ယခင်နှစ်က စိုက်ပျိုးထားသည့် ပီလောပီနံစိုက်ခင်းကို တွေ့ရစဉ်။

**ကျုံပျော် နိုဝင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပီလောပီနံဧက ၁၅၀၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျုံပျော်မြို့နယ်တွင် ဒေသခံပြည်သူများ မိသားစုဝင်ငွေတိုးပွားစေရန်၊ ဒေသထွက်ကုန်သီးနှံတစ်မျိုး ထုတ်လုပ်နိုင်စေရန် စိုက်ပျိုးရေးလုပ်ငန်းဖြင့် ပြည်သူများလူမှုစီးပွားဘဝ မြင့်မားစေရန်အတွက် ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူများနှင့်ပူးပေါင်းပြီး ပီလောပီနံစိုက်ပျိုးခြင်းဖြစ်ကြောင်း၊ ယခုနှစ်တွင် ပီလောပီနံကို ဒီဇင်ဘာလပထမပတ်တွင် စတင်စိုက်ပျိုးမည်ဖြစ်ပြီး ယခုအခါ ပီလောပီနံစိုက်ပျိုးနိုင်ရန် လိုအပ်သည့်လုပ်ငန်းများကို ကြိုတင်ဆောင်ရွက်နေကြောင်း သိရသည်။

"ပီလောပီနံကို ဒေသခံတွေ စီးပွားရေး အခွင့်အလမ်းတွေ ကောင်းလာစေဖို့ ဒေသစိုက်ပျိုးထုတ်ကုန်တစ်ခုအနေနဲ့ စိုက်ပျိုးကြတာဖြစ်ပါတယ်။ ဆောင်းသီးနှံစိုက်ပျိုးရာသီမှာတော့ ပီလောပီနံကို ဒီဇင်ဘာလမှာ စတင်စိုက်ပျိုးမှာဖြစ်ပါတယ်။ လက်ရှိလျာထားဧက ၁၅၀၀၀ လုံး စိုက်ပျိုးနိုင်ဖို့ ပြင်ဆင်နေပါတယ်။ တောင်သူတွေ ပီလောပီနံကို စိုက်ပျိုးတဲ့အခါ နည်းစနစ်မှန်ကန်စေဖို့နဲ့ အဆင်ပြေပြေ စိုက်ပျိုးနိုင်ဖို့အတွက် တောင်သူတွေ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများကို အချိုးကျအသုံးပြုတတ်စေရန်၊ စိုက်ပျိုးထားသောသီးနှံများကို ပိုးမွှားမကျရောက်အောင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကြိုတင်ကွင်းဆင်းပြီး လိုအပ်သည့်နည်းပညာများ ပံ့ပိုးကူညီဆောင်ရွက်ပေးမှာဖြစ်ပါတယ်"ဟု ကျုံပျော်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ကျုံပျော်မြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ကျေးရွာ ၁၂ ရွာမှ ဒေသခံတောင်သူ ၃၄၂ ဦးက ပီလောပီနံကို အများဆုံးစိုက်ပျိုးကြမည်ဖြစ်ကြောင်း၊ အဆိုပါဒေသတွင် စိုက်ပျိုးမည့် ပီလောပီနံအမျိုးအစားသည် သုံးလအတွင်း ပြန်လည်တူးဖော်ရောင်းချနိုင်သည့် အမျိုးအစားဖြစ်ကြောင်း၊ လက်ရှိတွင် ပီလောပီနံအစိမ်း တစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀၊ အခြောက်တစ်ပိဿာလျှင် ငွေကျပ် ၁၇၀၀ ဈေးပေါက်နေကြောင်း ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်လင်း**

# ချောက်မြို့နယ် ပုဂံစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုစစ်ဆေး

**ချောက် နိုဝင်ဘာ ၈**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပုဂံစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ချောက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်နှင့် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ပုဂံစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ၊ လစဉ် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားရှိမှုနှင့် စီမံကိန်းဆိုင်ရာညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့သည်။



အဆိုပါ ပုဂံစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ကို ယခုဘဏ္ဍာနှစ်တွင် စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် သိန်း ၂၀၀ ဖြင့် နေကြာအပါအဝင် အခြားဆီထွက်သီးနှံ စိုက်ပျိုးတောင်သူ ၅၆ ဦးတို့၏ စိုက်ပျိုးဧက ၃၀ တို့ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ချောက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**နွဲ့ယဉ်**

# သံတောင်ကြီးမြို့နယ် မစ(အောက်)-မစ(အထက်)ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**သံတောင်ကြီး နိုဝင်ဘာ ၈**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မစ(အောက်)-မစ(အထက်) ကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု အခြေအနေများကို ယနေ့နံနက် ၉ နာရီက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးချမ်းငြိမ်းဝင်းနှင့် တာဝန်ခံဝန်ထမ်းများက သက်ဆိုင်ရာ ကုမ္ပဏီတာဝန်ရှိသူများ၊ ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ မစ(အောက်)- မစ(အထက်) ကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားသည်။

အဆိုပါ မစ(အောက်)-မစ(အထက်)ကျေးရွာတွင် အရှည် နှစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းကို ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၁၀၉ ဒသမ ၉ သန်းဖြင့် တင်ဒါအောင်မြင်သည့် ထနောင်းမြန်မာကုမ္ပဏီက တာဝန်ယူ၍ စက်တင်ဘာလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၄၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ မစ(အောက်)-မစ(အထက်)ကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးပါက ကျေးရွာလေးရွာရှိ အိမ်ခြေ ၁၉၇ အိမ်၊ လူဦးရေ ၉၇၈ ဦးတို့၏ လယ်၊ ယာ၊ ဥယျာဉ်စိုက်ပျိုးမြေဧက ၁၅၇၆ ကျော်မှ ထွက်ကုန်များကို ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာ အလွယ်တကူ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **သန်းလွင်(မကွေး)**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်စီမံဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၈-၁၁-၂၀၂၂**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၀၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၄၀၈၀၀၀ |
| **(ခွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧည့်ဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀/ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၆၈၀၀/၇၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၇၀၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၇၇၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၅၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၈၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၉၅ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# မြန်မာ-အိန္ဒိယ နှစ်နိုင်ငံဆက်ဆံရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၈**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး မစ္စတာဗီနေးကူးမားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံဆက်ဆံရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ပိုမိုတိုးမြှင့်ရေးအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရေးကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး မစ္စတာဗီနေးကူးမားကိုလက်ခံတွေ့ဆုံစဉ်။**



# ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး ပြည်ပနိုင်ငံများသို့စေလွှတ်မည့် စီးပွားရေးသံမှူးများနှင့်တွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၈**

ပြည်ပနိုင်ငံများသို့ စေလွှတ်မည့် စီးပွားရေးသံမှူးများနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ပြည်ပနိုင်ငံများသို့ စေလွှတ်မည့် စီးပွားရေးသံမှူးများကို စနစ်တကျရွေးချယ်လေ့ကျင့်ထားခြင်းဖြစ်သည်နှင့်အညီ တစ်ဦးချင်းစည်းကမ်းရှိ၍ ဂုဏ်သိက္ခာထိန်းသိမ်းပြီး တာဝန်ထမ်းဆောင်ကြရန်၊ မိမိတို့သွားရောက်တာဝန်ထမ်းဆောင်မည့်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု တိုးတက်လာစေရေး သန္နိဋ္ဌာန်ချမှတ်၍ ကြိုးစားဆောင်ရွက်သွားကြရန်နှင့် စီးပွားရေးလုပ်ငန်းအသင်းအဖွဲ့များနှင့်ချိတ်ဆက်ပြီး ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကဏ္ဍနယ်ပယ်အလိုက် နိုင်ငံအတွက်အကျိုးရှိ၍ လက်တွေ့အသုံးချနိုင်မည့်အစီရင်ခံစာများ၊ သတင်းအချက်အလက်များ ပြုစုပေးပို့ကြစေလိုကြောင်း မှာကြားသည်။

အခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ပြည်ပနိုင်ငံများသို့စေလွှတ်မည့် စီးပွားရေးသံမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(ရန်ကင်း)၌ အခြေခံဂဟေဆက်သင်တန်း သင်တန်းသားများကို ဒုတိယဝန်ကြီး ဦးဝင်းရှိန် ကြည့်ရှုအားပေး

**ရန်ကုန် နိုဝင်ဘာ ၈**

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(ရန်ကင်း)သို့ရောက်ရှိပြီး အခြေခံဂဟေဆက်သင်တန်းသားများကို တွေ့ဆုံအားပေးသည်။

တွေ့ဆုံစဉ် ကျောင်းတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်သန်းက ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုနှင့် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးရေး လုပ်ငန်းကော်မတီ၏ကြီးကြပ်မှုဖြင့် အခြေခံဂဟေဆက်သင်တန်း နှစ်ကြိမ်ဖွင့်လှစ်နိုင်ခဲ့ပြီး သင်တန်းသားဦးရေ ၄၀ မွေးထုတ်ကာ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေခဲ့ပြီး အခြေခံဂဟေဆက်သင်တန်း(၃/၂၀၂၂)ကို နိုဝင်ဘာ ၄ ရက်မှ ဒီဇင်ဘာ ၆ ရက်ထိ သင်တန်းသားဦးရေ ၂၀ ဖြင့် ဖွင့်လှစ်လျက်ရှိကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက အလုပ်သမားဝန်ကြီးဌာနအနေဖြင့် မြန်မာလုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်းများ တည်ထောင်ဖွင့်လှစ်ပြီး လုပ်သားဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသော အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်သင်တန်းများကိုဖွင့်လှစ်လျက်ရှိကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း လုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးနှင့် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာလုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ရာ မိမိနိုင်ငံ မိမိလူမျိုးနှင့်မိမိဒေသအတွက် အကျိုးကျေးဇူးများရရှိစေပြီး ဆင်းရဲမှုလျှော့ချရေးအတွက် များစွာအထောက်အကူဖြစ်စေကြောင်း၊ နိုင်ငံတော်က လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွမ်းကျင်လုပ်သားများ အလေးထားမွေးထုတ်ပေးနေသဖြင့် ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်းများမှ သင်တန်းဆင်းများအနေဖြင့် အသက်မွေးဝမ်းကျောင်းအတတ်ပညာများကို စနစ်တကျကြိုးစားသင်ယူပြီး လက်တွေ့နယ်ပယ်တွင် ထိရောက်စွာအသုံးချ၍ လူနေမှုဘဝမြင့်မားစေရေးအတွက် နည်းပညာတိုးတက်မှုများကို စဉ်ဆက်မပြတ်လေ့လာရန်လိုအပ်ကြောင်း၊ နည်းပြများအနေဖြင့် မိမိတို့၏ အရည်အသွေးများကို ပိုမိုမျှဝေနိုင်ရေး ဒေသအဆင့်၊ နိုင်ငံတကာအဆင့် အမီလိုက်နိုင်ရန် ကြိုးစားအားထုတ်စေလိုကြောင်း မှာကြား၍ သင်တန်းကျောင်းရှိ လက်တွေ့အလုပ်ရုံများကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ရွှေပေါက်ကံစက်မှုဇုန်ရှိ Shin Sung Tong Sang Co.,Ltd နှင့် KPH CMP စက်ရုံများကို ကွင်းဆင်းစစ်ဆေးပြီး စက်ရုံအစည်းအဝေးခန်းမတွင် စက်ရုံ၊အလုပ်ရုံမှတာဝန်ခံများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းရေး၊ ကုန်ထုတ်စွမ်းအားတိုးတက်ရေး၊ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် အလေးထားဆောင်ရွက်ရေး၊ ကိုဗစ်-၁၉ ကပ်ရောဂါအလွန်တွင် ကုန်မှာစာများပုံမှန်ရရှိပြီး စက်ရုံများလည်ပတ်နိုင်ရန် လိုအပ်သဖြင့် စက်ရုံအပေါ် အလုပ်အပ်နှံသူများက ယုံကြည်မှုရရှိရေး ကောင်းသတင်းပျံ့နှံ့စေရန် အပြန်အလှန်ယုံကြည်နားလည်မှုဖြင့်ပူးပေါင်းဆောင်ရွက်ပေးရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန် KPH CMP စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ




**နေပြည်တော် နိုဝင်ဘာ ၈**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ ညွှန်ကြားရေးမှူး မစ္စတာအလက်ဇန်းဒါးဆာဂီးအ်ဗစ်ရှ်ရှာတီရော့ဗ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁)၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ ခရီးသွားကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ သတ္တုကဏ္ဍ၊ စက်မှုကဏ္ဍ၊ လျှပ်စစ်ကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ယဉ်ကျေးမှုနှင့် ပညာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

ထို့နောက် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနနှင့် ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့တို့အကြား လက်မှတ်ရေးထိုးလဲလှယ်ကြသည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့ကို ညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# (၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ပြည်နယ်ဂုဏ်ဆောင်ထူးချွန်သူများကို ဆုများချီးမြှင့်



**နေပြည်တော် နိုဝင်ဘာ ၈**

ထူးချွန်ဆုများ ပေးအပ်ခြင်းသည် ကာယကံရှင်များကိုယ်တိုင် မိမိကိုယ်ကို ဂုဏ်ယူတတ်စေရန်နှင့် အခြားသူများက လေးစားအားကျအတုယူကာ ပြည်နယ်အတွင်း ထူးချွန်သူများဆင့်ကဲပေါ်ထွန်းလာပြီး ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရန် ရည်ရွယ်ချီးမြှင့်ခြင်းဖြစ်ကြောင်း ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက နိုဝင်ဘာ ၇ ရက် မွန်းလွဲပိုင်းတွင် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည့် (၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ပြည်နယ်ဂုဏ်ဆောင်ထူးချွန်သူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည့် အခမ်းအနားတွင် ပြောကြားသည်။

ဆက်လက်၍ ကရင်ပြည်နယ်ဝန်ကြီးချုပ်က ထူးချွန်ဆုရရှိကြသူများအနေဖြင့် ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် ထူးချွန်သူများကို အားကျအတုယူပြီး ပြည်နယ်ဂုဏ်ကိုဆောင်နိုင်သည့် မျိုးဆက်သစ်လူငယ်များ ဆက်လက်ပေါ်ပေါက်လာစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများက (၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် စီမံခန့်ခွဲရေးဆိုင်ရာ ထူးချွန်ဆု၊ ပညာရေးဆိုင်ရာ ထူးချွန်ဆု၊ လူမှုရေးဆိုင်ရာ ထူးချွန်ဆု၊ တက္ကသိုလ်ဝင်စာမေးပွဲထူးချွန်ဆု၊ စိုက်ပျိုးရေးတောင်သူထူးချွန်ဆု၊ မွေးမြူရေးတောင်သူ ထူးချွန်ဆု၊ ဌာနဆိုင်ရာများမှ ထူးချွန်ဝန်ထမ်းဆု၊ အားကစားထူးချွန်ဆု၊ ကြက်ခြေနီထူးချွန်ဆု၊ ဆောင်းပါး၊ စာစီစာကုံး၊ ကဗျာ၊ ပုံပြောနှင့် သင်တန်းများတွင် ထူးချွန်ဆု၊ နိုင်ငံတော်ကကြီးမှူးကျင်းပသည့် (၂၃)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဆုရရှိသူများ၊ အသင်းအဖွဲ့ဂုဏ်ပြုဆု၊ ကုန်သွယ်လုပ်ငန်းခွန် အများဆုံးထမ်းဆောင်သည့်ဆု၊ ဝင်ငွေခွန်အများဆုံးထမ်းဆောင်သည့်ဆု၊ အထူးကုန်စည်ခွန် အများဆုံးထမ်းဆောင်သည့်ဆု၊ ပြခန်းဆုစသည့် ဆုပေါင်း ၁၄၁ ဆုကို ပေးအပ်ချီးမြှင့်ပြီး ထူးချွန်ဆုရရှိသူများကို ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘားအံမြို့ လှာကမြင်ကွက်သစ်ရှိ ဇွဲကပင်အားကစားကွင်း၌ကျင်းပသည့် အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်နှင့် အမျိုးသား မီတာ ၄၀၀ အပြေးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တို့ကို ကြည့်ရှုအားပေးပြီး ၂၀၂၂ခုနှစ် ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလားအသက် ၁၈ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားသို့တက်ရောက်၍ တံခွန်စိုက်ဆုဖလားနှင့် ဆုငွေများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မိဘပြည်သူများသို့ အသိပေးထုတ်ပြန်

၁။ မိဘပြည်သူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်များနှင့် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ-၆၆/၆ (အထစ)နှင့်ပတ်သက်၍ အခက်အခဲများ သက်ဆိုင်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်ဖြေရှင်းဆောင်ရွက်နိုင်ကြောင်း ၁၉-၉-၂၀၂၂ ရက်မှစတင်၍ အသိပေးကြေညာခဲ့ပါသည်။

၂။ အဆိုပါထုတ်ပြန်ချက်၏အပိုဒ်(၁) (င)နှင့် (၂) (ဃ)တွင် အောက်ဖော်ပြပါအတိုင်းအသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်-

အပိုဒ်(၁) (င)

နိုင်ငံသားစိစစ်ရေးကတ်တစ်ခုထက်ပို၍ လက်ဝယ်ကိုင်ဆောင်ထားရှိခြင်းမပြုရ။ ကိုင်ဆောင်ထားခြင်းရှိပါက သက်ဆိုင်ရာမြို့နယ်လဝကရုံးများတွင် အမြန်သွားရောက်အပ်နှံရမည်။ ၁-၁၁-၂၀၂၂ ရက်ထိ ကတ်အပိုများအပ်နှံခြင်းမပြုပါက နောက်ဆုံးထုတ်ယူသော နိုင်ငံသားကတ်ကိုသာအတည်ပြု၍ ယခင်ကတ်အပိုများကို ပယ်ဖျက်စာရင်းသွင်းပါမည်။

အပိုဒ်(၂)(ဃ) ပုံစံ၆၆/၆ (အထစ)

တစ်ခုထက်ပို၍ လက်ဝယ်ကိုင်ဆောင်ထားသူများသည် သက်ဆိုင်ရာမြို့နယ်လဝကရုံးများသို့ အမြန်သွားရောက်သတင်းပို့ဖြေရှင်းရမည်။ (ဥပမာ-ပုသိမ်တွင် အထစပြုလုပ်ထားသော်လည်း ရန်ကုန်တွင် အထစထပ်မံပြုလုပ်ထားရှိခြင်း)၊ ၁-၁၁-၂၀၂၂ ရက်အထိ ပုံစံ၆၆/၆(အထစ)အပိုများအပ်နှံခြင်းမပြုပါက နောက်ဆုံးထုတ်ယူထားသော ပုံစံ၆၆/၆(အထစ)ကိုသာ အတည်ပြု၍ ယခင်ပုံစံ ၆၆/၆ (အထစ)များကို ပယ်ဖျက်စာရင်းသွင်းပါမည်။

၃။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ e-ID Biographic Registration Software နည်းပညာဖြင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် အခြားအသိအမှတ်ပြုကတ်တစ်မျိုးမျိုးကိုင်ဆောင်သူ ၅၂ သန်းကျော်ကိုစာရင်းသွင်းပြီးဖြစ်သဖြင့် သတ်မှတ်ကာလအတွင်း နိုင်ငံသားစိစစ်ရေးကတ်နှင့် အခြားအသိအမှတ်ပြုကတ်များ၊ ပုံစံ ၆၆/၆အိမ်ထောင်စုလူဦးရေစာရင်းများကွဲလွဲခြင်း၊ အပိုကိုင်ဆောင်ခြင်းများကို နီးစပ်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်ဖြေရှင်းဆောင်ရွက်နိုင်ရန်နှင့် သတ်မှတ်ကာလကျော်လွန်ပါက ဥပဒေနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာခဲ့ပါသည်။

၄။ အဆိုပါအသိပေးထုတ်ပြန်ချက်နှင့်ပတ်သက်၍ ၁-၁၁-၂၀၂၂ ရက်ထိ ဆောင်ရွက်နိုင်ကြောင်းကြေညာထားသော်လည်း ပြည်သူများ၏ ပညာရေးအောင်လက်မှတ်၊ ဘွဲ့လက်မှတ်များ၊ ဘဏ်ငွေစာရင်းများနှင့် စီးပွားရေးလုပ်ငန်းများ၊ အိမ်၊ ခြံ၊ မြေပိုင်ဆိုင်မှုများ၊ တယ်လီဖုန်းစသည့်ဆက်သွယ်ရေးလုပ်ငန်းများနှင့် သက်ဆိုင်နေသဖြင့် ပိုမိုသိရှိလာရောက် ဆောင်ရွက်နိုင်ရေးအတွက် ရက်သတ္တနှစ်ပတ်တိုး၍ ၁၅-၁၁-၂၀၂၂ ရက်ထိ လာရောက်ဆောင်ရွက်နိုင်ရန် ထပ်မံအသိပေးကြေညာအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

# နိုဝင်ဘာ ၈ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၇၃ ဦးတွေ့ရှိပြီး ယနေ့ တစ်ဦးသေဆုံး

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၂၃၉၁ ဦး |
| သေဆုံးသူ | ၁၉၄၈၆ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၀၆၆၂၁ ဦး |

**နေပြည်တော် နိုဝင်ဘာ ၈**

နိုဝင်ဘာ ၇ ရက် ည ၈ နာရီမှ ယနေ့ ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၁၀၀၄၈ ခုကိုစစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၇၃ ဦးတွေ့ရှိပြီး ယနေ့တွင် တစ်ဦးသေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကျိုင်းတုံမြို့ရှိ မဟာမြတ်မုနိဘုရားကြီး၏ ရိုးရာအစဉ်အလာမပျက် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် တန်ဆောင်တိုင်ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပ



ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များကို တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင် ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူစဉ်။

**နေပြည်တော် နိုဝင်ဘာ ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ မဟာမြတ်မုနိဘုရားကြီး၏ ရိုးရာအစဉ်အလာမပျက် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် တန်ဆောင်တိုင်ဆွမ်းဆန်တော်လောင်းလှူပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါမြို့ရှိ AMAZING HOTEL ၌ ကျင်းပရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက ကျိုင်းတုံမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၁၀၅ ကျောင်းမှ သံဃာတော် ၂၁၄ ပါးနှင့် သာသနာ့နွယ်ဝင်သီလရှင် ၁၅ ပါးတို့ကို ဆွမ်းဆန်တော်၊ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ ဆက်ကပ်လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။

# ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှု လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၈**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများဆောင်ရွက်နေချိန်တွင် ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့နေ့လယ်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်အောင်သည် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများလိုက်ပါ၍ တိုင်းစစ်ဌာနချုပ်ရှိ ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံ၌ တစ်သျှူးငှက်ပျော၊ စင်တင်သီးနှံ၊ ရာသီသီးနှံများ စိုက်ပျိုးထားရှိမှု၊ DYL ဝက်၊ ဥစားကြက်၊ ဒေသကြက်၊ အသားတိုးနွား၊ နို့စားနွား၊ ဆိတ်မွေးမြူထားရှိမှုနှင့် တိုင်းစစ်ဌာနချုပ်အစာစပ်စက်ရုံ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်အောင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ဘက်စုံစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတကာစေ့စပ်ညှိနှိုင်းသူများလုပ်ငန်းအဖွဲ့၏ နှစ်ပတ်လည်ညီလာခံ (International Negotiators Working Group -Annual Conference 2022) သို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၈**

ဂရိနိုင်ငံ အေသင်မြို့ရှိ Hellenic Police Headquarters ၌ အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၄ ရက်ထိ ကျင်းပခဲ့သော နိုင်ငံတကာ စေ့စပ်ညှိနှိုင်းသူများလုပ်ငန်းအဖွဲ့၏ နှစ်ပတ်လည်ညီလာခံ (International Negotiators Working Group-Annual Conference 2022)သို့ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲမှူးချုပ်ကျော်လင်း ဦးဆောင်သော ကိုယ်စားလှယ်နှစ်ဦးတက်ရောက်ခဲ့ပြီး ဥရောပသမဂ္ဂအဖွဲ့ဝင် ၁၉ နိုင်ငံနှင့် အမေရိကန်၊ ဗြိတိန်၊ ဆွစ်ဇာလန်၊ အိုက်စလန်၊ နော်ဝေ၊ ကနေဒါ၊ နိုင်ဂျီးရီးယား၊ ဩစတြေးလျ၊ မက်ဆီဒိုးနီးယား၊ အရှေ့အလယ်ပိုင်းဒေသလေးနိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ အာရှနိုင်ငံများမှ မြန်မာနိုင်ငံ၊ ဂျပန်၊ တရုတ်၊ ဖိလစ်ပိုင်နှင့် စင်ကာပူနိုင်ငံတို့မှ ကိုယ်စားလှယ်များ စုစုပေါင်း ၁၀၅ ဦး တက်ရောက်ခဲ့သည်။

ညီလာခံတွင် ဂရိနိုင်ငံရဲတပ်ဖွဲ့၊ နော်ဝေနိုင်ငံရဲတပ်ဖွဲ့၊ ဆိုက်ပရပ်စ်နိုင်ငံရဲတပ်ဖွဲ့၊ အစ္စရေးနိုင်ငံရဲတပ်ဖွဲ့၊ နယ်သာလန်နိုင်ငံရဲတပ်ဖွဲ့၊ ပြင်သစ်နိုင်ငံရဲတပ်ဖွဲ့၊ ဂျာမနီနိုင်ငံရဲတပ်ဖွဲ့၊ ဥရောပရဲအဖွဲ့၊ ပြည်ထောင်စုစုံစမ်းထောက်လှမ်းရေးအဖွဲ့(FBI)၊ ဂရိနိုင်ငံ (Center for Security Studies/Kentro Meleton Asfaleias -KEMEA)၊ အမေရိကန်ပြည်ထောင်စု (Foundation for Defense of Democracies နှင့် The Fletcher School of Law and Diplomacy/ Tufts University)၊ ဗြိတိန်နိုင်ငံ (London Metropolitan Police၊ National Crime Agency-NCA၊ Global Interagency Security Forum -GISF နှင့် College of Policing)၊ ဥရောပနိုင်ငံများမှ အကြံပေးအဖွဲ့များကွန်ရက် (European Network of Advisory Teams -EuNAT)တို့မှ စေ့စပ်ညှိနှိုင်းရေးတပ်ဖွဲ့ဝင်များ၊ ကျွမ်းကျင်သူများ၊ စိတ်ပညာရှင်များက ဓားစာခံအဖြစ်ဖမ်းဆီးထိန်းသိမ်းခြင်း၊ ပြန်ပေးဆွဲခြင်းများနှင့်ပတ်သက်၍ စေ့စပ်ညှိနှိုင်းခြင်းဆိုင်ရာအတွေ့အကြုံဗဟုသုတများ၊ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုများနှင့် နည်းဗျူဟာများကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ဓားစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်းခြင်းနှင့် ဓားစာခံများအား သတ်ဖြတ်ခြင်းကို The International Convention against the Taking of Hostages အပါအဝင် နိုင်ငံတကာကွန်ဗင်းရှင်းများက တင်းကျပ်စွာတားမြစ်ပိတ်ပင်ထားကြောင်း၊ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မိမိပြည်တွင်းဥပဒေများရေးဆွဲပြဋ္ဌာန်း အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေတွင် ဓားစာခံအဖြစ်ဖမ်းဆီးထိန်းသိမ်းသည့် အကြမ်းဖက်ကျူးလွန်မှုများမဖြစ်ပွားစေရေး ကြိုးကြပ်ဆောင်ရွက်သွားရန် ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ အဆိုပါပြဋ္ဌာန်းချက်ကို အကောင်အထည်ဖော်ရေးအတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေး နည်းဥပဒေရေးဆွဲလျက်ရှိပြီး ဥပဒေနှင့် အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

နိုင်ငံတကာ စေ့စပ်ညှိနှိုင်းသူများလုပ်ငန်းအဖွဲ့၏ နှစ်ပတ်လည်ညီလာခံ (၂၀၂၃) ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပြီး အိမ်ရှင်နိုင်ငံမှတစ်ဆင့် ဖိတ်ကြားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



နိုင်ငံတကာစေ့စပ်ညှိနှိုင်းသူများလုပ်ငန်းအဖွဲ့၏ နှစ်ပတ်လည်ညီလာခံ (International Negotiators Working Group -Annual Conference 2022) သို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်စဉ်။

# ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း



ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့ အေးဇေတီဘုန်းတော်ကြီးကျောင်း ဆရာတော်ထံ တာဝန်ရှိသူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုး ဆက်ကပ်လှူဒါန်းစဉ်။



ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့ မဏိရတနာရာမကျောင်းတိုက် ဆရာတော်ထံ တာဝန်ရှိသူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုး ဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် နိုဝင်ဘာ ၈**

ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်ကာလအတွင်း ဆွမ်းကိစ္စရပ်များ အဆင်ပြေစေရန်ရည်ရွယ်၍ တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင်သီလရှင်ကျောင်းများ၊ ဘာသာရေးကျောင်းများနှင့် ဘိုးဘွားရိပ်သာများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ပိန္နဲတောင်ကျေးရွာရှိ ဓမ္မဆာယကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့ရှိ မဏိရတနာရာမကျောင်းတိုက်၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များမှ ဘုန်းတော်ကြီးကျောင်း လေးကျောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ဘုန်းတော်ကြီးကျောင်း ခုနစ်ကျောင်း၊ မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ရက္ခိတအောင်သိဒ္ဓိ ဘုန်းတော်ကြီးကျောင်းတိုက်၊ အောင်လံမြို့နယ် မန်ကျည်းကုန်းရပ်ကွက်ရှိ ဓမ္မစကြာကျောင်းတိုက်နှင့် ပဲခူးတိုင်းဒေသကြီး ပေါင်းတလည်မြို့ ဇင်းကုန်းကျေးရွာရှိ သဒ္ဓမ္မဦဘုန်းတော်ကြီးကျောင်းတို့မှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များကို ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြပြီး နယ်မြေခံဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ ဖန်ခါးမြေဘိုးဘွားရိပ်သာနှင့် နတ်မောက်မြို့နယ် ပင်ကျားထူးကျေးရွာရှိ မြတ်ဝုဏ်ပြည့်ဘိုးဘွားရိပ်သာတို့မှ အဘိုး၊ အဘွားများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မကွေးတပ်နယ်နှင့် တောင်တွင်းကြီးတပ်နယ်တို့မှ နယ်မြေခံတပ်မတော်သားများက အလှူငွေများနှင့် အာဟာရပြည့် စားသောက်ဖွယ်ရာများ သွားရောက်လှူဒါန်းပြီး နယ်မြေခံဆေးအဖွဲ့က လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ ပြည်ထဲရေးဝန်ကြီးဌာနတပ်ဖွဲ့ဝင်၊ ဝန်ထမ်းအရာထမ်း၊ အမှုထမ်းမိသားစုများက နေပြည်တော်ကောင်စီနယ်မြေ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်တိုက်များမှ သံဃာတော်များအား ဆွမ်းဆန်တော်နှင့် စားသောက်ဖွယ်ရာများကို အသီးသီး သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။



ဆရာတော်ထံ ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းစဉ်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ



ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ ဒေသခံပြည်သူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၈**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ ဒေသခံပြည်သူဦးရေ ၁၃၀၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၈၂၁၇ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၂၇၃၂ ဦးနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ ဒေသခံပြည်သူ ၁၅၇ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Mask များကို ပြည်သူများလက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်တို့၌ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ် -၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ Mask များ တပ်ဆင်ပြီးသွားလာကြရန် လှုံ့ဆော်ခြင်းနှင့် Mask များကို ဒေသခံပြည်သူများလက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။



ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ တာဝန်ရှိသူများက ဒေသခံပြည်သူများလက်ဝယ်အရောက် Mask များ အခမဲ့ပေးဝေလှူဒါန်းစဉ်။

# “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်မှ **“စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် မကျီးတဲ့ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲကို PDF များက Drop Bomb များဖြင့် ဖြုတ်ချဖောက်ခွဲတိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်”**ခေါင်းစဉ်ဖြင့် ၉-၁၁-၂၀၂၂ ရက် **(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“တနင်္သာရီတိုင်းဒေသကြီး မြိတ်-ထားဝယ်ကားလမ်းဘေးရှိ ပုလောမြို့နယ်သို့ လျှပ်စစ်မီးပေးပို့လျက်ရှိသည့် လျှပ်စစ်ဓာတ်တိုင်များကို PDF အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့်ဖြစ်စဉ်”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ပြည်သူများကျန်းမာစေဖို့ ဆီစားသုံးမှုလျှော့ချစို့

ဆီကို စားသုံးသင့်သည့်ပမာဏထက် ကျော်လွန်စားသုံးခြင်းနှင့် အရည်အသွေးမပြည့်မီသည့်ဆီများစားသုံးခြင်းတို့ကြောင့်-

- နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ လေဖြတ်ခြင်း စသည့်ကျန်းမာရေး ဆိုင်ရာဆိုးကျိုးများစွာခံစားရစေပါသည်။
- ထိုသို့ ဆိုးကျိုးများစွာခံစားလာရသည်နှင့်အမျှ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုများကိုပါ တွေ့ကြုံစေနိုင်သောကြောင့် ဆီစားသုံးမှုကို လျှော့ချစားသုံးသင့်ပါသည်။

# မိုင်းရယ်မြို့နယ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ၇၀ ရာခိုင်နှုန်းပြီးစီး



**မိုင်းရယ် နိုဝင်ဘာ ၈**

မိုင်းရယ်မြို့နယ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဖြစ်သော နမ့်လန်း-ဟိုတိ-မန်ကျောင်း-ပန်ရှင် ကျေးရွာချင်းဆက်လမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ၇၀ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စွာဝင်းထံမှ သိရသည်။

မိုင်းရယ်မြို့နယ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဖြစ်သော နမ့်လန်း-ဟိုတိ-မန်ကျောင်း-ပန်ရှင် ကျေးရွာချင်းဆက်လမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သန်း ၂၂၂ ဒသမ ၃၉၀ဖြင့် ဆောင်ရွက်လျက်ရှိရာ လက်ရှိတွင် လုပ်ငန်းများ ၇၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

မိုင်းရယ်မြို့နယ် နမ့်လန်း-ဟိုတိ-မန်ကျောင်း-ပန်ရှင်လမ်းသည် အရှည်ခြောက်မိုင်ရှိပြီး လက်ရှိဘဏ္ဍာနှစ်တွင် ဆောင်ရွက်လျက်ရှိသော အရှည်တစ်မိုင်လေးဖာလုံကို ကျောက်ချောလမ်းခင်းခြင်းနှင့် အဆိုပါလမ်းပေါ်တွင် Box Culvert နှစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ဒေသတွင်းလမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်လာပြီး ဒေသခံပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် အကျိုးပြုမည်ဖြစ်ကြောင်း ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စွာဝင်းက ပြောပြ၍ သိရသည်။ **ကျော်ဇေဦး(မောရှမ်းမြေ)**

# တရားမဝင် ကျွန်းသစ်၊ မော်တော်ယာဉ်နှင့် လူသုံးကုန်ပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၈**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မှော်ဘီမြို့နယ် သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်-ပြည်လမ်း မိုင်တိုင်အမှတ်(၃၀/၁) အမှတ်(၄)လမ်း၊ သစ်နှင့်သစ်တောထွက်ပစ္စည်း စစ်ဆေးရေးစခန်းတွင် မော်တော်ယာဉ်တစ်စီးပေါ်၌ တရားမဝင်သယ်ဆောင်လာသော ကျွန်းတံခါးချပ်နှင့် ကျွန်းပြတင်းတံခါးများ သုည ဒသမ ၈၀၅၈တန်၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၁၈၂၈နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Isuzu အမျိုးအစား မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၅၃၁၈၂၈ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ထို့အတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ်(တံတားကျိုး)စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၆ ရက်နှင့် ၇ ရက်တို့တွင် မြဝတီမြို့မှ ရန်ကုန်မြို့သို့ထွက်ခွာလာသော မော်တော်ယာဉ်နှစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အဝတ်အထည်နှင့် ဖိနပ်များ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀၀ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ နိုဝင်ဘာ ၇ ရက်နှင့် ယနေ့တို့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်အတွင်း တရားမဝင်ကျွန်းသစ် ၄၂ ဒသမ ၇၈၇၆ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၈၃၁၁၈၆ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုဝင်ဘာ ၆ ရက်မှ ယနေ့ထိ ဖမ်းဆီးရမိမှုစုစုပေါင်း အမှုတွဲငါးမှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၅၆၃၀၁၄ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# တာချီလိတ်မြို့နယ်တွင် ငွေကျပ်သိန်း ၂၈၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံးများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တွင် ငွေကျပ်သိန်း ၂၈၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၇ ရက် နံနက် ၉ နာရီခွဲတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ဝမ်တုံကျေးရွာအနီး ဝမ်တုံ-မယ်ဆိုင် ရေချောင်းသွားကားလမ်းတွင် ဝမ်တုံဘက်မှ မယ်ဆိုင်ရေချောင်းဘက်သို့ စိုင်းဆုတ်(ခ)စိုင်းကျော်မောင်းနှင်ပြီး စိုင်းစိုင်း(ခ)အိုက်ကျိုင်း(ခ)စိုင်းဖွန်းလိုက်ပါလာသည့် ဆိုင်ကယ်ကို သတင်းအရရှာဖွေရာ ဆိုင်ကယ်ပေါ်ရှိ စက္ကူချပ်ဖာအတွင်းမှ ဒေသကာလတန်ဖိုးငွေကျပ် ၂၈၃၅ သိန်းတန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံး ၅၄ တုံး၊ အလေးချိန် ၁၈ ဒသမ ၉ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ဘိန်းဖြူဘလောက်တုံးများကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်မှ မြန်မာ-လာအိုနယ်စပ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့နှစ်ဦးကို ဥပဒေအရအရေးယူထားပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် စဉ့်ကူကျေးရွာနေ ထက်ထက်လင်းသည် ၎င်းအသုံးပြုသည့် "Htet Htet Lin" Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့ မြို့သစ်ရပ်ကွက်နေ ရန်နိုင်ဝင်းသည် ၎င်းအသုံးပြုသည့် "Yan Naing Win" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# တားဝရမ်းအကြောင်း သိကောင်းစရာ

စိန်လှိုင်ပိုင်

တရားရုံးတရားခွင်နှင့် တရားစီရင်ရေးနယ်ပယ်တွင် **"တားဝရမ်း"** ဟူသော စကားလုံးအသုံးအနှုန်းသည် တရားမကြီးမှုနှင့်ပတ်သက်၍ ရံဖန်ရံခါလိုအပ်လျှင် သုံးစွဲနေကြရသော စကားလုံးအသုံးအနှုန်းဖြစ်သည်။ အသုံးတော့နည်းသည်။ တားဝရမ်းတွင် **"ယာယီတားဝရမ်းနှင့် ထာဝရတားဝရမ်း"** ဟူ၍ရှိသည်။ တားဝရမ်းဟူသည် "တရားရုံးက မိမိသဘောအတိုင်း ဆောင်ရွက်ခွင့်ရသည့်ကိစ္စဖြစ်ရာ တားဝရမ်းထုတ်ဆင့်ခြင်းကြောင့် တရားပြိုင်အပေါ် ထိခိုက်နစ်နာစေမှုနှင့် ယှဉ်တွဲသုံးသပ်ရမည်ဖြစ်ကြောင်း" ဖြင့် တားဝရမ်းအကြောင်းကို စာဖတ်သူများ ဗဟုသုတရရှိစေခြင်းအလို့ငှာ လမ်းညွှန်စီရင်ထုံးတစ်ခုကို ကိုးကား၍ ရေးသားတင်ပြပါဦးမည်။

**အမှုဖြစ်စဉ်အကျဉ်း**

မူလရုံးတရားလို ဦးဇော်မင်းမြင့်ပါ-၂ တို့က ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား အမှတ် (၁) ရပ်ကွက် အင်းယားမြိုင်လမ်း ခြံအမှတ်(၃၀-က) ဟု ခေါ်တွင်သည့် မြေဧရိယာ သုည ဒသမ ၇၄၄ ဧကရှိ မြေအနက်မှ မြေဧရိယာ သုည ဒသမ ၆၁၇ ဧကရှိ မြေအစိတ်အပိုင်းနှင့် တောင်ဘက်ခြမ်းအစိတ်အပိုင်းမှ အရှည် ၂၃၈ ပေ၊ အကျယ် ၁၀ ပေရှိ လမ်းမြေနေရာအပါအဝင် မြေကွက်များကို မြေပိုင်ရှင် ဦးစိုးဝင်းထံမှ ၁၉၈၇ ခုနှစ် အောက်တိုဘာ ၈ ရက် ရက်စွဲပါ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ် (၃၃၁/၈၈)ဖြင့် အပြီးအပိုင်ဝယ်ယူခဲ့ပြီးဖြစ်ကြောင်း အဆိုပြုသည်။ အဆိုပါလမ်းမြေမှ နေအိမ်သို့ ဝင်ထွက်သွားလာခြင်းပြုလုပ်ကြသည်။

တရားပြိုင် ဦးတင်မောင်အေးတို့သည် ၎င်းလမ်းမြေနှင့်ကပ်လျက်ရှိသောခြံတွင် နေထိုင်လျက်ရှိကြပြီး တရားပြိုင်များသည် တရားလိုများအား အသိမပေးဘဲ ထိုလမ်းမြေ၏ လက်ဝဲဘက်အခြမ်းတွင် အုတ်တံတိုင်းအခိုင်အမာကာရံခဲ့ပြီး လမ်းမြေပေါ်သို့ ကျူးကျော်ဝင်ရောက်ရန်အတွက် အုတ်တံတိုင်း၌ ဝင်ထွက်ရန် တံခါးပေါက်နှင့် ကားဝင်ထွက်ရန် တံခါးပေါက်တို့ပြုလုပ်ခဲ့ကြောင်း၊ တရားလိုတို့၏ ကိုယ်ပိုင်လမ်းမြေပေါ်သို့ တရားပြိုင်များက ကျူးကျော်ဝင်ရောက်ပြီး ဝင်ထွက်သွားလာခြင်း၊ အသုံးပြုခြင်း၊ ထိပါးနှောင့်ယှက်ခြင်း ထာဝရမပြုလုပ်ရန်အတွက် ထာဝရတားဝရမ်းထုတ်ပေးရန် တရားစွဲဆိုခဲ့သောအမှုဖြစ်သည်။

ရန်ကုန်တိုင်းတရားရုံး တရားမ (၁၉၉၉ ခုနှစ် တရားမကြီးမှုအမှတ်-၂၃) တွင် ဦးဇော်မင်းမြင့်နှင့် ဦးအောင်နိုင်မြင့်တို့က ဦးတင်မောင်အေးနှင့် ဒေါ်ဆွေဆွေတို့အပေါ် ထာဝရတားဝရမ်းထုတ်ပေးရန် တရားစွဲဆိုရာ တိုင်းတရားရုံးက အမှုအား ပလပ်ခဲ့သည်။ တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို မကျေနပ်၍ ဦးဇော်မင်းမြင့်တို့က တရားရုံးချုပ်သို့ ၁၉၉၈ ခုနှစ် တရားမပထမအယူခံမှုအမှတ်-၃၇၈ ကို တင်သွင်းခဲ့သော်လည်း တရားရုံးချုပ်က အယူခံမှုကို ပလပ်ခဲ့သည်။ တရားရုံးချုပ်၏စီရင်ချက်နှင့် ဒီကရီကို ဦးဇော်မင်းမြင့်တို့က တရားစီရင်ရေးဥပဒေပုဒ်မ-၆ အရ ပြန်လည်စစ်ဆေးစီရင်ပေးရန် လျှောက်ထားသောအခါ တရားရုံးချုပ်(အထူးခုံရုံး)က

(က) မူလရုံးတရားပြိုင်များသည် မိမိတို့သုံးစွဲခွင့်ရသော အချင်းဖြစ်လမ်းမြေကို လက်ရှိဖြစ်သူ မူလရုံးတရားလို၏ ခွင့်ပြုချက်မရှိဘဲ နောက်ထပ်တံခါးပေါက်များ ပြုလုပ်သုံးစွဲခြင်းမှာ ကျူးကျော်မှုကျူးလွန်ရာရောက်၊ မရောက်။

(ခ) တရားလိုများစွဲဆိုသောအမှုသည် ကာလစည်းကမ်းသတ် ကျော်လွန်ကြောင်း မူလတိုင်းတရားရုံးနှင့် တရားရုံးချုပ်တို့က ဆုံးဖြတ်ခဲ့ခြင်းသည် မှန်၊ မမှန်ဟူသော ပြဿနာများကို အထူးအယူခံခုံရုံးဖြင့် ပြန်လည်စီရင်ဆုံးဖြတ်ရန်အတွက် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်။

**တိုင်းတရားရုံး**က အချင်းဖြစ်လမ်းမြေမှာ တရားလိုများပိုင်ဆိုင်သည့် ကိုယ်ပိုင်လမ်းမြေဖြစ်သည်ဆိုခြင်းမှာ မှန်ကြောင်း၊ လမ်းမြေ၏ သဘာဝအနေအထားအရလည်းကောင်း၊ သာတူညီမျှသဘောတရားအရလည်းကောင်း၊ တရားပြိုင်များသည် အချင်းဖြစ်လမ်းမြေကို အသုံးပြုခွင့်ရှိကြောင်း၊ တရားလိုများပိုင်ကိုယ်ပိုင်လမ်းမြေတွင် တရားပြိုင်များသည် အခွင့်အရေးမရှိဘဲ မတရားရယူအသုံးပြုနေခြင်းမဟုတ်ကြောင်း၊ တရားလိုများစွဲဆိုသောအမှုသည် ကာလစည်းကမ်းသတ်ကျော်လွန်နေပြီဖြစ်ကြောင်းဖြေဆို၍ အမှုကိုပလပ်ခဲ့သည်။

**တရားရုံးချုပ်**က သက်သေခံအမှတ် (၁) မြေ



အရောင်းအဝယ်စာချုပ်အရ အချင်းဖြစ် ၁၀ ပေ အကျယ်အဝန်းရှိသော လမ်းမြေကို အယူခံတရားပြိုင် ဦးတင်မောင်အေးတို့က ဝင်ထွက်လမ်းအဖြစ် အသုံးပြုခွင့်ရရှိပြီးဖြစ်ကြောင်း၊ ထိုလမ်းမြေကို အယူခံတရားလို ဦးဇော်မင်းမြင့်တို့က ပိုင်သော်လည်း ၎င်းတို့သီးသန့်အသုံးပြုသောလမ်းမြေဖြစ်သည်ဟု တထစ်ချ ကောက်ယူခြင်းမပြုနိုင်ကြောင်း၊ ထို့ကြောင့် အယူခံတရားပြိုင်တို့က အချင်းဖြစ်လမ်းမြေသို့ ဝင်ထွက်သွားလာအသုံးပြုနိုင်သော အခွင့်အရေးရှိကြောင်း သုံးသပ်၍ အယူခံကို ပလပ်ခဲ့သည်။

**အထူးအယူခံခုံရုံး၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

အယူခံတရားလို ဦးဇော်မင်းမြင့်တို့သည် ဦးစိုးဝင်းထံမှ အချင်းဖြစ်မြေကွက်များနှင့် လူသွားလမ်းမြေနေရာကို သက်သေခံအမှတ်(၈) အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ဖြင့် ၁၉၈၇ ခုနှစ် အောက်တိုဘာ ၈ ရက်က ဝယ်ယူခဲ့သည်။ အယူခံတရားပြိုင် ဦးတင်မောင်အေးတို့သည်လည်း ပိုင်ရှင် ဦးစိုးဝင်းထံမှပင် ၎င်းတို့လက်ရှိနေထိုင်သော မြေကွက်ကို ၁၉၈၆ ခုနှစ် ဩဂုတ် ၂၈ ရက်က သက်သေခံအမှတ် (၁) မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူခဲ့ကြသည်။ ထိုစာချုပ်တွင် "အပိုင်ဝယ်ယူသူများက အပိုင်ရောင်းချသူ၏ဆန္ဒအရ မြေကွက်အမှတ် (၉၃- F) နှင့် (၉၃-C) တို့မှ ထာဝစဉ်ထွက်ပေါက်အဖြစ် ယခုဝယ်ယူထားသည့် မြေကွက်အမှတ် (၉၃-B) ၏ တောင်ဘက်ခြမ်း ၁၀ ပေအကျယ်လမ်းကို အစဉ်အမြဲပိတ်ဆို့ခြင်းမရှိဘဲ အင်းလျားမြိုင်လမ်းထိ ထွက်ပေါက်အဖြစ် ဖွင့်လှစ်ပေးထားရာ သဘောတူပါသည်"ဟု ဖော်ပြထားကြောင်း၊ အဆိုပါဖော်ပြချက်များအရဆိုလျှင် အချင်းဖြစ်လမ်းမြေသည် အယူခံတရားပြိုင် ဦးတင်မောင်အေးတို့ ဝယ်ယူခဲ့သည့်မြေထဲတွင် ပါဝင်နေသည်ဟု ယူဆရန်ရှိနေသည်။

သို့ရာတွင် ရောင်းသူဦးစိုးဝင်းနှင့် ဝယ်သူ ဦးတင်မောင်အေးတို့သည် ၁၉၉၂ ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် အမှားပြင်ဖြည့်စွက်စာချုပ် သက်သေခံအမှတ် (၄) ကို ချုပ်ဆိုခဲ့ကြကြောင်း၊ အမှားပြင်ဆင်ချက်အရ မူလစာချုပ်တွင် မှားယွင်းဖော်ပြခဲ့သည်များကို ပြင်ဆင်ရေးသားခဲ့သည်။ ဦးတင်မောင်အေးက အမည်ပေါက်ပြောင်းလဲနိုင်ရန်အတွက် လမ်းမြေကို ချန်လှပ်၍ အမှားပြင်စာချုပ် ချုပ်ဆိုကြောင်း ထွက်ဆိုပြီး အမှားပြင်ဆင်ချက်စာချုပ်ကို သက်သေခံအမှတ်(၄) အဖြစ် တင်ပြခဲ့သည်။

အယူခံတရားလိုနှင့် အယူခံတရားပြိုင်တို့အား မြေကွက်များရောင်းချသူ ပိုင်ရှင် ဦးစိုးဝင်း (လိုပြ-၂) က အယူခံတရားပြိုင်တို့အား ရောင်းချစဉ်က အချင်းဖြစ် ၁၀ ပေလမ်းကိုချန်၍ ရောင်းခြင်းဖြစ်ကြောင်း၊ အချင်းဖြစ် ၁၀ ပေအကျယ်လမ်းအပါအဝင် မြေကွက်ကို ဦးဇော်မင်းမြင့်တို့အား ရောင်းချခဲ့ကြောင်း ထွက်ဆိုခဲ့သည်။ မြေကွက်ရောင်းသူ ဦးစိုးဝင်း (လိုပြ-၂) နှင့် သက်သေခံအမှတ် (၈) စာချုပ် သက်သေခံအမှတ် (၄) အမှားပြင်ဆင်ချက်စာချုပ်တို့တွင် ဖော်ပြထားချက်များအရ **အချင်းဖြစ် ၁၀ ပေအကျယ်လမ်းသည် အယူခံတရားလို ဝယ်ယူထားသည့်မြေကွက်တွင် အပါအဝင်ဖြစ်၍ အယူခံတရားလို ဦးဇော်မင်းမြင့်တို့ပိုင်သည့် ကိုယ်ပိုင်လမ်းဖြစ်သည်မှာ ထင်ရှားကြောင်း** အထူးအယူခံခုံရုံးက စိစစ်သုံးသပ်ခဲ့သည်။

အချင်းဖြစ်လမ်းမြေကို မူလရုံးတရားလို ဦးဇော်မင်းမြင့်တို့ပိုင်ကြောင်းကို တိုင်းတရားရုံးနှင့် တိုင်းတရားရုံးချုပ်တို့က တွေ့ရှိခဲ့သည်။ သို့ရာတွင် **အချင်းဖြစ်လမ်းသည် အယူခံတရားလိုများသာ သီးသန့်အသုံးပြုရန်သတ်မှတ်ထားသည့် ပုဂ္ဂလိကသွားလာခွင့် (Private Right of way) သက်သက်အရ လမ်းမြေမဟုတ်ကြောင်း၊ အယူခံတရားပြိုင်များကလည်း အသုံးပြုသွားလာခွင့်ရှိသည့်မြေဖြစ်ကြောင်း** မူလရုံးနှင့် ပထမအယူခံရုံးတို့က ကောက်ယူကြသည်ကို စိစစ်ခဲ့သည်။

သို့ရာတွင် တားဝရမ်းထုတ်ဆင့်ပေးရန်မှာ အခွင့်အရေးတစ်ရပ်အနေဖြင့် တောင်းဆိုနိုင်သည့် သက်သာခွင့်မဟုတ် တရားရုံးက မိမိသဘောအတိုင်း ဆောင်ရွက်ရသည့်ကိစ္စဖြစ်ကြောင်း၊ သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ-၅၄ နှင့် ၅၅ တို့တွင် "တရားရုံးသည် မိမိသဘောအတိုင်း"ဟူသော စကားရပ်မပါရှိသော်လည်း **ပုဒ်မ-၅၂ တွင် ယာယီ သို့မဟုတ် ထာဝရတားဝရမ်းထုတ်ဆင့်ခြင်းဖြင့် တားဆီးပိတ်ပင်သည့်သက်သာခွင့်ကို တရားရုံး၏ သဘောအတိုင်း ခွင့်ပြုရသည်ဟု ပြဋ္ဌာန်းထားရာ ၎င်းပြဋ္ဌာန်းချက်အရ ယာယီဖြစ်စေ၊ ထာဝရဖြစ်စေ တားဝရမ်းကို တရားရုံး၏သဘောအတိုင်း ခွင့်ပြုရန်ဖြစ်ကြောင်း ထင်ရှားသည်**ဟု အထူးအယူခံခုံရုံးက စိစစ်သုံးသပ်ခဲ့သည်။

သို့ဖြစ်ရာ **တရားရုံးက တရားပြိုင်သည် တရားလို၏ တရားဝင်အခွင့်အရေးကို ထိပါးခြင်းရှိ၊ မရှိသာ ခဉ်းဖေးရန်မဟုတ်။ ထိုသို့ ထိပါးခြင်းအား တားဆီးရန်အတွက် ဆောင်ရွက်မှုသည် သင့်မြတ်သော သက်သာခွင့် ဟုတ်၊ မဟုတ်ကိုလည်း စိစစ်ရမည်ဖြစ်ကြောင်း၊ ဤကိစ္စအလို့ငှာ တရားလိုအား အကျိုးပျက်စီးစေသည့် သို့မဟုတ် ပျက်စီးရန် ဖြစ်ခြေရှိလျက်ရှိသည့် ပမာဏကို တားဝရမ်းထုတ်ဆင့်ခြင်းကြောင့် တရားပြိုင်အပေါ် ထိခိုက်နစ်နာစေမှုနှင့် ယှဉ်တွဲသုံးသပ်ရမည်ဖြစ်ကြောင်း** ရုံးတော်က ဆင်ခြင်သုံးသပ်ခဲ့သည်။

အယူခံတရားလိုတို့၏ အဆိုလွှာအရ အယူခံတရားပြိုင်တို့သည် အယူခံတရားလိုတို့၏မြေကို ကျူးကျော်၍ တံတိုင်းကာရံခြင်းမဟုတ် ၎င်းတို့မြေတွင် ကာရံခြင်းသာဖြစ်ကြောင်း ပေါ်ပေါက်သည်။ အယူခံတရားပြိုင်တို့က ၎င်းတို့ပိုင်သည့်မြေတွင် အုတ်တံတိုင်းကာရံခြင်း၊ တံခါးပေါက်များဖောက်ခြင်းတို့ကြောင့် အယူခံတရားလိုတို့အား ထိခိုက်နစ်နာစေရန်အကြောင်းမရှိကြောင်း၊ မိမိတို့လုံခြုံရေးအတွက် မိမိတို့ပိုင်မြေကို ဝန်းရံတံတိုင်းကာရံခွင့်ရှိခြင်းမှာ ပိုင်ရှင်တိုင်း၏ အခွင့်အရေးဖြစ်ကြောင်း၊ အယူခံတရားပြိုင်အသစ်ဖောက်လုပ်သော ဂိတ်ပေါက်အသစ်များမှ အဝင်အထွက်ပြုလုပ်ရန်အတွက် အချင်းဖြစ်လမ်းမြေအား အသုံးမပြုရန်တားမြစ်သည့် တားဝရမ်းထုတ်ဆင့်ပေးရန် လျှောက်ထားခြင်းမှာ အယူခံတရားလိုတို့သည် အယူခံတရားပြိုင်များကို အင်းလျားမြိုင်လမ်းသို့ အဝင်၊ အထွက်ပြုလုပ်ရန် သုံးစွဲနေရင်းဖြစ်သော ဂိတ်ပေါက်မှ ဝင်ထွက်ခွင့်ရရှိနေပါလျက် နောက်ထပ်ဂိတ်ပေါက်များဖောက်ကာ အချင်းဖြစ်လမ်းအား သုံးစွဲခွင့်ပြုလုပ်ခြင်းကို တားမြစ်လိုခြင်းဖြစ်ကြောင်း အထူးခုံရုံးက စိစစ်ခဲ့သည်။

အချင်းဖြစ်လမ်းသည် အယူခံတရားလိုနှင့် အယူခံတရားပြိုင်တို့ ပိုင်ဆိုင်သည့် မြေနှစ်ကွက်ကြားတွင် တည်ရှိနေပြီး အယူခံတရားပြိုင်တို့ မြေဝယ်စဉ်က လမ်းမြေနယ်စပ်တွင် အခိုင်အခံ့စည်းရိုးမရှိခဲ့ကြောင်း၊ သို့ဖြစ်ရာ အယူခံတရားပြိုင်တို့သည် ၎င်းတို့ပိုင်မြေမှ အချင်းဖြစ်လမ်းသို့ နေရာမရွေး ဝင်ထွက်နိုင်သည့် အနေအထားရှိကြောင်း၊ **အယူခံတရားပြိုင်တို့သည် ၎င်းတို့လက်ရှိနေထိုင်သည့်မြေကို အယူခံတရားလိုတို့ထက် အရင်ဦးစွာ ဝယ်ယူခဲ့ကြခြင်းဖြစ်၍ အချင်းဖြစ်လမ်းကို အယူခံတရားလိုတို့ထက် အရင်ဦးစွာ အသုံးပြုခဲ့ကြောင်း** ရုံးတော်က စိစစ်ခဲ့သည်။

အယူခံတရားလိုတို့က အယူခံတရားပြိုင်တို့အား သုံးစွဲရင်းဖြစ်သောဂိတ်ပေါက်မှ အချင်းဖြစ်လမ်းသို့ ဝင်ထွက်သွားလာခြင်းကို ခွင့်ပြုခဲ့သော်လည်း နောက်ထပ်ပြုလုပ်သည့် ဂိတ်ပေါက်များမှ သွားလာခြင်းမပြုရန် တားမြစ်ခြင်းငှာ မဖြစ်နိုင်သောအမိန့်ကို တောင်းခံခြင်းဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် သုံးစွဲရင်းဖြစ်သော ဂိတ်ပေါက်မှ ဝင်ထွက်ခွင့်ရရှိသူ အယူခံတရားပြိုင်တို့သည် အချင်းဖြစ်လမ်းတစ်လျှောက် သွားလာနိုင်သည်ဖြစ်ရာ နယ်မြေကန့်သတ်၍ တားဝရမ်းထုတ်ပေးရန်မှာ သဘာဝကျသည့်အချက်မဟုတ်ကြောင်း ရုံးတော်က ဆင်ခြင်သုံးသပ်ခဲ့သည်။

နောက်ထပ်ဂိတ်ပေါက်များမှ အချင်းဖြစ်လမ်းမြေကို ဝင်ထွက်သွားလာခြင်းကြောင့် အယူခံတရားလိုတို့အား တိုး၍ ထိခိုက်နစ်နာမှုဖြစ်စေရန်အကြောင်းမရှိကြောင်း၊ ထာဝရတားဝရမ်းထုတ်ဆင့်ရန်မသင့်ကြောင်း သုံးသပ်၍ ကြားနာလျက်ရှိသော အမှတ် (၁) ပြဿနာနှင့်စပ်လျဉ်း၍ **"မူလရုံးတရားပြိုင်များသည် မူလရုံးတရားလို၏ ခွင့်ပြုချက်မရရှိဘဲ နောက်ထပ်တံခါးပေါက်များ ပြုလုပ်သုံးစွဲခဲ့ခြင်းမှာ ကျူးကျော်မှု ကျူးလွန်ရာမရောက်ကြောင်း"** ဖြေဆို၍ အထူးအယူခံမှုကို တရားရုံးအဆင့်ဆင့်၏ စရိတ်နှင့်တကွ ပလပ်လိုက်သည်။ (ဦးဇော်မင်းမြင့်ပါ-၂ နှင့် ဦးတင်မောင်အေးပါ-၂ ၂၀၀၀ ပြည့်နှစ် တရားမ အထူးအယူခံမှုအမှတ်-၂၅)

Owkwhd@

# ငယ်ချစ်မို့ အပြစ်မမြင်ပါ

ကိုရွှေတောသား(ဆင်ကူး)





(၁)

"ကမ္ဘာကြီးက ကျဉ်းကျဉ်းလေးပါ"ဟု တချို့ပြောကြသည်။ ဟုတ်လည်းဟုတ်နေပြန်၏။ တစ်ချိန်က မမြင်ချင်၊ မတွေ့ချင်ကြတော့လို့ ရှောင်ပုန်းပြီးထွက်သွားသည့် သူနှင့်မှ ပြန်ဆုံရသည်။ ပိုက်ဆံမရှိ၍ ရှောင်ဖယ်ခံရသည်။ သူဂုဏ်မက်လို့ နှစ်ကိုယ်ဝေးကြရသည်။ သူပြောသည့်စကား ယနေ့တိုင် မှတ်မိနေသေးသည်။ အချစ်တစ်ခုတည်းနှင့် မျက်စိကိုစုံမှိတ်ပြီး ယူလိုက်ကြပါပြီတဲ့ ငွေမရှိရင် အိမ်ထောင်ရေးက သာယာနိုင်ပါ့မလားဟူသောသူ့စကား။ ပုံသေကားကျတွက်လို့မရသည့် လောကကြီးထဲမှာ ငွေရှိတိုင်း ဘဝရေးမသာယာနိုင်သလို ငွေမရှိပေမဲ့ သာယာနေကြသည့် ဘဝတွေ အများကြီးရှိနေပါ၏။ တစ်ချိန်က ငွေပုံပေါ်မှာစံပြီး နေခဲ့သည့်သူက အိမ်ထောင်ရေးသာယာခဲ့၏လော။ မေးချင်လှသည့် မေးခွန်းပေါင်းများစွာက နှုတ်ဖျားကထွက်မလာနိုင်။ ချို့ချို့တဲ့တဲ့နှင့် ပင်ပန်းကြီးစွာ ဘဝကိုရင်ဆိုင်နေရသည့်သူကို သနားနေမိပြန်သည်။ သူ့ကိုမြင်တော့ ဟိုးယခင်က ကြည်နူးစရာဘဝလေးကို မြင်ယောင်မိသေး၏။ ခရေပန်းများကြိုက်သည့်သူ။ အခြေကြီးအနေကြီး သူဌေးသမီး။ တစ်ဦးတည်းသောသမီး။ ရပ်လုံးရွာလုံးက ဝိုင်းပြီးမြှောက်စားကြတာခံရသည့်သူ။ ပညာရေးမှာလည်း ဉာဏ်လေးကကောင်းတော့ တစ်ချိန်ကျလျှင် ဆရာဝန်မကြီးဖြစ်မည်ဟု ထင်ကြေးများနှင့် မြှောက်စားခံခဲ့ရသည့်သူ။ ယခုတော့။

(၂)

"ဟဲ့ နင့်က ရဲနိုင် ရဲနိုင်မဟုတ်လား။ ကြည့်စမ်းကြီးပွားနေလိုက်တာ ကားနဲ့ဘာနဲ့ပါလား"

အကြော်ဆီပူအိုးကို မီးထိုးနေရင်းက စကားစပြောသည်။ သူ့အသံနည်းနည်းတော့ အောနေသလိုရှိသည်ကလွဲလို့ ယခင်ကဲ့သို့ ခပ်ထေ့ထေ့။ ကျွန်တော်ခေါင်းညိတ်ပြီး ဖြေလိုက်သည်။ သူ့အနားတွင် နှစ်နှစ်ကျော်၊ သုံးနှစ်ခန့်ရှိမည့်ကလေးက တစ်ခုခုပူဆာနေပုံရသည်။ မလှမ်းမကမ်းကိုကြည့်လိုက်တော့ မိုးပျံပူဖောင်းသည်ကြီးက တပိပိနှင့် ကလေးများ၏စိတ်ကို မြူဆွယ်နေသယောင်။ တစ်ချိန်က ငွေပုံပေါ်မှာစံခဲ့သည့် သူဌေးသမီးဒွေးကြည် ယခုတော့ မီးခိုးပြာအလိမ်းလိမ်းနှင့် မွဲကြည်ဖြစ်နေသည်အလား။ ကျွန်တော့်ရင်ထဲ ဆို့နင့်ခံစားရပြန်သည်။ ဒွေးကြည်မက ကလေးကို အုန်းခနဲမြည်အောင်ထုရိုက်လိုက်သည်။ ပါးစပ်ကလည်း တတွတ်တွတ်နှင့် ဆူပူကြိမ်းမောင်းလိုက်သေး၏။ အလိုက်မသိသည့် ပူဖောင်းသည်ကြီးက အနားမှခွာမည့်ပုံမပေါ်။ ကျွန်တော် အကြော်စားနေရင်းက ပူဖောင်းသည်ကြီးကို ခေါ်လိုက်မိသည်။ မိုးပျံပူဖောင်းငါးခု ဝယ်ပေးလိုက်သည်။ ဒွေးကြည်မမျက်နှာ ကွက်ခနဲပျက်သွားသည်ကို ကျွန်တော်မြင်လိုက်သည်။ သူ့ပါးစပ်ကလည်း-

"ဟဲ့ ရဲနိုင် နင်ကလဲဟယ် ပူဖောင်းက ငါလဲ ဝယ်ပေးလို့ရပါတယ်ဟယ်။ နင်မို့လို့ ဝယ်ပေးတယ်။ ဒီမှာ နင့်တူက လက်ကခိုင်တာ မဟုတ်ဘူး ယောင်ပြီးလက်ကလွှတ် လွှတ်ပစ်တာ ပိုက်ဆံတွေ နှမြောစရာဟယ်"

"အဲဒါတော့ အဲဒါပေါ့ ဒွေးကြည်ရယ်။ ကလေးက လိုချင်လို့ ဒီလောက်ပူဆာနေတာကိုး"

ကျွန်တော်က အကြော်လည်းစား ကလေးကိုလည်း ကြည့်နေမိသည်။ ဒွေးကြည်မကတော့ အကြော်များကို တစ်ခုပြီးတစ်ခုကြော်နေသည်။

"ဒွေးကြည် နင့်ယောကျ်ားက အခု ဘာတွေလုပ်နေလဲဟ"ဟု ကျွန်တော်က မရဲတရဲနှင့် မေးရသည်။

"သူက ဆန်စက်ထဲမှာ ဆန်ထမ်းနေတယ်လေ"

"ဩော်. . . အဆင်ပြေတယ်မဟုတ်လား။ ကလေးတွေကောဘယ်နှယောက်ရနေပြီလဲ။ နင်တို့အိမ်ထောင်ကျတာတောင် ဆယ်နှစ်လောက်ရှိနေပြီနော်"

ဒွေးကြည်မက ကျွန်တော်ကို စေ့စေ့စိုက်ကြည့်နေသေးသည်။ ပြီးမှ သက်ပြင်းတစ်ချက်ချရင်းက-

"ရဲနိုင်ရယ် နင်က ငါ့အကြောင်းမှ ကောင်းကောင်းမသိသေးဘဲကိုး။ အခုက ငါနောက်အိမ်ထောင်လေဟာ။ အရင်အိမ်ထောင်နဲ့က လက်ထပ်ပြီးနှစ်လလောက်ပဲ ပေါင်းလိုက်ရတယ်။ သူက အသုံးအဖြုန်းကလဲကြီး၊ မိန်းမကလဲပွေဆိုတော့ သူနဲ့ငါ ကွာရှင်းပြတ်စဲလိုက်ရတယ်လေ။ အရင်အိမ်ထောင်နဲ့ကွဲပြီး ငါလဲ လေး၊ ငါးနှစ်လောက်နေလိုက်ပါသေးတယ်။ နောက်တော့လဲ အဖေနဲ့အမေက ငါ့ကို သူတို့သဘောတူတဲ့သူနဲ့ လက်ထပ်ပေးမယ်ဆိုပြီး နားချတာနဲ့ ငါ နောက်အိမ်ထောင်ပြုလိုက်ရတာ။ ဒီအိမ်ထောင်နဲ့ လေးနှစ်လောက်တော့ရှိပြီ"

"ဆောရီး ဒွေးကြည်ရာ ငါစိတ်မကောင်းပါဘူး။ နင် အခုကော အဆင်ပြေတယ်မဟုတ်လား"

ဒွေးကြည်မမျက်နှာက စောစောကလိုမဟုတ်တော့။ ပြုံးရိပ်ကလေးသန်းနေသယောင်ရှိသည်။ သူ့သားလေးကတော့ မိုးပျံပူဖောင်းများနှင့် ကစားနေတော့သည်။ ဒွေးကြည်မက သူ့မိသားစုအကြောင်းကို ရင်ဖွင့်နေတော့သည်။

(၃)

"ငါ့အိမ်သား အစ်ကိုလှိုင်က သိပ်ပြီးသဘောကောင်းတာရဲနိုင်ရ။ အလုပ်လဲကြိုးစားတယ်။ မိသားစုမပြေလည်တာတော့ ကံတရားပေါ့ဟာ မဟုတ်လားရဲနိုင်။ သူ့ဝင်ငွေအနည်းဆုံး ငါးထောင်၊ ခြောက်ထောင်ရှိတယ်။ ငါ အကြော်ကြော်တာက တစ်နေ့ကို နှစ်ထောင်လောက်တော့ ရတယ်လေ။ နှစ်ယောက်ပေါင်း ခုနစ်ထောင်၊ ရှစ်ထောင်တော့ ပုံမှန်ဝင်ငွေရှိတယ်။ စားလဲစား၊ စုလဲစုပေါ့ဟာ။ အခုဆိုရင် ခြံဝင်းလေးတစ်ဝင်းတော့ ဝယ်နိုင်တော့မယ်လေ။ အစ်ကိုလှိုင်က လူကသာဆင်းရဲမယ် စိတ်ဓာတ်က သိပ်ပြီးကောင်းတာ။ အခုအချိန်ထိ အဖေနဲ့ အမေ့ဆီသွားလက်ဖြန့်ပြီး ဘယ်လောက်ပေးပါ၊ ဘယ်ရွှေ့ပေးပါလို့ မတောင်းခိုင်းဘူး။ ငါ့အပေါ်လဲ ဂရုစိုက်တယ်"

ဒွေးကြည်မက ပြောလည်းပြော ပြုံးလည်းပြုံးဖြစ်နေသည်။ သူတို့မိသားစုကလေးသတင်းကြားတော့ ကျွန်တော့်ရင်ထဲတစ်မျိုးကြည်နူးမိသည်။

"ရဲနိုင် နင်စိတ်မဆိုးဘူးဆိုရင် ငါတစ်ခုလောက်မေးချင်တယ်"

"အွန်း မေး မေးလေ ဒွေးကြည်"

"နင်ငါ့ကို စိတ်မနာဘူးလား"

ဒွေးကြည်မအမေးကို ခေါင်းခါပြီးဖြေလိုက်မိသည်။

"မဟုတ်လောက်ပါဘူး ရဲနိုင်ရယ်။ နင် ငါ့ကို စိတ်နာသင့်တယ် မဟုတ်ဘူးလား"

သည်တစ်ခါတော့ ကျွန်တော့်နှုတ်ထွက်စကားနှင့် ဖြေရသည်။

"ဒွေးကြည်ရယ် နင်ကလဲ အခုမှ ဘာတွေမေးနေသေးတာလဲ။ အေး နင်သိချင်ရင်တော့ ပြောရတာပေါ့လေ။ ငါ့ရင်ထဲ ဘယ်တော့မှ နင့်အပေါ် စိတ်မနာခဲ့သလို မုန်းလဲမမုန်းခဲ့ဘူး"ဟု ပြောပြီးမှ ကိုယ့်ကိုယ်ကိုယ်စကားပြောမှားမှန်းသိသည်။ ကျွန်တော်ရှက်ကိုးရှက်ကန်းဖြစ်သွားသည်ကို ဒွေးကြည်မ သိဖြစ်အောင်သိသွားသည်။

"ရဲနိုင်ရယ် ငါတောင်းပန်ပါတယ်။ တစ်ချိန်တုန်းက နင့်အပေါ် ငါမတရားခဲ့ဘူးနော်။ နင့်ကိုငါချစ်ခဲ့တာတော့အမှန်ပါ။ ဒါပေမဲ့ တကယ့်တကယ် အိမ်ထောင်တစ်ခုထူကြမယ်လို့ နင်ပြောလိုက်တော့မှ ငါ့ကိုငါ အံ့ဩမိတယ်။ ငွေမရှိတဲ့ဘဝမှာမနေနိုင်ဘူးလို့ ငါထင်ခဲ့မိတာ။ အိမ်ထောင်တစ်ခုမှာ ငွေရှိမှ သာယာနိုင်မယ်လို့ထင်ခဲ့တာ။ အဲဒါကြောင့် နင့်ကို ငါချစ်ပေမဲ့ လက်မထပ်ရဲလို့ ပြောမိပြောရာတွေ ပြောခဲ့မိတယ်။ တကယ်တော့ ရွှေငွေစည်းစိမ်ဆိုတာတွေက ဟို ဟို စောစောက နင် ငါ့သားလေးကို ဝယ်ပေးလိုက်တဲ့ မိုးပျံပူဖောင်းတွေလိုပဲ တစ်ချိန်ချိန် ကိုယ်နဲ့ အဝေးဆုံးကို ရောက်သွားနိုင်တယ်လေ။ ကိုယ့်အနားမှာ အမြဲတမ်းရှိနေပေးမဲ့ နင့်လိုလူတစ်ယောက်ကို ငါငြင်းခဲ့မိတာ ငါ့ကိုခွင့်လွှတ်ပါ ရဲနိုင်ရယ်"

(၄)

ဒွေးကြည်မက စကားဆုံးတော့ သူ့ပါးပြင်မှာ မျက်ရည်စများစီးကျလို့လာပါတော့သည်။ ကျွန်တော့်ရင်ထဲလည်းလှိုက်ပြီး ဆို့နင့်စွာခံစားရပါတော့သည်။ ပတ်ဝန်းကျင်မှာတော့ လူတွေက ကိုယ်စီကိုယ်င သွားလာလှုပ်ရှားနေကြလျက်သာ။ ဒွေးကြည်မက မီးသေနေသည့် သူ့အကြော်ဆီပူအိုးကလေးကို မီးပြန်စီရသည်။ ကျွန်တော်စားနေသည့် အကြော်တစ်ပွဲလည်းကုန်သွားသည်။ ပူဖောင်းများနှင့် ဆော့ကစားနေသည့် ကလေးဆီက ငိုသံတစ်ချက်ကျယ်လောင်စွာထွက်ပေါ်လာသည်။

မိုးပျံပူဖောင်းများက ကောင်းကင်ထက်အတော်ပင် မြင့်တက်ပျံလွှတ်ကုန်သည်။ သူ့ကစားစရာပူဖောင်းများကို လက်ညှိုးထိုးပြပြီး ငိုနေသည့်ကလေးကို ဒွေးကြည်မက ချော့မြှူနေရသည်။ ကျွန်တော်လည်း အကြော်ဖိုးပိုက်ဆံကို အကြော်ပန်းကန်ထဲထည့်ထားခဲ့ပြီး ကားကိုမောင်း၍ပြန်ခဲ့သည်။ ဒွေးကြည်မတစ်ယောက် ကျွန်တော့်ကို ခွင့်လွှတ်နိုင်ပါစေဟု တွေးနေမိသည်။ အကြော်ပန်းကန်ထဲ အကြော်ဖိုးပိုက်ဆံနှင့်အတူ ဒွေးကြည်မတို့မိသားစုအတွက် အရင်းအနှီးတစ်ခုဖြစ်ဖို့ရာ ငွေငါးသောင်းထားပေးခဲ့မိသည်။ ကျွန်တော့်လုပ်ရပ်များက မှားလား၊ မှန်လား မဆင်ခြင်နိုင်ခဲ့ပေ။ ကျွန်တော် ဒွေးကြည်မကို သနားမိသည်။ တစ်ချိန်က ငွေပုံပေါ်မှာစံပြီး နေခဲ့သည့် သူဌေးသမီးတစ်ယောက်က ယခုလို အကြော်ကြော်ရောင်းနေသည်ကို ကျွန်တော်မကြည့်ရက်ပါပေ။ ဒွေးကြည်မတို့မိသားစုလေး သာယာချမ်းမြေ့ပါစေဟု ဆုတောင်းပေးလိုက်မိပါတော့သည်။

# ရန်ကုန်တိုင်းဒေသကြီးရှိ ပြည်သူ့အငှားအိမ်ရာစီမံကိန်းတွင် လျှပ်စစ်ဓာတ်အားရရှိနိုင်ရေး ဓာတ်အားခွဲရုံများ တည်ဆောက်ပေးသွားမည်



**ရန်ကုန် နိုဝင်ဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရှိ ပြည်သူ့အငှား အိမ်ရာစီမံကိန်းတွင် လျှပ်စစ်ဓာတ်အားရရှိနိုင်ရေးအတွက် ဓာတ်အားခွဲရုံများတည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန၏ သတင်းများအရ သိရသည်။

အဆိုပါ ပြည်သူ့အငှားအိမ်ရာစီမံကိန်းကို နိုင်ငံတော်ဘဏ္ဍာငွေများဖြင့် တည်ဆောက်နေခြင်းဖြစ်ပြီး ပထမအဆင့်အနေဖြင့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်က အဆောက်အအုံ ၉၇ လုံးနှင့် မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများအသင်းချုပ်က အဆောက်အအုံ ၉၇ လုံး စုစုပေါင်းအဆောက်အအုံ ၁၉၄ လုံးကို အကောင်အထည်ဖော် တည်ဆောက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ၈၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ ဆက်လက်၍ ယခုဘဏ္ဍာနှစ်အတွင်း ရေသန့်နှင့် လျှပ်စစ်မီးသွယ်တန်းမှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ အဆိုပါပြည်သူ့အငှားအိမ်ရာစီမံကိန်းတွင် လျှပ်စစ်ဓာတ်အားရရှိနိုင်ရေးအတွက် ဓာတ်အားခွဲရုံများ တည်ဆောက်ရန် ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါများဖိတ်ခေါ်ဆောင်ရွက်နေပြီးဖြစ်ကြောင်း၊ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာများကို ယခုနှစ် နိုဝင်ဘာ ၁၆ ရက်ထိ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တင်ဒါအဆိုပြုလွှာများကို မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန အမှတ်(၂၂၈/၂၃၄) ဗိုလ်ချုပ်အောင်ဆန်းလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့တွင် ရောင်းချပေးလျက်ရှိပြီး ယခုနှစ် နိုဝင်ဘာ ၁၈ ရက်နောက်ဆုံးထားကာ အဆိုပါရုံးဌာနသို့ ပြန်လည်တင်သွင်းရမည်ဖြစ်ကြောင်း၊ တင်ဒါဖွင့်လှစ်မည့်နေ့ရက်ကို ထပ်မံကြေညာပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြည်သူ့အငှားအိမ်ရာစီမံကိန်းအဆောက်အအုံ ၉၇ လုံးအနက် အဆောက်အအုံအလုံးရေ ၉၀ ကို ၂၀၂၃ ခုနှစ် မတ်လကုန်တွင် အပြီးတည်ဆောက်နိုင်ရေး လျာထားဆောင်ရွက်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

(၃၃၆)

# ညောင်ရွှေမြို့နယ် ရွာကြီးကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ညောင်ရွှေ နိုဝင်ဘာ ၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ဆောင်ရွက်မည့် သာလေးကျေးရွာအုပ်စု ရွာကြီးကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်မြတ်မြတ်မူက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းအကြောင်း မိတ်ဆက်ရှင်းလင်းပြီး စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်း လုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အကြောင်းအရာတို့ကို ကျေးရွာသို့ ချပြရှင်းလင်းခြင်း၊ နှစ်အလိုက် ဦးစားပေးလုပ်ငန်းများ ရွေးချယ်နိုင်ရန် ဆွေးနွေးခြင်း၊ ကျေးရွာစွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုစနစ် ဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားသည်။



ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် အစည်းအဝေးတက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာကော်မတီဝင်များကို အများသဘောဆန္ဒနှင့်အညီ မဲစနစ်ဖြင့် အတည်ပြုရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

**ဟိန်းထက်ခိုး(မလှိုင်)**

# အောင်လံမြို့နယ် ရေငံကြီးကျေးရွာ၌ စက်ရေတွင်းတူးဖော်နေမှု စစ်ဆေး

**အောင်လံ နိုဝင်ဘာ ၈**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မူလခွင့်ပြုရန်ပုံငွေဖြင့် ရေငံကြီးကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ကေဇာသွယ်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာရေကော်မတီဝင်များနှင့်အတူ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ ဒေါ်ကေဇာသွယ်က သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားသည်။

အဆိုပါ ရေငံကြီးကျေးရွာ၌ အကျယ် လေးလက်မ၊ အနက်ပေ ၄၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေကန်တည်ဆောက်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် မူလခွင့်ပြုရန်ပုံငွေကျပ် ၁၉ ဒသမ ၂၉ သန်းဖြင့် Glaxy Khaing Mar ကုမ္ပဏီက ဇွန်လစတုတ္ထပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၄၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါစက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးပါက ရေငံကြီးကျေးရွာရှိ အိမ်ခြေ ၁၀၀၊ လူ ၄၂၆ ဦးနှင့် ကျွဲ၊ နွား၊ တိရစ္ဆာန်တို့အတွက် သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာသုံးစွဲနိုင်မည်ဖြစ်ကြောင်း အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ကေဇာသွယ်ထံမှ သိရသည်။

**ကိုလှိုင်**

## စည်းလုံးအားမာန် ရွှေခေတ်ပြည်ပုဂံ

\- အနော်ရထာ ကျန်စစ်မင်း
စည်းလုံးခြင်းဖြင့် ပုဂံတည်၊
ရှင်အရဟံ အကြောင်းပြုလို့
ကောင်းမှုဝေစည်၊
ပုဂံသားတို့ ခွန်အားညီ
သာသနာသည် နေလိုလွှမ်း၊
မေတ္တာရေ လူတိုင်းသုံးတော့
ဘုန်းတောက်ပြည်အဝှမ်း(ဝန်း)။

\- မြတ်နိဗ္ဗာန် တစ်ဖက်ကမ်းသို့
အရောက်လှမ်းဖို့ ပြည်သူတွေ၊
ရွှေစည်းခုံ အာနန္ဒာဘုရားကိုလ
တည်ထားကာလေ၊
စေတီပုထိုး ပုဂံမြေ
ပေါများပေ တန်ဖိုးများ၊
ဂုဏ်ရှိ ဆေးရေးအတတ်ကြောင့်
ထူးမြတ်ထင်ရှား။

\- ပုဂံသူ ပုဂံသားတို့
စည်းလုံးအားကြောင့် ဂုဏ်ထင်ပေါ်၊
ယနေ့တိုင် ပုဂံသမိုင်းက
ပြည်တိုင်းသို့ကျော်၊
ခေတ်ဆက်ဆက် လက်ကမ်းသော်
ဆွေရင်းအဖော် ညီနောင်တို့၊
ဘိုးဘွားအမွေ သမိုင်းတစ်ခေတ်လို
ထုဆစ်ကြစို့။ ။

**ချစ်သက်(မြန်မာစာ)**

# သရက်မြို့နယ် မုန်ချောင်းကျေးရွာ၌ မြေသားရေကန်တိုးချဲ့ခြင်းပြီးစီးမှု စစ်ဆေး

**သရက် နိုဝင်ဘာ ၈**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မုန်ချောင်းကျေးရွာ၌ မြေသားရေကန်တိုးချဲ့ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို နိုဝင်ဘာ ၇ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေး၊ သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်နှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ မုန်ချောင်းကျေးရွာ၌ မြေသားရေကန်တိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများကို သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာဖြင့် ရာနှုန်းပြည့်ပြီးစီးရေး၊ သတ်မှတ်အတိုင်း အတာပြည့်မီအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

သရက်မြို့နယ် မုန်ချောင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ်သိန်း ၁၀၀ အသုံးပြုပြီး ကုဗပေ ၁၅၃၀၀၀ ရှိသော မြေသားရေကန်တိုးချဲ့ခြင်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၏ အနီးကပ်ကြီးကြပ်ပေးမှု၊ မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများ၏ နည်းပညာကူညီပေးမှုတို့ဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် စက်တင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၈၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေးက ပြောပြ၍ သိရသည်။

**ကိုညို**

# မိုးခေါင်မှုကြောင့် မီကွင်နန်ဇာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံလည်ပတ်မှု ရပ်ဆိုင်းထား



**မက်ဒရစ် နိုဝင်ဘာ ၈**

စပိန်နိုင်ငံတွင် မိုးခေါင်သည့်ပြဿနာဖြင့် ရင်ဆိုင်နေရပြီး ဇာရာဂိုဇာစီရင်စုတွင် မိုးခေါင်မှုကြောင့် မီကွင်နန်ဇာ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို နိုဝင်ဘာ ၇ ရက်မှစ၍ လည်ပတ်မှုယာယီရပ်ဆိုင်းထားကြောင်း စပိန်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု Bloomberg သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

မီကွင်နန်ဇာ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် စပိန်နိုင်ငံတွင် ပဉ္စမမြောက်အကြီးဆုံးစက်ရုံဖြစ်ပြီး Endesa SA ကုမ္ပဏီက တာဝန်ယူလည်ပတ်ပေးနေသည့်စက်ရုံဖြစ်ကြောင်း၊ သို့သော် မိုးခေါင်မှုကြောင့် မြစ်ရေပမာဏကျဆင်းလာ၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် အခက်အခဲများရှိနေပြီး စက်ရုံလည်ပတ်မှုယာယီရပ်ဆိုင်းရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ မီကွင်နန်ဇာ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ လည်ပတ်ရာတွင် မီကွင်နန်ဇာ ရေလှောင်တမံကို အဓိကအားထားနေရပြီး ရေလှောင်တမံအတွင်း ရေပမာဏကျဆင်းလာပြီး ရေပမာဏမှာ ဝင်ဆံ့နိုင်သည့် စုစုပေါင်းရေပမာဏ၏ ၂၃ ရာခိုင်နှုန်းသာ ကျန်ရှိတော့သည့်အခြေအနေဖြစ်နေကြောင်း၊ မီကွင်နန်ဇာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ၁၉၆၆ ခုနှစ်မှ စတင်လည်ပတ်ခဲ့ခြင်းဖြစ်ပြီး စက်ရုံစတင်လည်ပတ်ခဲ့ပြီးနောက်ပိုင်း ပထမဆုံးအကြိမ် ယာယီရပ်ဆိုင်းခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

ကတ္တလိုနီးယားနယ်မြေတွင်လည်း ပြီးခဲ့သော စက်တင်ဘာလမှစ၍ မိုးခေါင်မှုကြောင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မှုပမာဏလျော့ကျလာခဲ့ပြီး ၁၀ နှစ်တာကာလအတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုပမာဏတတိယမြောက်အနည်းဆုံးအခြေအနေသို့ ရောက်ရှိနေကြောင်းလည်း စပိန်သဘာဝပတ်ဝန်းကျင်အသွင်ကူးပြောင်းရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**ခိုင်းဆက်**

# အင်္ဂလန်နိုင်ငံ နေရာ ၄၀ ခန့်၌ ရေဘေးအန္တရာယ်ဖြစ်ပေါ်လာနိုင်ဖွယ်ရှိနေ

**လန်ဒန် နိုဝင်ဘာ ၈**

အင်္ဂလန်နိုင်ငံတောင်ဘက်ပိုင်းနှင့် လန်ဒန်မြို့အနီးပတ်ဝန်းကျင်တွင် မိုးသည်းထန်စွာရွာသွန်းနေပြီး မိုးရေချိန်မြင့်မားသည့်အတွက် နေရာ ၄၀ ခန့်၌ ရေဘေးအန္တရာယ်ဖြစ်ပေါ်လာနိုင်ဖွယ်ရှိနေသည်ဟု ဗြိတိန်ဇဟိုမိုးလေဝသစင်တာက ထုတ်ပြန်ကြေညာခဲ့ကြောင်း Mirror သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ဗြိတိန်ဇဟိုမိုးလေဝသစင်တာက ရေဘေးအန္တရာယ်နှင့်ပတ်သက်၍ အဝါရောင်အဆင့်သတိပေးချက်ထုတ်ပြန်ထားပြီး ဒေသခံများကိုလည်း လိုအပ်လာပါက ဘေးလွတ်ရာ ချက်ချင်းရွှေ့ပြောင်းနိုင်ရေး ကြိုတင်ပြင်ဆင်မှု ပြုလုပ်ထားရန် ညွှန်ကြားထားကြောင်း၊ အင်္ဂလန်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီကလည်း ရေဘေးအန္တရာယ်သတိပေးချက်ထုတ်ပြန်ထားသည့်နေရာ ၄၀ မှ ဒေသခံများကို ရေဘေးအန္တရာယ်နှင့်ပတ်သက်ပြီး ထုတ်ပြန်ကြေညာချက်များကို နားစွင့်ထားရန်လည်း ဒေသခံများကိုတိုက်တွန်းခဲ့ကြောင်း သိရသည်။




"မိုးဆက်တိုက် ရွာသွန်းတာကြောင့် ရေကြီးရေလျှံတာတွေဖြစ်ပေါ်လာနိုင်တဲ့ အခြေအနေမှာရှိနေပါတယ်။ အိစ်စက်ဆက်ဒေသမှာ မိုးရေချိန်ဟာ ပြီးခဲ့တဲ့ ၂၄ နာရီအတွင်း ၃၄ မီလီမီတာထိ မြင့်တက်ခဲ့ပါတယ်။ တခြားဒေသတွေမှာလဲ မိုးရေချိန်ဟာ ၁၅ မီလီမီတာကနေ ၂၅ မီလီမီတာထိ မြင့်တက်နေပါတယ်။ အချိန်မရွေးရေကြီးရေလျှံမှုဖြစ်ပေါ်လာနိုင်တဲ့ အခြေအနေမျိုးမှာ ရှိပါတယ်။ လမ်းမကြီးတချို့မှာ ရေလွှမ်းမိုးမှုတွေဖြစ်ပေါ်နေတယ်။ ရေဘေးအန္တရာယ်နဲ့ ပတ်သက်ပြီး အဝါရောင်အဆင့် သတိပေးချက်ထုတ်ပြန်ထားပါတယ်"ဟု ဗြိတိန်ဇဟိုမိုးလေဝသစင်တာမှ ပြောရေးဆိုခွင့်ရှိသူ ဆိုင်မွန်ပက်ရစ်ချ်က ပြောကြားခဲ့သည်။

ရေကြီးရေလျှံမှုအန္တရာယ်ဖြင့် ရင်ဆိုင်ရနိုင်သည့် ဒေသများမှာ လန်ဒန်မြို့အပါအဝင် အင်္ဂလန်နိုင်ငံတောင်ဘက်ပိုင်းရှိ အိစ်ဘုန်း၊ လောဝက်စ်၊ ဘာဂတ်စ်ဟေးလ်နှင့်အစ္စလီဒေသတို့ဖြစ်ကြသည်။ **ခိုင်းဆက်**

# လေထုညစ်ညမ်းမှုကြောင့် ယာယီပိတ်ထားသည့်စာသင်ကျောင်းများကို ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း နယူးဒေလီအာဏာပိုင်အဖွဲ့က ထုတ်ပြန်

**နယူးဒေလီ နိုဝင်ဘာ ၈**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ပြီးခဲ့သော ရက်သတ္တပတ်မှစ၍ လေထုညစ်ညမ်းမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် စာသင်ကျောင်းများကို ယာယီပိတ်ထားခဲ့သော်လည်း နယူးဒေလီအာဏာပိုင်အဖွဲ့အစည်းက နိုဝင်ဘာ ၇ ရက်မှစ၍ စာသင်ကျောင်းများကို ပြန်လည်ဖွင့်လှစ်ရန် ဆုံးဖြတ်လိုက်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု NIE သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

နယူးဒေလီမြို့တွင် ဖြစ်ပေါ်ခဲ့သောလေထုညစ်ညမ်းမှုပမာဏမှာ ၂၀၁၅ ခုနှစ်နောက်ပိုင်း အဆိုးရွားဆုံး လေထုညစ်ညမ်းမှုအခြေအနေဖြစ်ကြောင်း၊ ဖြစ်ပေါ်နေသည့် လေထုညစ်ညမ်းမှု ပမာဏသည် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါဝေဒနာများ ဖြစ်ပေါ်စေနိုင်သည့်ပမာဏဖြစ်ကြောင်း၊ သို့သော် ပြီးခဲ့သောရက်သတ္တပတ်က လေထုညစ်ညမ်းမှုပမာဏသည် လေထုအညွှန်းကိန်း ၄၀၀ မှ ၅၀၀ ကြားမြင့်တက်ခဲ့ပြီး လက်ရှိ လေထုအညွှန်းကိန်းမှာ ၃၀၀ မှ ၄၀၀ ကြားရှိနေကြောင်း သိရသည်။

"ပြီးခဲ့တဲ့တစ်ပတ်က လေထုညစ်ညမ်းမှုကြောင့် စာသင်ကျောင်းတွေ၊ ကုမ္ပဏီရုံး၊ အစိုးရရုံးတွေကို ယာယီပိတ်ဖို့နဲ့ အိမ်ကနေအလုပ်လုပ်ဖို့အတွက် ညွှန်ကြားခဲ့ပါတယ်။ လေထုညစ်ညမ်းမှုပမာဏ ကျဆင်းလာပြီဖြစ်တဲ့အတွက် စာသင်ကျောင်းတွေ ပြန်လည်ဖွင့်လှစ်ပြီး ရုံးတွေကိုလဲ ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်ခွင့် ပြုလိုက်ပါတယ်။ အလယ်တန်း၊ အထက်တန်းကျောင်းတွေကို ဒီနေ့မှာ ပြန်လည်ဖွင့်လှစ်ဖို့ ညွှန်ကြားထားပြီး အခြေခံပညာမူလတန်းအဆင့်ကိုတော့ နိုဝင်ဘာ ၉ ရက်မှ ပြန်လည်ဖွင့်လှစ်ဖို့ ညွှန်ကြားထားပါတယ်"ဟု နယူးဒေလီ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဂိုပယ်လ်ရိုင်က ပြောကြားခဲ့သည်။

**ခိုင်းဆက်**

# အာဖရိကဂေတ်မွတ်မှုဘေးကို မျက်ကွယ်မပြုရန် သြစတြေးလျက လှုံ့ဆော်တိုက်တွန်းထား

**ကင်ဘာရာ နိုဝင်ဘာ ၈**

ကမ္ဘာလုံးဆိုင်ရာဖိုရမ်ကြီးများတွင် စုပေါင်းဖြေရှင်းလုပ်ဆောင်ခြင်းဖြင့် အာဖရိကတွင် ငတ်မွတ်မှုဘေးကို မျက်ကွယ်မပြုရန် သြစတြေးလျနိုင်ငံက ကမ္ဘာ့နိုင်ငံများကို လှုံ့ဆော် တိုက်တွန်းထားကြောင်း Country News သတင်းဌာနက ယနေ့ ရေးသားဖော်ပြထားသည်။

သြစတြေးလျနိုင်ငံက အာဖရိကရှိကလေးငယ်များ ငတ်မွတ်သေဆုံးနေသည့် ကပ်ဘေးကြီးများကို မျက်ကွယ်မပြုကြရန်နှင့် ထောင်နှင့်ချီ၍ ငတ်မွတ်သေဆုံးနေရသော အာဖရိက ကလေးငယ်များအရေးကို COP27 နှင့် G20 ကဲ့သို့ ဖိုရမ်ကြီးများတွင် ဖြေရှင်းဆောင်ရွက်ရန် လှုံ့ဆော်တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

ယခုတစ်ပတ်အတွင်း ကျင်းပလျက်ရှိသော ရာသီဥတုပြောင်းလဲမှုဆိုင်ရာညီလာခံ(COP27)နှင့် G20 နိုင်ငံများ အစည်းအဝေးတွင် သြစတြေးလျနိုင်ငံရှိ Albanese အစိုးရအဖွဲ့ကို ဆိုမာလီယာနိုင်ငံအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များ ပိုမိုရရှိရေး ကမ္ဘာ့ခေါင်းဆောင်အဖြစ်ဆောင်ရွက်ရန် တောင်းဆိုခဲ့ပြီးနောက် ယခုကဲ့သို့ တိုက်တွန်းမှုထွက်ပေါ်လာခြင်းဖြစ်သည်။

ကမ္ဘာ့ဖွံ့ဖြိုးပြီး နိုင်ငံများအနေဖြင့် ရာသီဥတုလိုက်လျောညီထွေဖြစ်မှုနှင့် လျော့ပါးသက်သာစေရေး အစီအမံများနှင့်အတူ ဖွံ့ဖြိုးဆဲနိုင်ငံများကို ပံ့ပိုးကူညီရန်အတွက် ကုလသမဂ္ဂ၏ Green Climate Fund နှင့် ပြန်လည်ပူးပေါင်းသင့်ကြောင်းနှင့် ဆိုမာလီယာအပါအဝင်ငတ်မွတ်ခေါင်းပါးမှုဖြစ်ပွားနေသောနေရာများအတွက် အမေရိကန်ဒေါ်လာသန်း ၁၅၀ ပံ့ပိုးရေးအစီအစဉ်ကို ကတိပြုသင့်ကြောင်း ၎င်းအဖွဲ့က ပြောကြားထားသည်။

ဆိုမာလီယာနိုင်ငံသည် နှစ်ပေါင်း ၄၀ အတွင်း အဆိုးရွားဆုံးမိုးခေါင်ရေရှားမှုကို ကြုံတွေ့နေရသောကြောင့် လာမည့်သီတင်းပတ်များအတွင်း လူဦးရေ ၃၀၀၀၀၀ ကျော် အငတ်ဘေးကြုံနိုင်သည်ဟု ကုလသမဂ္ဂက ခန့်မှန်းထားကြောင်း သိရသည်။ AZH

# ဗြိတိန်နိုင်ငံတွင် တောမီးပြဿနာဖြေရှင်းနိုင်ရန် တောမီးလောင်ကျွမ်းမှုထိန်းချုပ်ရေးညီလာခံ ကျင်းပမည်

**လန်ဒန် နိုဝင်ဘာ ၈**

ဗြိတိန်နိုင်ငံ၏ သဘာဝပတ်ဝန်းကျင်နှင့် ရှုခင်းများကို ခြိမ်းခြောက်လျက်ရှိသော တောမီးလောင်ကျွမ်းမှုပြဿနာကိုဖြေရှင်းရန်နှင့် အသိပညာမျှဝေရန် တောမီးလောင်ကျွမ်းမှုထိန်းချုပ်ရေးညီလာခံ ကျင်းပသွားမည်ဖြစ်ကြောင်း Farming Life သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

ဗြိတိန်နိုင်ငံ စိုက်ပျိုးရေး၊ ပတ်ဝန်းကျင်နှင့်ကျေးလက်ရေးရာဌာနနှင့် မြောက်အိုင်ယာလန်မီးသတ်နှင့် ကယ်ဆယ်ရေးဝန်ဆောင်မှုဌာနတို့ ပူးပေါင်းကျင်းပမည့် တောမီးလောင်ကျွမ်းမှု ထိန်းချုပ်ရေးညီလာခံကို နိုဝင်ဘာ ၉ ရက်မှ ၁၀ ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဗြိတိန်နိုင်ငံတစ်ဝန်းတွင် တောမီးလောင်ကျွမ်းမှုနှင့် ပတ်သက်၍ အဆိုပါညီလာခံကို နှစ်စဉ်နှစ်တိုင်းကျင်းပလျက်ရှိပြီး ယခုနှစ်တွင် တောမီးပြဿနာများကိုဖန်တီးခြင်း၊ စီမံခန့်ခွဲခြင်းနှင့် ဖြေရှင်းခြင်းတို့တွင် လူသားတို့၏အခန်းကဏ္ဍနှင့်ပတ်သက်၍ ဦးစားပေးဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဗြိတိန်တောမီးလောင်ကျွမ်းမှုသည် သဘာဝပတ်ဝန်းကျင်နှင့် ရှုခင်းများကို ခြိမ်းခြောက်လျက်ရှိပြီး တောမီးလောင်ကျွမ်းမှုအပေါ် လူတို့၏အလေးထားမှုနှင့် အသိပညာများမျှဝေရန် အာရုံစိုက်ထားကြောင်း မြောက်အိုင်ယာလန် သဘာဝပတ်ဝန်းကျင် အေဂျင်စီနှင့် တောမီးလောင်ကျွမ်းမှုဆိုင်ရာ ဖိုရမ်ဥက္ကဋ္ဌ ဒေါက်တာ မာခ်ဟမ်မွန်က ပြောကြားခဲ့သည်။

အဆိုပါညီလာခံတွင် သြစတြေးလျ၊ ပြင်သစ်၊ ဆွစ်ဇာလန်၊ နယ်သာလန်၊ မြောက်အိုင်ယာလန်နိုင်ငံတို့မှ အဓိကဟောပြောသူများ ပါဝင်တက်ရောက်မည်ဖြစ်ပြီ တောမီးလောင်ကျွမ်းမှုပြဿနာ၊ မြေယာစီမံခန့်ခွဲမှုနှင့် လူသားတို့၏လုပ်ဆောင်ချက်များက တောမီးအန္တရာယ်ကို မည်သို့ လွှမ်းမိုးလုပ်ဆောင်နိုင်ပြီး အန္တရာယ်လျှော့ချရာတွင် မည်သို့ အထောက်အကူဖြစ်စေကြောင်း ဆွေးနွေးရန် အခွင့်အလမ်းကောင်းတစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း ဒေါက်တာ မာခ်ဟမ်မွန်က ပြောကြားခဲ့သည်။ AZH

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# ယခုဘဏ္ဍာနှစ် အောက်တိုဘာလကုန်ထိ ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၁၀၁၈၁ ဒသမ ၄၀၂ သန်းဖိုး ပိုမိုဆောင်ရွက်နိုင်ခဲ့



**နေပြည်တော် နိုဝင်ဘာ ၈**

ယခုဘဏ္ဍာနှစ် အောက်တိုဘာလကုန်ထိ ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းမှ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၀၁၈၁ ဒသမ ၄၀၂ သန်းဖိုး ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

ယခုအခါ မြန်မာ့ကုန်သွယ်မှုကဏ္ဍတွင် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများထက် ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းကို ပိုမိုအသုံးပြုလုပ်ကိုင်ဆောင်ရွက်လာခဲ့ကြရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းများက နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများထက် ကုန်သွယ်မှုပမာဏ ပိုမိုဆောင်ရွက်လာနိုင်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းမှ ပို့ကုန်အမေရိကန်ဒေါ်လာ ၆၃၀၀ ဒသမ ၇၉၁ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၈၄၅၈ ဒသမ ၁၅၉ သန်း ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းမှ စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၄၇၅၈ ဒသမ ၅၅၀ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့သည်။

ထို့အတူ အဆိုပါကာလအတွင်းတွင် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ ပို့ကုန်အမေရိကန်ဒေါ်လာ ၃၃၃၆ ဒသမ ၆၁၈ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၁၂၄၀ ဒသမ ၅၇၀ သန်း နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၄၅၇၇ ဒသမ ၁၄၈ သန်းဆောင်ရွက်နိုင်ခဲ့သောကြောင့် ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၁၀၁၈၁ ဒသမ ၄၀၂ သန်းဖိုး ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။ SKL

# ချောင်းဆုံမြို့နယ် ကွမ်လှာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ချောင်းဆုံ နိုဝင်ဘာ ၈**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ချောင်းဆုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကွမ်လှာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို နိုဝင်ဘာ ၇ ရက် နံနက်ပိုင်းက ကွမ်လှာကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ဝေထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်နွယ်ဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ဖြင့် နေကြာအပါအဝင် အခြားဆီထွက်သီးနှံများ စိုက်ပျိုးနိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ချောင်းဆုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းမော်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေတွင် ပါရှိသော ကျေးရွာသူ၊ ကျေးရွာသားများ၏ ရပိုင်ခွင့်များကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ထို့နောက် ကွမ်လှာကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက နေကြာစိုက်ပျိုးမည့်တောင်သူ ၄၅ ဦးကို ငွေကျပ်သိန်း ၁၀၀ ထုတ်ချေးပေးခဲ့ပြီး ချောင်းဆုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက နေကြာစိုက်ပျိုးမည့် တောင်သူများထံ နေကြာမျိုးစေ့များ ပေးအပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ဝေထွန်း၊ ခရိုင်၊ မြို့နယ် ဦးစီးဌာနမှ တာဝန်ရှိသူများ၊ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့် အသင်းသား၊ အသင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

သုတ

# မိုင်းဖြတ်မြို့နယ် နမ့်ဟွေလုံကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

**မိုင်းဖြတ် နိုဝင်ဘာ ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် နမ့်ဟွေလုံကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခေတ္တပြည်နယ်ဦးစီးမှူး ဦးတင့်လွင်ဦး၊ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ နမ့်ဟွေလုံကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုများကို ကွင်းဆင်းစစ်ဆေးပြီး တာဝန်ယူဆောင်ရွက်သော ZNH ကုမ္ပဏီ တာဝန်ခံအင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ ရှင်းလင်းတင်ပြမှုအပေါ် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခေတ္တပြည်နယ်ဦးစီးမှူး ဦးတင့်လွင်ဦးက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး ဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။



၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မိုင်းဖြတ်မြို့နယ် နမ့်ဟွေလုံကျေးရွာ၌ အရှည်တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေကိုးလက်မရှိ ကျောက်ရောမြေခင်းခြင်း၊ Box Culvert နှစ်စင်းတည်ဆောက်ခြင်း လုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၅၆ ဒသမ ၉၂ သန်းဖြင့် ZNH ကုမ္ပဏီက စက်တင်ဘာ ၂၀ ရက်မှ စတင်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၇ ရက်ထိ ၆၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်ထံမှ သိရသည်။ **ခင်မာ**

# ကန့်ဘလူခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းနှမ်း ၁၁၀၇၄၉ ဧက စိုက်ပျိုးမည်

**ကန့်ဘလူ နိုဝင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းနှမ်း ၁၁၀၇၄၉ ဧကစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၂၂-၂၀၂၃ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူခရိုင်တွင် ဆောင်းနှမ်းစိုက်ပျိုးရန် လျာထားမှုအနေဖြင့် ကန့်ဘလူမြို့နယ်တွင် ၉၆၇၁၈ ဧက၊ ကျွန်းလှမြို့နယ်တွင် ၁၄၀၃၁ ဧက စုစုပေါင်း ၁၁၀၇၄၉ ဧကစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ဒီနှစ် ဆောင်းရာသီကာလ ကန့်ဘလူခရိုင်မှာ ဆောင်းနှမ်းဧကတစ်သိန်းကျော်စိုက်ဖို့ လျာထားပါတယ်။ နှမ်းစိုက်ပျိုးမှုကတော့ တစ်နှစ်နဲ့တစ်နှစ် တိုးတက်နိုင်တဲ့ အနေအထားမှာရှိပါတယ်။ နှမ်းအထွက်နှုန်းတွေ တိုးတက်ရေးအတွက်လဲ ဆောင်ရွက်နေပါတယ်။ စိုက်နည်းစနစ်တွေလဲ ဆောင်ရွက်ပေးနေပါတယ်"ဟု ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးစိုးအောင်က ပြောပြသည်။

ကန့်ဘလူခရိုင်အတွင်းရှိ နှမ်းစိုက်တောင်သူများအနေဖြင့် နှမ်းသီးနှံအထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၂၀၆)



ယခင်နှစ်က စိုက်ပျိုးခဲ့သည့် နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

# ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း)သို့ ဆန်သစ်အဝင်များလာပြီး ဈေးနှုန်းတည်ငြိမ်လျက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၈**

ရန်ကုန်မြို့ရှိ ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း)သို့ ဆန်သစ်များအဝင်များလာပြီး ဈေးနှုန်းမှာလည်း တည်ငြိမ်လျက်ရှိကြောင်း မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးနေလင်းက ပြောပြ၍ သိရသည်။

လက်ရှိတွင် ဝါးတန်းကုန်စည်ဒိုင်သို့ တစ်ရက်လျှင် ဆန်သစ်အိတ်ရေ ၄၀၀၀၀ မှ ၆၀၀၀၀ ထိ ဝင်ရောက်လျက်ရှိပြီး ဆန်ချောဈေးကွက်မှာ ပုံမှန်အနေအထားရှိကာ ဆန်ဈေးနှုန်းမှာ တည်ငြိမ်လျက်ရှိကြောင်း၊ အဆိုပါ ဝါးတန်းကုန်စည်ဒိုင်သို့ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့မှထွက်ရှိသော ဆန်များ အများဆုံးဝင်ရောက်ကြောင်း သိရသည်။

"ပြည်တွင်း ဆန်ဈေးကွက်က အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလတွေမှာ ဆန်သစ်ပေါ်တာဖြစ်ပါတယ်။ အခုဆိုရင် ဆန်သစ်တွေ တဖြည်းဖြည်းနဲ့ အဝင်များလာပါတယ်။ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များ အသင်းအနေနဲ့က စားသုံးသူတွေအတွက် ဆန်ဈေးနှုန်းမှန်ကန်စေဖို့၊ ကုန်စည်စီးဆင်းမှုမြန်ဆန်စေဖို့ စဉ်ဆက်မပြတ်ကြိုးစားဆောင်ရွက်နေပါတယ်။ အခုလက်ရှိမှာလဲ ဆန်ချောဈေးနှုန်းက တည်ငြိမ်နေပြီး ဈေးကွက်အနေအထားကလဲ ပုံမှန်အခြေအနေမှာရှိပါတယ်။ ဆန်ကြမ်းဈေးကွက်အနေနဲ့ကတော့ လာမဲ့လတွေမှာ ပုံမှန်အနေအထားကနေ ဈေးကွက်အနည်းငယ်အေးမဲ့အခြေအနေ ရှိပါတယ်"ဟု ဦးနေလင်းက ပြောပြသည်။

ယခုအခါ အနယ်နယ်အရပ်ရပ်တွင် ပေါ်ဆန်းမွှေးအပါအဝင် ဆန်ချောများ စတင်ရိတ်သိမ်းနေပြီဖြစ်ကာ ဆန်ကြမ်းများမှာလည်း ၄၀ ရာခိုင်နှုန်းခန့် ရိတ်သိမ်းပြီးနေပြီဖြစ်ကြောင်း၊ လာမည့်ဒီဇင်ဘာလတွင်လည်း ဧရာဝတီတိုင်းဒေသကြီးမှဆန်များ ဈေးကွက်အတွင်းစတင်ဝင်ရောက်လာမည်ဖြစ်ရာ နောက်ပိုင်းတွင် ပြည်တွင်းဆန်ဈေးကွက်၌ ရောင်းလိုအား ပိုများလာနိုင်ကြောင်း သိရသည်။ **မိုးယံ(ဥက္ကလာ)**




ရတနာပုံစာအုပ်စင်တွင် မန္တလေးမြို့၌ အသစ်ထွက်ရှိသော စာအုပ်များကို စာပေချစ်သူများ သိရှိနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။

# မြန်မာသမိုင်းလစ်ကွက်များ ပုံနှိပ်ထုတ်ဝေ




နှစ်ကာလများစာပေက ဒုတိယအကြိမ်ထုတ်ဝေသည့် ဒေါက်တာသန်းထွန်း၏ မြန်မာသမိုင်းလစ်ကွက်များစာအုပ် ထွက်ရှိလာသည်။

ယခုစာအုပ်ကို အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့်ဖော်ပြထားသည်။

ယခုစာအုပ်၌ စာရေးသူ၏ အမှာစာပါဝင်ပြီး ကောက်နုတ်ဖော်ပြရလျှင် လန်ဒန်တက္ကသိုလ်မှာ ၁၉၅၂-၁၉၅၆ ကာလက ပါရဂူဘွဲ့အတွက် ပုဂံခေတ် မြန်မာဗုဒ္ဓသာသနာဝင်ကျမ်းကို ကျွန်တော်ရေးသားတင်သွင်းတဲ့အခါ ကျောက်စာတစ်မျိုးတည်းကို အခြေခံအထောက်အထားအနေနဲ့ သုံးတယ်။ အဲဒီအခါ ဆင်ကြီးလို့တင်စားခေါ်တဲ့ အပေါ်မှာရေးပြတဲ့ကျောက်စာ စာအုပ်ကြီး ခြောက်အုပ်ကို အထင်သေးလို့ လုံးဝမသုံးပါ။ အဲဒီလို ခပ်တင်းတင်းသဘောထားရာက မူလထိုးတွေ စစ်အတွင်းက ပျောက်ပျက်တာတွေ၊ အစကပဲ ပျောက်တာတွေအစား၊ ဆင့်ထိုး၊ စပ်ထိုးလည်း သုံးနိုင်သလောက် သုံးကြည့်သင့်တယ်လို့ သဘောပေါက်တာ သိပ်မကြာသေးပါ။ ဒီလိုနဲ့ အခုဒီစာအုပ်မှာပါတဲ့ အကြောင်းအချက်တွေဟာ တစ်ခါက ကျွန်တော်ပယ်ခဲ့တဲ့ မြန်မာပဏ္ဍိတ်တွေကို ဂုဏ်ပြုတောင်းပန်တဲ့အနေနဲ့ ရေးသားတာဖြစ်ပါတယ် စသည်ဖြင့် ဖော်ပြပါရှိသည်။

ယခုစာအုပ်တွင် မန္ဒဟာကျောက်စာ၊ ဒီသပြမုက်ကျောက်စာ(၁၂၈၅)သမိုင်းမှာ အရေးပါပုံ၊ ပဒုံမင်း ၂၇ အောက်တိုဘာ ၁၇၈၅ က ဆင့်ထိုးထားခဲ့ပြီးမှ ပျောက်ဆုံးနေတဲ့ ၁၀ စက်တင်ဘာ ၁၂၂၃ ရက်စွဲပါ ကျောက်စာမူရင်းကို ပြန်လည်တွေ့ရှိခြင်း၊ ရှေးမွန်ကျောက်စာပါ သမိုင်းအထောက်အထားများ၊ အင်းဝခေတ်ကျောက်စာပါ သမိုင်းအထောက်အထားများ ဟူသည့် သမိုင်းဆိုင်ရာဆောင်းပါး ငါးပုဒ်ပါဝင်ကြောင်း တွေ့ရသည်။

ယခုစာအုပ်ကို အုပ်ရေ ၁၀၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၆၀၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

# တစ်ပင်ကိုနှစ်ပင်ယှက်တယ် ထွက်ရှိလာ




စိတ်ကူးချိုချိုစာပေက ထုတ်ဝေသော ဆင်ဖြူကျွန်း အောင်သိန်း၏ တစ်ပင်ကို နှစ်ပင်ယှက်တယ် လုံးချင်းဝတ္ထုစာအုပ် ထွက်ရှိလာသည်။

ယခုစာအုပ်သည် နိုဘယ် မြန်မာ၏ နှစ် ၁၀၀- မြန်မာဝတ္ထု ၁၀၀ စာရင်းဝင် ဝတ္ထုစာအုပ်ဖြစ်ပြီး ဆရာ ဆင်ဖြူကျွန်း အောင်သိန်း ဟန်အတိုင်း ကျေးလက်တောင်သူတို့၏ ဘဝကျင်လည်မှုအဖုံဖုံကို ဇာတ်လမ်းတစ်ပုဒ်အဖြစ် မြိန်ရှက်စွာ ဖတ်ရှုနိုင်မည်ဖြစ်သည်။

ယခုစာအုပ်ကို ဤသို့ ဇာတ်လမ်းစတင်ထားသည်။ "သည်ငုတ်ကြီးက လူတစ်ယောက်ဖက်လို့ မမီအောင် ကြီးနေတဲ့နောက်တော့ အဲသည်က ဖြာထွက်နေတဲ့သစ်မြစ်တောကလည်း ဖျာရာလေးငါးဆယ်စာတော့ ရှိရောပေါ့လူလေးရာ" "ဖျာရာလေးငါးဆယ်စာ မကရင်သာရှိမယ်၊ ကျုပ်အားတိုင်း အမြစ်တေ ပေါက်ပေါက်ထုတ်သာကို လှည်းနှစ်စီးတိုက်လောက် ရှိနေပေါ့ဟာကို" "ဒါတောင် ထွန်သွားတွေ ကျိုးတုန်းပဲမဟုတ်လား"


စာ-၁ မှ

ဖိုးကောင်းနှင့် ဒေါ်နှင်းဒန်တို့သားအမိနှစ်ယောက်ရှိရာ တစ်ရက်တွင် လှည်းဖြင့်မြို့တက်ကြက်သွန်ရောင်းရာမှအပြန် ချောင်းအနီးရေကျလာပြီး လူနှင့်လှည်းတကွဲစီဖြစ်ကာ ဖိုးကောင်း ရေစီးထဲမျောသွားပုံ၊ ပြန်လည်ကူးခပ်လာပြီး ရေထဲတွင် မျောပါလာသောအရာများကိုကြည့်နေရာမှ လူတစ်ယောက် မျောပါလာသည်ကို တွေ့ရသဖြင့် ရေထဲဆင်း၍ ဆယ်ယူပုံ၊ ထိုသူကို ရေထဲမှဆယ်ယူလိုက်နိုင်ပြီး အဝတ်ဗလာဖြင့် ဖိုးကောင်း ပခုံးထက်ပါလာပုံ၊ ၎င်းနောက် ဖိုးကောင်း ဆယ်ယူလာသူမှာ မိန်းမပျိုလေးတစ်ဦး ဖြစ်နေပုံတို့ကို ကလောင်သွက်သွက်ဖြင့် ဖော်ကျူးထားသည်။

ရေထဲက ဆယ်ယူရရှိသော မိန်းမပျိုကလေးကို ရေအေးဟုခေါ်တွင်ကြကာ ရွာနှင့်ရင်းနှီးကျွမ်းဝင်လာကြပုံ၊ ရေအေးနှင့် ဖိုးကောင်းတို့ ရည်ငံလာကြပုံတို့ပါ ဖတ်ရှုနိုင်မည်ဖြစ်သည်။

ယခုစာအုပ်ကို အုပ်ရေ ၅၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုး ငွေကျပ် ၇၀၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

# မြေရှားတွင်းထွက်များ ထုတ်ဝေဖြန့်ချိ




လင်းလွန်းခင်စာပေက ထုတ်ဝေသော ထွန်းထွန်း(သတ္တုတွင်း)၏ မြေရှားတွင်းထွက်များ စာအုပ် ထွက်ရှိလာသည်။

ယခုစာအုပ်တွင် စာရေးသူ၏ မိတ်ဆက်စကားပါဝင်ပြီး ကောက်နုတ်ဖော်ပြရလျှင် ၁၉၆၅ ခုနှစ်နောက်ပိုင်းမှာ မြေရှား (Rare Earths) တွေကို သုတေသနလုပ်ပြီး သုံးစွဲလာနိုင်လို့ ရောင်စုံရုပ်မြင်သံကြားစက်ရယ်လို့ဖြစ်လာတာပါ။ ဒီလိုရပြီးတဲ့နောက်ပိုင်း မြေရှားတွေကိုသုတေသနပြုသူကပြုပြီး ပစ္စည်းသစ်တွေကို တီထွင်သူကတီထွင်လာကြလို့ လက်ကိုင်ဖုန်းကအစ အာကာသယာဉ်အဆုံး မြေရှားနဲ့ ကင်းလွတ်တဲ့ ပစ္စည်းရယ်လို့ မရှိသလောက် ဖြစ်လာပါတယ် စသည်ဖြင့်တွေ့ရသည်။

ယခုစာအုပ်တွင် မြန်မာနိုင်ငံနဲ့ မြေရှားတွင်းထွက်မှ စနစ်တကျ တူးဖော်ခွင့်လိုင်စင်ခွင့်ပြုပေးရေးနဲ့ စနစ်တကျ တူးဖော်စေရေးအထိ ခေါင်းစဉ်ခွဲ ၂၀ ဖြင့် ဖော်ပြထားကြောင်း တွေ့ရသည်။ ယခုစာအုပ်ပါ မြေရှားဒြပ်စင်ဆိုတာဘာလဲမှ ကောက်နုတ်ဖော်ပြရလျှင် ပရိုမီသီယမ်ဒြပ်စင်(promethium Element, (Pm))ကတော့ မြေကြီးထဲက တိုက်ရိုက်ထွက်တာမဟုတ်ပါဘူး။ ယူရေနီးယမ်ဓာတ်ပြိုကွဲမှု(uranium fission)ရဲ့ အကြွင်းအကျန်ကိုမှ ပြန်လည်ပြုပြင်ထုတ်လုပ်ယူတာဖြစ်ပါတယ် စသည်ဖြင့်တွေ့ရသည်။

ဆက်လက်၍ မြန်မာနိုင်ငံနှင့် မြေရှားမှ ကောက်နုတ်ဖော်ပြရလျှင် အမေရိကန်နိုင်ငံ ဘူမိဗေဒလေ့လာတိုင်းတာရေးဌာန(USGS)စာရင်းအရ ၂၀၂၀ ပြည့်နှစ်က မြန်မာနိုင်ငံရဲ့ထုတ်လုပ်မှုတန်ချိန် (၃၀၀၀၀) ဖြစ်ပြီး ကမ္ဘာမှာတတိယအများဆုံး ထုတ်လုပ်တဲ့နိုင်ငံဖြစ်ခဲ့တာကို တွေ့ရပါတယ်။ မြေရှားအောက်ဆိုဒ် (rare earth oxide) တစ်ကီလိုဂရမ်ကို အမေရိကန်ဒေါ်လာ(၂၇၀) (US $ 270)နဲ့တွက်ရင်ပဲ တစ်တန်ကို အမေရိကန်ဒေါ်လာနဲ့(၂၇၀၀၀၀) ဖြစ်နေပြီ။ ဒီတော့ ၂၀၂၀ ပြည့်နှစ်အတွင်း ထုတ်လုပ်ရောင်းချလိုက်တဲ့ တန်ချိန်(၃၀၀၀၀)ရဲ့ တန်ဖိုးဟာ အမေရိကန်ဒေါ်လာ သန်းပေါင်း (၈၁၀၀) သို့မဟုတ်(၈ . ၁) ဘီလီယံဖိုးရှိပါတယ် စသည်ဖြင့်တွေ့ရသည်။

ယခုစာအုပ်ကို အုပ်ရေ ၅၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၅၀၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

# ချစ် ချစ် ချစ် ၁-၂-၃ ထွက်ရှိလာ




စိတ်ကူးချိုချိုစာပေက ထုတ်ဝေသော သုမောင်၏ ချစ် ချစ် ချစ် ၁-၂-၃ လုံးချင်းဝတ္ထုစာအုပ် ထွက်ရှိလာသည်။

ယခုစာအုပ်တွင် စာရေးသူ၏ (အောက်ပါစာကြောင်းများကို ကျေးဇူးပြု၍ ဖတ်စေချင်ပါသည်) အမှာစာ ပါရှိပြီး ကောက်နုတ်ဖော်ပြရလျှင် ကျွန်တော်သည် ဤဝတ္ထုတွင် ခေတ်သုံးခေတ်ပိုင်း၍ ရေးပါသည်။ အဘိုးအဘွားခေတ်၊ သားသမီးခေတ်နှင့် မြေးခေတ်ဟူ၍ အကြမ်းဖျင်း သတ်မှတ်နိုင်ပါသည်။ အထက်၌ပြောခဲ့သလို အဓိကအားဖြင့် ထိုခေတ်သုံးခေတ်တွင် ရေးပုံရေးနည်းသုံးမျိုး၊ ဇာတ်လမ်းဖွဲ့ပုံသုံးမျိုးကို ကျွန်တော်နားလည်မှတ်သားဖူးသလောက် ကျကျနနကျွန်တော့်ဝတ္ထုတွင် ရေးသားထားပါသည် စသည်ဖြင့်ဖော်ပြပါရှိသည်။

ယခုစာအုပ်ပါ ဝတ္ထုဇာတ်လမ်းကို မောင်ဖေသန်းနှင့် မခင်ညို တို့၏ အချစ်သံယောဇဉ်ဖြင့် စတင်ထားပြီး ဗလနှင့် အေးအေးမေတို့၏ အချစ်မေတ္တာကို ဆက်လက်ပုံဖော်ကာ ထိုမှ နောက်ဆုံးတွင်ကာ ဝေလုအောင်မြင်၊ ဇာခြည်စိုးစိုးဝေနှင့် ရွှေသီးတို့လူငယ်သဘာဝများနှင့် အဆုံးသတ်ထားကြောင်း တွေ့ရသည်။

ယခုစာအုပ်သည် အဆိုတော်၊ သရုပ်ဆောင်၊ စာရေးဆရာ သုမောင် အောင်မြင့်ထင်ရှားစဉ်က ရေးသားခဲ့သော စာပေလက်ရာဖြစ်သည်။

ယခုစာအုပ်ပါ ဇာတ်ကြောင်းနှင့် အရေးအသားကို ကောက်နုတ်ဖော်ပြရလျှင် မောင်ဗလဟုခေါ်သည်။ သူတောက တက်လာသည်။ တက္ကသိုလ်မှာ ပညာရှာသည်။ သူကျောကိုထုသည်။ တက္ကသိုလ်သည် သူ့ကို မစိမ်းကားသေးချေ။ တက္ကသိုလ် ရိပ်သာလမ်းအတိုင်း လျှောက်လာခဲ့ရာ ဓမ္မာရုံရှေ့ရောက်တော့ အရွက်ဟောင်းများ ကြွေခဲ့ပြီ။ ထွက်လက်စ ရွက်နုတို့ စိုစိုစိုစိ ငုတ်တိငုတ်တိုတို့ဖြင့် ကုက္ကိုပင်တန်းကို ကြည်နူးစွာမော်ကြည့်လိုက်မိသည်။ အဓိပတိလမ်းဘက် ချိုးဝင်လိုက်တော့ ကံ့ကော်ပွင့်တို့၏ ထွက်သက် လေကပွေ့ပိုက်လိုက်သည်။ လှိုက်ခနဲ့နေ၏။

စာ-၁၁၃ မှ

ယခုစာအုပ်ကို အုပ်ရေ ၅၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၅၀၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

# အသိအမှတ်ပြုခံရခြင်း၏ အံ့ဖွယ်စွမ်းရည် ပုံနှိပ်ထုတ်ဝေ




ဂျူတီစာပေက ထုတ်ဝေသော အောင်လှိုင်မြန်မာပြန်သည့် အသိအမှတ်ပြုခံရခြင်း၏ အံ့ဖွယ်စွမ်းရည် စာအုပ် ထွက်ရှိလာသည်။

ယခုစာအုပ်သည် David Novak ၏ O GREAT ONE ကို မြန်မာဘာသာသို့ ပြန်ဆိုထားခြင်းဖြစ်သည်။ ယခုစာအုပ်တွင် အပိုင်း(၁) ဘော့ဗ်၏ပြဿနာ၊ အပိုင်း(၂) O GREAT ONE ၏အဖြေ၊ အပိုင်း(၃) လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဟူသည့် အပိုင်းသုံးပိုင်း ပါဝင်ကြောင်း တွေ့ရသည်။

ယခုစာအုပ်အပိုင်း(၁) ဘော့ဗ်၏ပြဿနာမှ ကောက်နုတ်ဖော်ပြရလျှင် လူအများအမြင်အရ သူ့ဆုံးဖြတ်ချက်အပေါ် ဘယ်လိုပဲကောက်ချက်ချသည်ဖြစ်စေ. . . သူ့ဆုံးဖြတ်ချက်က ထင်ပေါ်ကျော်ကြားမှုမရှိသည်ဖြစ်စေ၊ သူ့ခေါင်းထဲမှာ သူ့ကြောင့် လက်အောက်ဝန်ထမ်းတွေ အခြေပျက်မှာကို ဘယ်လိုဖြေရှင်းနိုင်မလဲဆိုတဲ့ အတွေးတွေသာ ရှိနေခဲ့ပါတယ်။

စာ-၈ မှ


အပိုင်း(၂)ပါ O GREAT ONE ၏အဖြေမှ ကောက်နုတ်ဖော်ပြရလျှင် နောက်တော့ ဂျက်ဖ်က သူပြောစရာရှိတာကို ဆက်ပြောလိုက်တယ်။ "ဒီကုမ္ပဏီမှာ အားနည်းချက်တွေ အများကြီးရှိနေတာ တွေ့ရတယ်။ ဘက်ပေါင်းစုံကနေ ပြင်ဆင်ဖို့လိုတယ်။"

စာ-၆၈ မှ

အပိုင်း(၃)ပါ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမှ ကောက်နုတ်ဖော်ပြရလျှင် စီအီးအိုက ယနေ့ထိ တောက်လျှောက်ကြိုးစား လုပ်ကိုင်ခဲ့တဲ့ အလုပ်ကိုလည်း ကျွန်တော်တို့ဒါရိုက်တာအဖွဲ့က အသိအမှတ်ပြုလေးစားပြီးသားပါ. . .။ ကျွန်တော်တို့စီအီးအိုကို ဆက်လက်အားပေးထောက်ခံနေပါမယ်။

စာ-၁၇၈ မှ

ယခုစာအုပ်ကို အုပ်ရေ ၅၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၄၀၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။



# (၇၈)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၃ ခုနှစ်၊ (၇၈)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်ပါသည်။ ဆုရရှိသော စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ဖော်ပြသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား မြဝတီမဂ္ဂဇင်း၊ ငွေတာရီမဂ္ဂဇင်းနှင့်တပ်မတော်စာစဉ်တို့တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

၂။ **စာမူများတွင်ပါဝင်ရမည့်အချက်များ။**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်ကစပြီး တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့မှုများ၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခဲ့မှုများ၊ အနစ်နာခံမှုများစွာဖြင့် ပြည်တွင်း၊ ပြည်ပရန်ဟူသမျှကိုချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများ၊ နယ်ချဲ့ဆန့်ကျင်ရေးနှင့်ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့မှုများ။

(ခ) တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့မှုများ၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့် အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများနှင့်လက်ရှိခေတ်ကာလတွင်ဆောင်ရွက်မှုများ၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နေမှုများ။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း သတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(ဝါသနာရှင်/အလွတ်တန်း)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာတွင်ပါဒ ၃၀၀ မှ ၄၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (ဝါသနာရှင်အဆင့်)၊ (အလွတ်တန်းအဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ကဗျာ(ဝါသနာရှင်အဆင့်)နှင့် ကဗျာ(အလွတ်တန်းအဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူ ဦးအုံးဖေ စာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ကဗျာ (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန်ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။

(ဃ) ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသောလက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (စာလုံးအရွယ်အစား ၁၄) ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ကာ ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့်မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏နေရပ်လိပ်စာအပြည့်အစုံနှင့်ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက် ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုဝန်ခံချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ပေးပို့ရမည်။

၁၁။ စာမူများပေးပို့ရာတွင် Copy ၃ စုံမပါရှိခြင်း၊ Soft Copy မပါရှိခြင်း၊ သီချင်းစီဒီများမပါရှိခြင်း၊ သက်ဆိုင်ရာဝန်ခံချက်များမပါရှိခြင်း၊ ကိုယ်ရေးအချက်အလက်များမစုံလင်ခြင်းနှင့် သတ်မှတ်ရက်အတွင်း အချိန်မီမရောက်ရှိသောစာမူများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၂။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

၁၃။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

၁၄။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၁၀၀၀၀၀ | ကျပ် |

၁၅။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတိုစာမူ ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၆၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်စာမူ ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

# နမ္မတူမြို့နယ် ကျေးရွာနှစ်ရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**နမ္မတူ နိုဝင်ဘာ ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နမ္မတူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အိုဘလန်ဒါကုန်းကျေးရွာနှင့် ဆန်ခါကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို နိုဝင်ဘာ ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်မဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းချစ်၊ နမ္မတူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းဆိုင်လှိုင်းနှင့် တာဝန်ရှိသူများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ အိုဘလန်ဒါကုန်းကျေးရွာနှင့် ဆန်ခါကျေးရွာတို့တွင် စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ ရေရှည်တည်တံ့စေရေး ပိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် မှာကြားသည်။

အိုဘလန်ဒါကုန်းကျေးရွာနှင့် ဆန်ခါကျေးရွာ၌ သောက်သုံးရေရရှိရေးအတွက် အကျယ် လေးလက်မ၊ အနက်ပေ ၄၀၀ ခန့်ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ အလျား ငါးပေ၊ အနံ ငါးပေ၊ အမြင့် ခုနစ်ပေရှိ ရေစက်ရုံတည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၄၂ ဒသမ ၂၈၇ သန်းဖြင့် တင်ဒါအောင်မြင်သည့် Shinning Lashio ကုမ္ပဏီက ဇူလိုင်လ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ခရိုင်ဦးစီးမှူး ဦးထွန်းချစ်က ပြောပြ၍ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ဖြိုးထက်အောင်(ပျော်ဘွယ်)**



# တောင်ကြီးမြို့နယ် အေးသာယာမြို့ရှိ လေးခန်းတွဲ ငါးထပ်တိုက် ငါးလုံးကို တန်ဖိုးနည်းပြည်သူ့အငှားအိမ်ရာအဖြစ် ငှားရမ်းဆောင်ရွက်သွားမည်



**တောင်ကြီး နိုဝင်ဘာ ၈**

ရှမ်းပြည်နယ် မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနက ကြီးကြပ်ဆောင်ရွက်လျက်ရှိသော တောင်ကြီးမြို့နယ် အေးသာယာမြို့ရှိ လေးခန်းတွဲ၊ ငါးထပ်တိုက် ငါးလုံး စုစုပေါင်းအခန်း ၁၀၀ ကို တန်ဖိုးနည်းပြည်သူ့အငှား အိမ်ရာအဖြစ် ငှားရမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှမ်းပြည်နယ် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးထွန်းအောင်ကျော်က ပြောပြ၍ သိရသည်။

အေးသာယာမြို့ရှိ ပြည်သူ့အငှားအိမ်ရာတွင် နေထိုင်လိုသော ပြည်သူများအနေဖြင့် လျှောက်လွှာများကို နိုဝင်ဘာ ၁၅ ရက်နောက်ဆုံးထားလျှောက်ထားနိုင်ပြီး အဆိုပါပြည်သူ့အငှားအိမ်ရာကို ကုမ္ပဏီဝန်ထမ်းများ၊ လက်လုပ်လက်စားသမားများ၊ ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်နေသူများ၊ အငြိမ်းစားအစိုးရဝန်ထမ်းများ အပါအဝင် မည်သူမဆို လျှောက်ထားနိုင်သည့်အပြင် အငြိမ်းစားယူခါနီး ဝန်ထမ်းများလည်း လျှောက်ထားနိုင်ကြောင်း သိရသည်။

"ပထမအဆင့်အနေနဲ့ အေးသာယာမှာ လေးခန်းတွဲ၊ ငါးထပ်တိုက် ၁၅ လုံး စုစုပေါင်းအခန်း ၃၀၀ ကို ဝန်ထမ်းအိမ်ရာအဖြစ် ဆောင်ရွက်ခဲ့ပါတယ်။ ဒုတိယအဆင့်အနေနဲ့ လေးခန်းတွဲ၊ ငါးထပ်တိုက် ငါးလုံး စုစုပေါင်းအခန်း ၁၀၀ ကို ပြည်သူ့အငှားအိမ်ရာအဖြစ် ဆောင်ရွက်သွားပါမယ်။ အဲဒီလို အငှားချထားတာကို ရှမ်းပြည်နယ် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနကနေ ကြီးကြပ်ဆောင်ရွက်သွားပါမယ်။ အခုအခါမှာ လျှောက်လွှာတွေကို တစ်စောင်ငွေကျပ် ၁၀၀၀ နှုန်းနဲ့စတင်ရောင်းချပေးနေပြီဖြစ်ပါတယ်"ဟု ရှမ်းပြည်နယ် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးထွန်းအောင်ကျော်က ပြောပြသည်။

လက်ရှိတွင် လျှောက်လွှာ ၂၀၀ ကျော် ရောင်းချထားပြီးဖြစ်ကာ အဆိုပါလျှောက်လွှာများကို နိုဝင်ဘာ ၁၅ ရက် နောက်ဆုံးထား၍ ရှမ်းပြည်နယ် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသို့ ပြန်လည်ပေးပို့လျှောက်ထားရမည်ဖြစ်ကြောင်း၊ အဆိုပါတန်ဖိုးနည်း ပြည်သူ့အငှားအိမ်ရာတွင် တောင်ကြီးမြို့၊ အေးသာယာမြို့နှင့် ညောင်ရွှေမြို့ အနီးဝန်းကျင်ဒေသများတွင် အခြေချနေထိုင်ပြီး အိမ်ပိုင်မရှိသူများကို ဦးစားပေးကာ ငှားရမ်းနေထိုင်ခွင့်ပြုသွားမည်ဖြစ်ကြောင်း၊ ထိုအငှားအိမ်ရာရှိ တိုက်ခန်းတစ်ခန်းတွင် အိပ်ခန်းနှစ်ခန်း၊ ဧည့်ခန်း၊ မီးဖိုခန်း၊ ရေချိုးခန်း၊ အိမ်သာနှင့် ရေ၊ မီး အပြည့်အစုံပါဝင်ပြီး အကျယ်အဝန်းအားဖြင့် စတုရန်းပေ ၆၅၀ ရှိကာ တိုက်ခန်းငှားရမ်းခအဖြစ် တစ်လလျှင် ငွေကျပ် ၃၀၀၀၀ နှင့် ၅၀၀၀၀ ကြား သတ်မှတ်ကောက်ခံသွားမည်ဖြစ်ကြောင်း ဦးထွန်းအောင်ကျော်က ဆက်လက်ပြောပြ၍ သိရသည်။ **မိုးယံ(ဥက္ကလာ)**

# မိုင်းလားမြို့နယ် တာပင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မိုင်းလား နိုဝင်ဘာ ၈**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းလားခရိုင် မိုင်းလားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ဖြင့် တာပင်းကျေးရွာအုပ်စု တာပင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းလားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်ညီညီ၊ စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ တာပင်းကျေးရွာ၌ အရှည် ပေ ၄၅၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ကျေးရွာသူ၊ ကျေးရွာသားများက ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့သည်။

တာပင်းကျေးရွာ၌ အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် ၁၀ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၅ ဒသမ ၂၉၃ သန်းကို အသုံးပြုပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇူလိုင်လပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးဖြစ်၍ ကျေးရွာရှိ အိမ်ခြေ ၃၃ အိမ်၊ လူဦးရေ ၁၄၂ ဦးတို့ ရာသီမရွေး သွားလာနိုင်ပြီဖြစ်ကြောင်း မိုင်းလားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **ချိုသန်းညွန့်**

**စာပေမြင့်မှ လူမျိုးတင့်မည်**






အင်္ဂလန်နိုင်ငံ International Brewing Awards၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards၊
ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များရရှိခဲ့သော
ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .




# ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ

ပင်ရင်းအရောင်းဌာန - ဖုန်း- ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉

STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင်
နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော

အာရေးဗီးကား ကော်ဖီစေ့စစ်စစ်ကိုသာအသုံးပြုထားကြောင်း အာမခံပါသည်။

ပြင်ဦးလွင်

# နန်းမြိုင်ကော်ဖီ

ပင်ရင်းအရောင်းဌာန -ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁

KHA YAE PIN MART- မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄

STARMART Nay Pyi Taw
ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇




## အမည်မှန်

ပြည်ကြီးတံခွန်မြို့နယ်၊ ရပ်ကွက်(က)နေ ဦးရဲခေါင်ထွန်း- ဒေါ်နန်းထွေးရင် တို့၏သမီး မနှင်းရီရွှယ်အောင် ၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မသွန်းဆက်နန္ဒာထွန်း ဖြစ်ပါကြောင်း။ **မသွန်းဆက်နန္ဒာထွန်း**

## ပျောက်ဆုံးကြောင်း

ပုသိမ်မြို့နေ မဖြိုးဖြိုးအိ (ဘ) ဦးတင်ရွှေ (၁၄/ပသန(နိုင်)၂၅၀၂၅၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**၀၉-၄၂၇၉၈၅၃၉**

## ပျောက်ဆုံးကြောင်း

ကန်ကြီးထောင့်မြို့နေ စောရှေ့ဘတ် (ဘ) စောဘဲပေ(၁၄/ကကထ(နိုင်)၁၉၀၄၇၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**၀၉-၄၄၁၆၂၀၉၅၅**

## ပျောက်ဆုံးကြောင်း

ဝါးခယ်မမြို့နေ တူးတူးနိုင် (ဘ) ဦးသန်းမြင့် (၁၄/ ဝခမ(နိုင်)၁၇၂၇၇၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**၀၉-၂၆၉၇၂၃၃၀၃**

## ပျောက်ဆုံးကြောင်း

ကျုံပျော်မြို့နေ ကျော်နိုင်အောင် (ဘ) ဦးကြည်ဝင်း (၁၄/ကပန(နိုင်) ၁၆၀၄၇၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**၀၉-၇၇၄၀၄၄၄၂၁**

## ပျောက်ဆုံးကြောင်း

ငပုတောမြို့နေ စောဘဘဘလူမူး (ဘ) စောမူကြီး (၁၄/ငပတ(နိုင်)၂၀၀၉၅၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**၀၉-၇၅၆၄၆၅၄၇၈**

## ပျောက်ဆုံးကြောင်း

နွားထိုးကြီးမြို့နယ်နေ ဥဇ္ဇနီလှိုင် (ဘ) ဦးလှိုင် (၉/နထက(နိုင်)၁၅၆၀၆၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**၀၉-၂၅၆၁၁၅၂၄၃**

## ပျောက်ဆုံးကြောင်း

မိုင်းရှူးမြို့နေ ဒေါ်စန်းစန်းခင်(ဘ) ဦးအိုက်ဆန် (၉/မမန(နိုင်)၀၂၉၁၀၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**၀၉-၂၅၆၁၁၅၂၄၃**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း။ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသုခနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)။ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့်အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

၃။ လူမှုရေး

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။


(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

❖ မြေပေါ်မြေအောက် သယံဇာတပစ္စည်းများကိုလည်း ကုန်ကြမ်းအတိုင်း ရောင်းချခြင်းမဟုတ်ဘဲ ကုန်ချောပစ္စည်းများအဖြစ် ထုတ်ကုန်များ ထုတ်လုပ်၍ တင်ပို့ရောင်းချပြီး အကျိုးရှိရှိ အသုံးချနိုင်ရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဩဂုတ် ၁၆ ရက်တွင် ကျင်းပပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၇/၂၀၂၂)တွင် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

# WTA Finals တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ဘီလာရုစ်တင်းနစ်မယ် ဆာဘာလင်ကာကို အနိုင်ရရှိပြီး ပြင်သစ်တင်းနစ်မယ် ဂါစီယာ ချန်ပီယံဆုဆွတ်ခူး




**ဝါရှင်တန် နိုဝင်ဘာ ၈**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်တွင် ကျင်းပခဲ့သည့် WTA Finals တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ပြင်သစ်တင်းနစ်မယ် ဂါစီယာနှင့် ဘီလာရုစ်တင်းနစ်မယ် ဆာဘာလင်ကာတို့ ယှဉ်ပြိုင်ကစားကြရာ ဂါစီယာက (၇-၆၊ ၆-၃)ရလဒ်ဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း France24 သတင်းဌာနက ယနေ့ ဖော်ပြခဲ့သည်။

ဂါစီယာနှင့် ဆာဘာလင်ကာတို့ယှဉ်ပြိုင်ကစားခဲ့သည့် အဆိုပါပွဲစဉ်သည် အကြိတ်အနယ်ရှိသကဲ့သို့ ပထမပွဲငယ်တွင် tie-breakအဆင့်ထိ ကစားခဲ့ရကာ နှစ်ဦးစလုံးအကောင်းဆုံးပုံစံရရှိခဲ့ကြပြီး

စာမျက်နှာ ၁၆ ကော်လံ ၁

## နိုဝင်ဘာ ၈ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၇၃ ဦးတွေ့ရှိပြီး ယနေ့ တစ်ဦး သေဆုံး

စာမျက်နှာ - ၁၉

## လေဖိအားနည်း ရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

**နေပြည်တော် နိုဝင်ဘာ ၈**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာတို့တွင် နောက် ၄၈ နာရီအတွင်း လေဖိအားနည်းရပ်ဝန်း (Low Pressure Area) တစ်ခုဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။ (မိုး/ဇလ)

## တောင်ကြီးမြို့နယ် အေးသာယာမြို့ရှိ လေးခန်းတွဲငါးထပ်တိုက် ငါးလုံးကို တန်ဖိုးနည်းပြည်သူ့အငှားအိမ်ရာအဖြစ် ငှားရမ်းဆောင်ရွက်သွားမည်

စာမျက်နှာ - ၃၀



ကမ္ဘာ့ကျန်းမာရေးလောကရှုခင်း

## ဆေးလိပ်နှင့် ဆေးရွက်ကြီး၏ လူသိနည်းသော နောက်ကွယ်မှ ဆုံးရှုံးမှုများ

ဆောင်းပါး စာမျက်နှာ - ၁၀

## ရုရှားနျူကလီးယားရေငုပ်သင်္ဘောက Bulava ပဲ့ထိန်းဒုံးကျည်ကို အောင်မြင်စွာ စမ်းသပ်ပစ်ခတ်နိုင်ခဲ့

ဆောင်းပါး စာမျက်နှာ - ၁၄

## ယခုဘဏ္ဍာနှစ် အောက်တိုဘာလကုန်ထိ ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၁၀၁၈၁ ဒသမ ၄၀၂ သန်းဖိုး ပို့မိဆောင်ရွက်နိုင်ခဲ့

စာမျက်နှာ - ၂၇

